www.burmeseclassic.com

အောင်ခင်စိုး

# အက်ဂါကေစီ

နှင့်

# တမလွန်ဖြစ်ရပ်ဆန်းများ

GINA CERMINARA

BY

MANY MANSIONS



www.burmeseclassic.com

ပဉ္စ ဂုဏာံ အပယံ ဝန္ဒာမိ

## အောင်ခင်မိုး - အက်ဂါကေဇီနှင့် တမလွန်ဖြစ်ရပ်ဆန်းများ


| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၉၆၀ / ၂၀၀၄ (၁၁) |
| စာမူခွင့်ပြုချက်အမှတ် | - | ၇၀၄ / ၂၀၀၄ (၈) |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊<br>၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၆၅၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်မြင့်မြင့်တင်<br>(မြင့်သီရိပုံနှိပ်တိုက်)<br>အမှတ် (၂၀၈)၊ လမ်း -၃၀၊<br>ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ)<br>အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)<br>အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - | နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | | ထွန်းဦးစာပေ (မန္တလေး) |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# အောင်ခင်မိုး

# အာကာဂါ ကေစီနှင့် တမလွန် ဖြစ်ရပ်ဆန်းများ

**GINA CERMINARA**
**by**
**MANY MANSIONS**

မြို့တော်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(နိဒါန်း)

စိတ်နယ်လွန်ဖြစ်ရပ်များ အမှန်ပင်ရှိကြောင်းကို ဒေါက်တာ ဂျီနာစာမီနရာ (GINA CERMINARA) ဆိုသူ စိတ်ပညာပါရဂူ အမျိုးသမီးသည် သူမ၏ "Many Mansions" အမည်ဖြင့် ရေးသားသော စာအုပ်၌ ကြောင်းကျိုးညီညွတ်စွာ သဘာဝကျကျ တင်ပြထားပါသည်။

အထူးသဖြင့် လူတို့၏ အတိတ်ဘဝ အကြောင်းရပ်များကို ထူးခြားသော သဘာဝလွန်မြင်သိစိတ်ဖြင့် ကြည့်မြင်ဖော်ပြသားသော "ကေစီ" ဆိုသူ အမေရိကန်သားတစ်ယောက်၏ အမြင်ပေါက်၊ ဘဝဟောစာတမ်းများကို အခြေခံ၍ တမလွန်ဘဝနှင့် ကံတရားတို့၏ စစ်မှန်ပုံကို ကြောင်းကျိုးဆင်ခြင်တုံပညာနှင့် စိတ်ပညာနည်းစနစ်တို့ကို အသုံးပြု၍ စိတ်ဝင်စားဘွယ်ရာ တင်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (နိဒါန်း)

စိတ်နယ်လွန်ဖြစ်ရပ်များ အမှန်ပင်ရှိကြောင်းကို ဒေါက်တာ ဂီနာစာမိနရာ (GINA CERMINARA) ဆိုသူ စိတ်ပညာပါရဂူ အမျိုးသမီးသည် သူမ၏ "Many Mansions" အမည်ဖြင့် ရေးသားသော စာအုပ်၌ ကြောင်းကျိုးညီညွတ်စွာ သဘာဝကျကျ တင်ပြထားပါသည်။

အထူးသဖြင့် လူတို့၏ အတိတ်ဘဝ အကြောင်းရပ်များကို ထူးခြားသော သဘာဝလွန်မြင်သိစိတ်ဖြင့် ကြည့်မြင်ဖော်ပြထားသော "ကေစီ" ဆိုသူ အမေရိကန်သားတစ်ယောက်၏ အမြင်ပေါ်က၊ ဘဝဟောစာတမ်းများကို အခြေခံ၍ တမလွန်ဘဝနှင့် ကံတရားတို့၏ စစ်မှန်ပုံကို ကြောင်းကျိုးဆင်ခြင်တုံပညာနှင့် စိတ်ပညာနည်းစနစ်တို့ကို အသုံးပြု၍ စိတ်ဝင်စားဘွယ်ရာ တင်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံနှင့် တမလွန်သဘောတရားကို ဉာဏ်မီသမျှသုံးသပ်၍ ဒေါက်တာဂီနာစာမိနရာ( Gina Cerminara)၏ ဝေဖန်တင်ပြချက်များ လေးနက်၍ အကွက်စေ့လှ၏။ကံအကြောင်းတရားမျိုးလည်း စုံလှသည်။ သူမ မြင်သောရှုထောင့်မှ၊ သူမ သဘောပေါက်နားလည်သည့်အတိုင်း သူ့နည်းသူ့ဟန်ဖြင့် တင်ပြထားပုံမှာ စိတ်ဝင်စားဘွယ်ကောင်းသလောက် ဖတ်၍လည်း ကောင်းနေလေသည်။

အတိတ်ဘဝအကြောင်းများကို အမှတ်မထင်ပြောမိသော မစ္စတာကေစီသည် လူတို့၏အတိတ်ဘဝကို သိမြင်နိုင်သော စွမ်းရည်ထူးကို သူမ မည်ကဲ့သို့ရလာသည်ကို သူကိုယ်တိုင်ပင် မသိပေ။

ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်သော သူ၏အယူအဆရှုမှု အတိတ်ဘဝ၊အနာဂတ်ဘဝဆိုသည်မှာ မရှိပေ။ထို့ကြောင့် အတိတ်ဘဝအကြောင်းများကို သူနှုတ်မှ အမှတ်မထင်ပြောဆိုမိသောအခါ လက်ဦးတွင် သူကိုးကွယ်သော ဘာသာတရားနှင့် ဆန့်ကျင်နေလေပြီလားဟု များစွာ စိတ်အနှောင့်အယှက် ဖြစ်လိုက်ရသေးသည်။

မစ္စတာကေစီ၏ စိတ်နယ်လွန်ဟောစာတမ်းများကို နှိုက်ချွတ်ဝေဖန်၍ အတိတ်ဘဝ ရှိကြောင်းကို တင်ပြလာသော ဒေါက်တာဂီနာစာမိနရာ ကိုယ်တိုင်လည်း ယင်းအချက်၌ အခက်တွေ့ရတော့၏။စာပေ ဗဟုသုတကြွယ်ဝ၍ အတွေးအခေါ်အယူ

www.burmeseclassic.com



အဆ၊ ကျွမ်းကျင်လှသော ဒေါက်တာသည် သာကေ ယုတ္တိ သဘာဝများ ပြ၍ ခက်ခက်ခဲခဲနှင့် အကျဉ်းအကျယ်မှ ရုန်းထွက်ခဲ့ရပါသည်။

ဒေါက်တာ ဂီနာစာမီနရာ၏ Many Mansions စာအုပ်ကို ၁၉၅၀ခုနှစ်မှ စတင် ထုတ်ဝေရာ ၁၉၆၂ခုနှစ် (၁၂)နှစ်တာကာလ အတွင်း (၁၃) ကြိမ်မျှ ပုံနှိပ်ထုတ်ဝေခဲ့ရ၏။

လူကြိုက်များ၍ ကျော်ကြားလှသော ထိုစာအုပ်ကြောင့်ပင် ကမ္ဘာကျော် ဘရိုက်ဒီမာဖီ (Bridey Murphy) အရေးတော်ပုံသည် အမေရိကန်ပြည်၌ ၁၉၅၆ခုနှစ်တွင် ပေါ်ပေါက်ခဲ့ရသည်။

အမေရိကန်ပြည် ကော်လိုရာဒိုပြည်နယ် (Colorado) ပြည်နယ်၊ပွေဗလို Pueblo မြို့မှ ကြွယ်ဝသောလူငယ်ကုန်သည် တစ်ဦးဖြစ်သလို စိတ်ညှို့ပညာကို ဝါသနာအလျောက် လေ့လာလိုက်စားနေသူလည်း ဖြစ်သော၊ မော်လူးဗန်းစတိန်း Morey Bernstein ဆိုသူသည် ထိုစာအုပ်၌ တမလွန်ဘဝ အမှန်ရှိကြောင်း ရေးသားတင်ပြထားသည်ကို ဖတ်ရသောအခါ၊ ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်သည့်အလျောက် မဟုတ်မမှန် လုပ်ကြံရေးသားထားသည်ဟု ထင်မှတ်ကာ မခံမရပ်နိုင်ဖြစ်ပြီး အလိမ်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ဗာလီနီယာဘိ(ချ်)သို့ ထွက်လာခဲ့လေသည်။

ထိုအချိန်တွင် မစ္စတာအက်ဂါကေစီ ကွယ်လွန်သည်မှာ (၁၁)နှစ်ခန့် ရှိပေပြီ။ သူ၏သား ဟူး(ဂ်)လင်းကေစီက ဗန်းစတိန်းအား ကေစီမှတ်တမ်းများနှင့် ဟောစာတမ်းများကိုထုတ်ပြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဇန်းစတိန်းသည် စာရွက်စာတမ်းများကို သေသေချာချာ ကြည့်ရှုစစ်ဆေး၍ ဟောစာတမ်းများနှင့် သက်ဆိုင်သည်များကိုလည်း သူကိုယ်တိုင် တွေ့ဆုံမေးမြန်းပြီးနောက် လုပ်ကြံရေးသားထားခြင်း မဟုတ်ကြောင်း အတိအကျ သိရှိရသဖြင့် ကျေနပ်စွာနှင့် ပွေဗလိုသို့ ပြန်သွားတော့၏။

ပွေဗလိုသို့ ပြန်ရောက်သောအခါ သူကိုယ်တိုင်စမ်းသပ်ကြည့်လိုသဖြင့် အမျိုးသမီးတစ်ဦးကို စိတ်ညို့အိပ်မွေ့ချပြီးလျှင် သူ၏ အတိတ်ဘဝကို ပြောပြရန် ညွှန်ကြားချက်ပေးလိုက်၏။

ထိုအမျိုးသမီးက သူသည် ၁၉ ရာစုအတွင်းက အိုင်ယာလန်ပြည်၌ လူဖြစ်ခဲ့ကြောင်း သူ့အမည်မှာ ဘရိုက်ဒီမာဖီ (Bridey Murphy)ဖြစ်ကြောင်းမှစ၍ သူ၏အတိတ်ကို ခရေစေ့တွင်းကျ အသေးစိတ်ပြောပြတော့သည်။

ထိုအမျိုးသမီးပြောသမျှကို အတိတ်ဟု မှတ်သားထားပြီး အချိန်ယူ၍ အိုင်ယာလန်အထိ သွားရောက်စုံစမ်းလေ့လာသောအခါ အသေးအဖွဲမှအစ၊ အားလုံးမှန်ကန်နေသည်ကို တွေ့ရသဖြင့် "The Search For Bridey Murphy" စာအုပ်ကို ရေးသားထုတ်ဝေလိုက်၏။

ထိုစာအုပ်ထွက်လာသောအခါ အမေရိကန်ပြည် ဘာသာရေး၊ လောကတစ်ခုလုံး အုံကြွလာကာ ကျေနပ်သူများက ညီးဘာသေးကြသလို၊ မကျေနပ်သူများက ပြစ်တင်ရှုတ်ချကြတော့သည်။ အချို့ကမူ လုပ်ကြံအကွက်ချ၍ ရေးသားထားသည်ဟု ထင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘရိုင်ယန်ဒီမာဖီ၏ အတိတ်ဘဝဇာတ်ကြောင်းအမှန်ကို ဖွေကုန်ကြေးကျခံ၍ပင် ချေဖျက်ရန်ကြိုးစားခဲ့ကြလေသည်။

သို့သော် အမှန်တရားသည် ချေဖျက်၍ ရစကောင်းသော အရာများ မဟုတ်ပေ။ မကျေနပ်သူတို့ အုံကြွလာလေလေ၊ စာအုပ်က တွင်ကျယ်လာလေလေဖြစ်ရာ စာအုပ်စတင်ထွက်ပြီး (၅)လအတွင်း (၁၀) ကြိမ်မျှ ပြန်လည် ရိုက်နှိပ်ထုတ်ဝေပေးရ၏။ အမေရိကန်ပြည်ရှိ သတင်းစာ (၅၁)စောင်က စာအုပ်ပါ အကြောင်းအရာများကို အခန်းဆက်အဖြစ် နေ့စဉ်ထည့်သွင်းဖော်ပြပေးကြလေသည်။ ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီကြီးက စာမူကို ဝယ်ယူ၍ သတင်းမှတ်တမ်း ရုပ်ရှင်နှင့် ရိုက်ကူးလိုက်၏။ ဟော်လန်၊ပြင်သစ်၊အီတလီ၊ဒိန်းမတ်၊ဆွီဒင်၊စပိန်၊ဖင်လန် နိုင်ငံများအတွက် ဘာသာပြန်၍ ထုတ်ဝေပေးရသည်။

ယင်း ဘရိုင်ဒီမာဖီ အရေးတော်ပုံကား ယခုစာရေးသူ "တမလွန်မှ ဖြစ်ရပ်ဆန်းများ" အမည်ဖြင့် ဘာသာပြန်ဆိုထားသော Many Mansions စာအုပ်မှ မြစ်ဖျားခံသွားရခြင်း ဖြစ်ပါသည်။

သို့ဆိုလျှင်ပင် မူရင်းစာအုပ်နှင့် စာရေးသူ၏ အဆင့်အတန်းကို ခန့်မှန်းကြည့်နိုင်ပါပြီ။

မူရင်းအင်္ဂလိပ်စာအုပ်ကို ရေးသားထားသော ဒေါက်တာ ဂီနာစာမီနရာသည် အနောက်တိုင်းစာပေနှင့် သမိုင်းတွင် ထင်ရှား၍ လူသိများသော ပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များကို နာမည်ရှိသော ဖော်ပြ၍ စာအုပ်၌ ကိုးကားဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်၌ ဒေါက်တာဂီနာစာမိနရာ ယူဆသော ကံတရားသည် ဗုဒ္ဓဝါဒ၏ ကံတရားနှင့် နီးစပ်သော်လည်း သူမ၏ တမလွန်ဘဝ၏ အယူအဆမှာမူ ဝိညာဉ် Soul အစွဲ အတ္တအစွဲ ထင်းလင်းရှိနေသော နယ်ပင်အတွင်းမှ တွေးခေါ်ယူဆ ခြင်းဖြစ်၍ ဗုဒ္ဓဝါဒ၏ တမလွန်ဘဝနှင့် ခြားနားနေသေးကြောင်း ကိုမူ သတိပြုဆင်ခြင်ရမည့်အချက် ဖြစ်ပါသည်။

' အကယ်၍သာ ဒေါက်တာဂီနာစာမိနရာသည် ဗုဒ္ဓဝါဒီ စစ်စစ်တစ်ဦးဖြစ်ခဲ့ပါမူ ကေစီမှတ်တမ်းများကို ဗုဒ္ဓဘာသာ ရှုထောင့်မှ ရှုမြင်သုံးသပ်နိုင်မည်ဖြစ်ရာ အတ္တ= ဝိညာဉ် မပါသော ရုပ်၊နာမ် သက်သက် ဖြစ်ပျက်အစဉ်မျှသာ ဖြစ်သည်။ တမလွန် ဘဝကို မှန်ကန်စွာ တွေးခေါ်၍ တင်ပြနိုင်လိမ့်မည်ဟု ထင်မြင် မိပါသတည်း။

လေးစားစွာဖြင့်

(အောင်ခင်စိုး)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## သိပ္ပံပညာရှင်များနှင့် သဘာဝလွန်

## မြင်သိစိတ်

(၂၀)ရာစုခေတ်လွန် သိပ္ပံကိရိယာများသည် ကျွန်ုပ်တို့ ဝတ်လည်တွင် ယုံကြည်နိုင်စရာမရှိသော မမြင်ရသော်လည်း၊ ကြီးမားကျယ်ပြန့်လှသည့် ဒြပ်နှင့်စွမ်းအင်လောကကြီး တည်ရှိနေသည်ကို ထုတ်ဖော်ပြသလိုက်သည့် အချက်များသည် ဖြစ်နိုင်ဘွယ်ရှိကြောင်းကို ကျွန်ုပ်တို့ မစဉ်းစားပဲနေ၍ မဖြစ်တော့ပေ။

လူ့သမိုင်းကို ပြန်၍ကြည့်လျှင် အချို့သောအရာများကို ကြားနိုင်မြင်နိုင်စွမ်းရှိသော ဆန်းကြယ်သည့် စိတ်နယ်လွန်အာရုံသိစိတ်များ အမှန်တကယ်ရှိကြောင်းကို ကျွန်ုပ်တို့တွေ့နိုင်ပေသည်။ ဆွီဒင်နိုင်ငံသား (၁၈) ရာစုနှစ် သချာသိပ္ပံပညာရှင်နှင့် တွေးခေါ်ရေး ပညာရှင် ဆွီဒင်းဘော့ (E.swed emborg)တွင် ထိုစိတ်နယ်လွန်အာရုံ သိစိတ်များရှိကြောင်းကို သူ၏ အတ္ထုပ္ပတ္တိကို ရေးသားသူများက ဖော်ပြခဲ့ကြ၏။ သူ၏ စိတ်နယ်လွန် အာရုံသိစိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော ဖြစ်ရပ်တစ်ခုမှာ (၁၈) ရာစုနှစ် ဂျာမန်တွေးခေါ်ရေး ပညာရှင်နှင့် သဘာဝတ္တ ပညာရှင်ကြီး အင်မဲညွှယက်ကန် (Immanuelkant) အပါအဝင်ဖြစ်သော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကပင် သက်သေခံကြသဖြင့် ကမ္ဘာကျော်အောင် ထင်ရှားခဲ့ပါသည်။

တစ်နေ့သော ညနေ (၆)နာရီ အချိန်တွင် ဆွီဒင်းဘော့သည် ဆွီဒင်ပြည် ဂိုးသင်းဘတ်မြို့ (Go Thenburg) တွင် သူ့မိတ်ဆွေများနှင့်အတူ ညစာစားနေကြ၏။ ထိုအခိုက် သူသည် ရုတ်တရက် စိတ်လှုပ်ရှားလာကာ စတော့ဟုမ်းမြို့ (Stock holm) တွင် ကြောက်စရာကောင်းသော မီးကြီးလောင်နေကြောင်း အထိတ်တလန့် ပြောဆိုလိုက်သည်။ စတော့ဟုမ်းမြို့မှာ ဆွီဒင်းဘော့၏ ဇာတိမြို့ဖြစ်၍ ဂိုသင်းဘတ်နှင့် မိုင်ပေါင်း (၃၀၀) မျှကွာဝေးသည်။ ခဏကြာသော် မီးမှာ သူ့အိမ်နှင့် မလှမ်းမကမ်းရှိ အိမ်ကိုလောင်နေပြီး၊ သူ့အိမ်ကိုလည်း ကူးတော့မလိုလို ဖြစ်နေကြောင်းကို ပြောနေပြန်၏။ (၈)နာရီအချိန်တွင်မူ သူသည် သက်မကြီးချလိုက်ကာ သူ့အိမ်နှင့် နှစ်အိမ်ကျော်မှာပင် မီးငြိမ်းသွားပြီ ဖြစ်ကြောင်း အခိုင်အမာ ပြောပြလေသည်။

နောက်နှစ်ရက်ကြာသောအခါ ဆွီဒင်းဘော့၏ စိတ်အာရုံတွင် မီးလောင်မှုထင်မြင်လာသော (၆)နာရီအချိန်မှာပင် မီးစတင်လောင်ကျွမ်းကြောင်းမှစ၍ ဆွီဒင်းဘော့ ပြောပြချက်အားလုံး မှန်ကန်ကြောင်းကို စစ်ဆေးတွေ့ရှိကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆွီဒင်းဘော့၏ အဖြစ်အပျက်သည် သမိုင်းနှင့် အတ္ထုပ္ပတ္တိများတွင် တွေ့ရသော အလားတူ အဖြစ်အပျက်ရာပေါင်းများစွာအနက်မှ တစ်ခုမျှသာ ဖြစ်၏။ (၁၉) ရာစုနှစ်ကုန်ပိုင်းတွင် ပေါ်ထွက်လာသော အမေရိကန်ဟာသစာရေးဆရာကြီး မက်တွိန်း (Mark Twain) အမေရိကန် ကျွန်စနစ်ကို ဖျက်သိမ်းခဲ့သူ (၁၆) ဆက်မြောက် အမေရိကန်သမ္မတ အေဗရာဟင်လင်ကွန်း (Abaraham Lincoln) (၁၉) ရာစုတွင် ထင်ရှားခဲ့သော ပြင်သစ် ဂီတစာဆို စန့်ဆား(န်) (Saint-Saen) တို့သည်လည်း မိမိတို့ စိတ်အာရုံတွင် ရုတ်တရက်ထင်ပေါ်လာသော အဝေးမှ အဖြစ်အပျက်များကို နေ့၊ရက်၊နာရီ၊မိနစ်နှင့်တကွ တိတိကျကျ အသေးစိတ် ပြောပြနိုင်ကြသူများ ဖြစ်ပါသည်။

ဆွီဒင်းဘော့၏ စိတ်နယ်လွန် မြင်နိုင်စွမ်းရည်မှာ နောက်ပိုင်းတွင် ပို၍အားကောင်းလာကာ ကြာရှည်တည်တံ့သည့် စွမ်းရည်အဖြစ်သို့ ရောက်လာလေသည်။ အချို့အဖြစ်အပျက်များတွင် သူ၏ စိတ်နယ်လွန် မြင်နိုင်စွမ်းရည်မှာ အကျဉ်းအကျပ် အခက်အခဲနှင့် တွေ့ကြုံမှသာ ပေါ်ပေါက်လာသည်ကိုလည်း တွေ့ရ၏။

ကျွန်ုပ်တို့ အနောက်တိုင်းသားများသည် ဤကဲ့သို့သော အဖြစ်ဆန်းများကို ကြားသိရသောအခါ သံသယစိတ်နှင့် စောင်းငဲ့၍ ကြည့်ရုံမျှသာ ကြည့်ခဲ့ကြ၏။ ယင်းအဖြစ်ဆန်းများ မှန်ကန်ကြောင်း သက်သေအထောက်အထား မည်မျှပင်ခိုင်လုံစေ သည်ဖြစ်စေ၊ မည်သည့် ဂုဏ်သရေရှိ ပညာရှင်ကြီးများက


www.burmeseclassic.com

www.burmeseclassic.com

သက်သေ ခံနေကြသည်ဖြစ်စေ မျက်ခုံးကိုပင့်၍ ပခုံးကိုတွန့် လိုက်ကာ....။

"ဒါက တိုက်ဆိုင်မှုပါ"

"အင်း...စိတ်ဝင်စားစရာ ကောင်းသားပဲ"

ဟူသော စကားများဖြင့် ကရုမစိုက်သလို အမှတ်မထင် နေလိုက်ကြ၏။

သို့သော် ယင်းအဖြစ်မှန်တို့ကို ပေါ့ပေါ့တန်တန် သဘော ထား၍ မရတော့သည့်အချိန်ကား ကျရောက်လာခဲ့ပြီ ဖြစ်ပါသည်။

ရှင်းပြ၍မရနိုင်သော အဖြစ်အပျက်များထဲမှ အဖိုးတန်တွေ့ ရှိချက်များ ရနိုင်သည်ကို ယုံကြည်ကာ နား၊မျက်စိကို အမြဲတစေ ဖွင့်ထားကြသော သုတေသီများနှင့် ယနေ့ခေတ်အခါတွင် မုချ လိုအပ်သည့်အရာများနှင့် သိပ္ပံနည်းကျ အယူအဆများ အရေးပါပုံကို သိရှိထားကြသော အမြင်ကျယ်သူများ အတွက်မှာ လူသားတို့၏ မီးခဲပြာဖုံး ဖြစ်နေသော ဆန်းကြယ်သည့်စွမ်းရည် နှင့် ပတ်သက်သည့် ယင်းအကြောင်းအချက်များသည် စိတ်ဝင် စားစရာ ကောင်းသလို အစိပ္ပါယ်လည်း ရှိနေလေသည်။

အချို့သော အမြော်အမြင်ကြီးမားသည့် သိပ္ပံပညာရှင်ကြီး များသည် အာရုံငါးပါး သိစိတ်ဖြင့် လက်လှမ်းမမီသော၊တနည်း ဆိုသော် လူသား၏ သာမန်အာရုံသိစိတ်ဖြင့် မသိနိုင်သော

www.burmeseclassic.com

အရာများကို စနစ်တကျ ဓာတ်ခွဲစမ်းသပ်သင့်သည်ဟု ယူဆကြပြီး၊ စမ်းသပ်မှုအချို့ကို ပြုလုပ်ခဲ့ကြ၏။ အမေရိကန်ပြည်ထောင်စု ဂျူ တက္ကသိုလ်မှ သိပ္ပံပညာရှင် ဒေါက်တာ ဂျေဘီရိုင်း (Dr. J.B Rhine of Duke University) သည်၊ သူ၏ လုပ်ဖော်ကိုင်ဘက်များနှင့်အတူ၊ လူတို့၏ တယ်လီပသီ (Telepathy) နှင့် ဒိဗ္ဗစက္ခု (Clair voyance) စွမ်းရည်တို့ကို (သို့မဟုတ်) စိတ်ချင်း ဆက်သွယ်နားလည်မှုနှင့် စိတ်နယ်လွန်မြင်နိုင်စွမ်းရည်တို့ကို (၁၉၃၀) ခုနှစ်မှစ၍ ကျယ်ပြန့်စွာ လေ့လာလိုက်စားခဲ့၏။

ထိုသို့လေ့လာရာတွင် သူသည် စေ့စေ့စပ်စပ် ကွပ်ကဲ၍ အထပ်ထပ် လက်တွေ့စမ်းသပ်မှုနှင့် တင်းကျပ်၍ တိကျသော သိပ္ပံနည်းစနစ်တို့ကို အသုံးပြုခဲ့ပါသည်။ သို့နှင့် သူသည် လူများစွာတို့တွင် သာမန်အာရုံသိစိတ်ထက် ထက်မြက်သော တန်ခိုးများရှိကြကြောင်းကို ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် လက်တွေ့ပြသနိုင်ခဲ့လေသည်။

ဒေါက်တာရိုင်း၏ စမ်းသပ်တွေ့ရှိချက်များကို သချ်ာသဘောအရ အကဲဖြတ်ကြည့်သောအခါ အဆိုပါတန်ခိုးသတ္တိများကို မတော်တဆ တိုက်ဆိုင်မှုများဟု ဆို၍ မဖြစ်တော့သည်ကို တွေ့ရှိလာရတော့၏။ ပြင်သစ်မှ ဝါးကော်လီယေး (Warcollier) ရုရှားမှ ကိုတစ်(က) (Kotik) နှင့်၊ ဂျာမဏီမှ တက်ရှနား (Tichner) စသော သိပ္ပံပညာရှင်များကလည်း၊ အလားတူ ဓာတ်ခွဲစမ်းသပ်မှုများကို ပြုလုပ်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည် အချင်းချင်းဆက်သွယ်မှု လုံး၀ (လုံး၀) မရှိကြဘဲ၊ စမ်းသပ်ခဲ့ကြ၏။ နောက်ဆုံး သူတို့အသီးသီး ရရှိကြသော အဖြေအားလုံးမှာ ဒေါက်တာရိုင်း၏ အဖြေနှင့် တစ်ထပ်တည်းပင် ဖြစ်နေလေသည်။

ဤသို့ဖြင့် သိပ္ပံနည်းကျ သက်သေသာဓကများကို ပို၍ စမ်းသပ်တွေ့ရှိလာသည်နှင့်အမျှ တယ်လီပသီနှင့် စိတ်နယ်လွန် မြင်နိုင်စွမ်းရည်တို့အပေါ်၊ အနောက်တိုင်းသားတို့ထားရှိသော သံသယများသည်လည်း တစ်စတစ်စ လွင့်ပါးပျောက်ကွယ်သွားကြသလို၊ ထိုတန်ခိုးစွမ်းရည်များ လူသားတွင် အမှန်ပင်ရှိသည်ဟု ယုံကြည်လက်ခံလာကြတော့၏။

သဘာ၀ ယုတ္တိရှုထောင့်၊ သမိုင်းရှုထောင့်၊ သိပ္ပံပညာရှုထောင့် တို့မှနေ၍ လေ့လာသုံးသပ်ကြည့်လျှင် လူသားများ၏ အကြားအမြင်စွမ်းရည်ကို ပို၍ အားကောင်းလာအောင် တိုးချဲ့ပေးနိုင်ကြောင်းမှာ ယုံကြည်ဖွယ်ရာ အကြောင်းရှိနေပေသည်။

ထိုသို့တိုးချဲ့ပေးနိုင်သည်ဟု ယုံကြည်ခြင်းမှာ သဘာ၀ ယုတ္တိအရ ကြောင်းကျိုးဆီလျော်ပါသည်။

သက်သေခံ အခိုင်အမာရှိသော ဖြစ်ရပ်ပေါင်း မြောက်မြားစွာတို့ တကယ်ဖြစ်ပျက်ခဲ့သည်မှာ သမိုင်းအရ မှန်ကန်မှုပင်ဖြစ်၏။

လူသားတွင် ပကတိအာရုံသိစိတ် ငါးပါးထက် တန်ခိုးထက်သော အသိစိတ်များရှိသည်ဆိုသော အခြေခံသဘောကို



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခွဲခန်း စမ်းသပ်မှုက ထုတ်ဖော်ပေးလိုက်ခြင်းမှာ သိပ္ပံပညာ အရ မှန်ကန်မှုဖြစ်ပေသည်။

သို့သော် စိတ်နယ်လွန် မြင်သိစိတ်ကို ဖြစ်နိုင်စရာရှိသော၊အာရုံသိပုံသိနည်း တစ်ခုအနေဖြင့်သာ ဓာတ်ခွဲခန်းက အတည်ပြုပေးခဲ့သည်။ လက်တွေ့အသုံးချ၍ ရမရကိုမူ စမ်းသပ်မကြည့်ခဲ့ရသေးပေ။ အကယ်၍သာ မျက်စိကိုဖြစ်စေ၊နားကိုဖြစ်စေ မမှီမတွယ်ရပဲ မြင်သိကြားစိတ် ဖြစ်နိုင်ပါမူ တစ်နည်းဆိုသော် အခြားတစ်နေရာရာတွင် ဖြစ်ပျက်နေသည်တို့ကို ရုပ်မြင်သံကြားကြည့်ရသကဲ့သို့ မြင်နိုင်ကြားနိုင်ပါမူ လူသားသည် သူနှင့်သူနေထိုင်ရာ ကမ္ဘာလောကကြီးအကြောင်းကို သိရှိရေးအတွက် အရေးပါလှသော ကိရိယာအသစ်တစ်ခုကို ပိုင်ဆိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

လူသည် ရာစုနှစ်ပေါင်းမြောက်မြားစွာ ကျော်ဖြတ်လာခဲ့ရသဖြင့် ကြီးမားသော အောင်မြင်မှုကြီးများကို ရရှိခဲ့၏။ သူ၏ ခွန်အားနှင့် ကျွမ်းကျင်မှုတို့က အာကာသနှင့် ရုပ်သဝတ္ထုတို့ကို သူ့အလိုကျ ဖန်တီးခြယ်လှယ်နိုင်သည့် စွမ်းရည်ကို သူ့အား ပေးအပ်ခဲ့၏။ သူ့တွင် ခွန်အားနှင့် အသစ်တီထွင်ဖန်တီးနိုင်သည့် စွမ်းရည်များရှိသော်လည်း သူ၏လောကစံကို ခံနိုင်သည့်စွမ်းရည်မှာမူ နနယ်လျက်ပင် ရှိပါသေးသည်။ သူ၏ဗဟိဒ္ဓ အောင်မြင်မှုများမှာ များပြားလှသော်လည်း၊ သူ၏ အသိစိတ်မှာမူ အားအင်ချိနဲ့၍ တွေဝေလျက်ပင် ရှိသေး၏။ သူသည် ယဉ်ကျေးမှုမြင့်ထောင်မှုနှင့် အနုပညာအောင်မြင်မှုများကို ရရှိခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားသည်မှ သေဆုံးသည်အထိ သူ့နောက်သို့ ဂဲစ်ကောက် ကောက်လိုက်နေသော ဒုက္ခတရား၏ အဓိပ္ပါယ်နှင့် ပတ်သက်၍မူ သူ့မှာ ယောင်ဝါးဝါးသာလျှင် ရှိနေသေးသည်။

လူသည် မကြာလှသေးသော အချိန်ကစ၍ အနုမြူ၏ အတွင်းသဘောကို ထိုးထွင်းသိမြင်လာခဲ့၏။ များမကြာမီပင် အသစ်တွေ့ရှိသော အပိုအာရုံအသိစိတ်များ (Extra Sensory Perception )၊ သိစိတ် (Consieious Mind ) နှင့်၊မသိစိတ် (Unconscious Mind)တို့၏ ဆန်းပြားသော ဆက်သွယ်မှုများဖြင့် သူ၏ အဇ္ဈတ္တသန္တာန်ကို ထိုးထွင်းသိမြင်နိုင်မည့်အချိန်မှာ မဝေး တော့ပြီဟု ဆိုနိုင်တန်ရာပေသည်။

နောက်ဆုံးတွင် ရာစုနှစ်ပေါင်းများစွာ ကြာသောအခါ လူသည် ဘဝ၏အခြေခံပြဿနာကြီးများအတွက် သိပ္ပံနည်းကျကျ ကျေနပ်လောက်အောင် အဖြေများကို တွေ့ရှိကောင်းတွေ့ရှိနိုင်ပေလိမ့်မည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## စိတ်နယ်လွန်မြင်နိုင်စွမ်းရည်ရှိသော

## အက်ဂါကေစီ

ဒိဗ္ဗစက္ခုစွမ်းရည်(သို့မဟုတ်) စိတ်နယ်လွန်မြင်နိုင်စွမ်းရည်၏ ဖြစ်နိုင်ခြေရှိသည့် သဘောကို တွေးတောဆင်ခြင်ကြည့်ရသည်မှာ စိတ်ခါတ်တက်ကြွဖွယ်ရာ ကောင်းလှပါသည်။

ထိုစွမ်းရည်မျိုးရှိသူ တစ်ဦးဦးသည် သူ၏စိတ်နယ်လွန်မြင်နိုင်စွမ်းရည်ကို အများအကျိုးအတွက် လက်တွေ့အသုံးချလျက်ရှိကြောင်းနှင့် ပညာရှင်တို့၏ သုတေသနအတွက် အသုံးချလျက်

www.burmeseclassic.com



ရှိကြောင်းကို သိရသောအခါ ထိုထက်ပင်ပို၍ စိတ်တက်ကြွဖွယ်ရာ ကောင်းပေသေးသည်။

ထိုပုဂ္ဂိုလ်မျိုးသည် အမေရိကန်ပြည်ထောင်စု၌ ပေါ်ပေါက်ခဲ့ဘူးပါသည်။ သူ့အမည်ကား.... အက်ဂါကေစီ (Edgar Cayce) ပင်တည်း။

မစ္စတာကေစီမှာ ဗာဂျီနီယာဘိ(ချ်)မှ အံ့ဖွယ်လူသား (The Miracle Man of Virginia Beach) ဟူ၍ပင် နာမည်အတတ်ခံလိုက်ရပါသေးသည်။

စင်စစ်မှာ ကေစီတွင် လူနာတို့ကို ရောဂါပျောက်ကင်းစေနိုင်သော တန်ခိုးမရှိပေ။ သူ၏ အံ့ဩဖွယ်ရာကောင်းသော စိတ်နယ်လွန်မြင်နိုင်စွမ်းရည်ဖြင့် လူနာကိုကြည့်ပြီး ရောဂါဖြစ်ပျက်ပုံနှင့် ကုသနည်းတို့ကို လူနာအား ပြောပြရုံမျှသာ ပြောပြနိုင်ခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် မိုင်ပေါင်းများစွာ ဝေးသောဒေသ၌ရှိသည့် လူနာကိုပင် ဤနည်းဖြင့် ညွှန်ကြားပေးနိုင်ခဲ့၏။ ကေစီညွှန်ကြားသည့်အတိုင်း လိုက်နာကုသကြသော လူနာများမှာ ရောဂါမပျောက်သူဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ သို့သော် သူ၏ အံ့ဩစရာအမြင်သတ္တိမှာ သူ့ကိုယ်သူ အိပ်မွေ့ချသောအခါမှသာ ပေါ်ပေါက်လာလေ့ရှိ၏။

ကေစီ၏ စိတ်နယ်လွန်အမြင်စွမ်းရည်နှင့် ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစရာ ဖြစ်ရပ်များကို ဖော်ပြလိုပေသည်။ အမေရိကန်ပြည် အယ်လဘားမားပြည်နယ် (Alabama)၊ ဆယ်လ်မားမြို့ (Selma)မှ၊ မိန်းကလေးတစ်ယောက်သည် စိတ်ဖောက်ပြန်နေရာ မည်သည့်ဆရာဝန်နှင့်မျှ ကုသ၍မရသည့်အဆုံးတွင် စိတ်ရောဂါကု ဆေးရုံသို့ ပို့ထားလိုက်ရသည်။ ကေစီ၏ သတင်းကိုကြားသိထားသော ထိုမိန်းကလေး၏အစ်ကိုသည် မိန်းကလေးကို ကုသပေးရန် ကေစီအား တောင်းပန်လေသည်။

ကေစီသည် သူ၏ ခုံတန်းလျားပေါ်တွင် ပက်လက်လှန်လိုက်ပြီးလျှင် အသက်ပြင်းပြင်း နှစ်ခါသုံးခါမျှ ရှူလိုက်ကာ သူ့ကိုယ်ကို အိပ်မွေ့ချလိုက်၏။ ထို့နောက် သူ့အဖော်တစ်ယောက်က၊ ကေစီအား မိန်းကလေး၏ ရောဂါဖြစ်ပျက်ပုံကို ပြောပြရန် အမိန့်ပေးလိုက်သည်။ မိနစ်အနည်းငယ်မျှ ကြာသောအခါ အိပ်မွေ့ချထားခံရသော ကေစီသည် မိန်းကလေး၏ ရောဂါ အကြောင်းကို စတင်ပြောတော့၏။ သူပြောပုံမှာ လူနာ၏ကိုယ်ကို မာတ်မှန်ကပ်၍ ကြည့်ပြီးပြောပြနေသည်ထက်ပင် တိကျသေချာလှ၏။

"မိန်းကလေးရဲ့ အံဆုံးဟာ ပိညပ်နေတယ်၊ ဒါကြောင့် အဲဒီသွားဟာ ဦးနှောက်ကလာတဲ့ အာရုံကြောတစ်ခုကို ဖိမိနေတယ်၊ သွားနှုတ်ပစ်လိုက်ရင် အာရုံကြောလွတ်သွားပြီးမိန်းကလေး နဂိုစိတ် ပြန်ဖြစ်သွားပါလိမ့်မယ်"

ရောဂါဖြစ်ပုံကို ပြောပြပြီးနောက် ကေစီ၏အဖော်က



www.burmeseclassic.com

www.burmeseclassic.com



ကေစီကို နှိုးလိုက်သည်။ အက်ဂါကေစီ ထထိုင်လိုက်၏။

လူနာမိန်းကလေး၏ အစ်ကိုသည် သူ့ညီမထံသို့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးကို ပင့်ခေါ်သွားသည်။ ဆရာဝန်သည် ကေစီပြောသည့်နေရာတွင် သွားကို စစ်ဆေးကြည့်သောအခါ ပိညပ်နေသော သွားကိုတွေ့ရ၍ နုတ်ပစ်လိုက်၏။ ထိုအချိန်မှစ၍ မိန်းကလေးမှာ လူကောင်းပကတိ ပြန်ဖြစ်သွားတော့သည်။

ကင်းတပ်ကီပြည်နယ် (Kentucky)မှ ဆရာဝန်တစ်ဦး၏ သားကလေးဖြစ်ရပ်မှာလည်း အံ့ဩဖွယ်ရာပင် ဖြစ်၏။

ထိုဆရာဝန်၏ဇနီးသည် လမစေ့ပဲ ကလေးမီးဖွားသဖြင့် သူ၏ ကလေးသည် မွေးကတည်းကစ၍ ချူချာလှ၏။ကလေးလေးလသားရှိသောအခါ၊ တစ်နေ့တွင် အပြင်းအထန်တက်နေရာ သူ၏ဖခင် ဆရာဝန်အပါအဝင် ဆရာဝန်သုံးဦး ပူးပေါင်းကုသသော်လည်း အတက်မရပ်ပေ။ ဆရာဝန်သုံးဦးလုံးပင် ကလေးမှာ နေကုန်အောင်ပင် ခံမှခံပါ့မလားဟု သံသယရှိနေကြသည်။

ဆရာဝန်ကတော်သည် နောက်ဆုံးကြိုးစားသည့်အနေဖြင့် ကေစီထံသွား၍ အကူအညီတောင်းလေတော့၏။

ကေစီက သူ့ထုံးစံအတိုင်း သူ့ကိုယ်ကို အိပ်မွေ့ချလိုက်ပြီးလျှင် ကလေးအား ဗယ်လာဒွန်နာ (Belladonna)အဆိပ်ကျွေးရမည်ဖြစ်ကြောင်း ခဏကြာ၍ လိုအပ်လျှင် အဆိပ်ဖြေဆေး



www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်လေသည်။

ဆရာဝန်ကတော်သည် ခင်ပွန်းသည်နှင့် အခြားဆရာဝန်များက အတင်းတားနေသည့် ကြားကပင် သူမကိုယ်တိုင် ကလေးကို အဆိပ်ကျွေးလိုက်၏။ ချက်ချင်းလိုပင် ကလေးမှာ အတက်ကျသွားသည်။ ခဏနေ၍ အဆိပ်ဖြေဆေးကျွေးလိုက်သောအခါ ကလေးငယ်သည် ခြေလက်များဆန့်တန်းလိုက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့၏။

ဤသို့ဖြင့် ထိုကလေးအသက်ဘေးမှ ကင်းဝေးခဲ့ရသည်။

ကေစီ၏ ကုသနည်းမှာ စိတ်ပညာရှင်တို့၏ ကုသနည်းကဲ့သို့ပင် ယုံကြည်မှုဖြင့်ကုသနည်း (Faith Cures) မဟုတ်ပေ။ တစ်ခါတစ်ရံ ရှည်လျားလှသော ကုထုံးကို ညွှန်ကြားတတ်ပါသည်။ သူ၏ ကုထုံးမှာ အမျိုးအစားလည်း စုံလှ၏။ ဆေးဝါးစာတ်စာပေးခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ကုသခြင်း၊ စိတ်ကိုစေစား၍ ကုသခြင်း စသည်တို့မှာ တစ်မျိုးတည်းလိုဖြစ်စေ၊ နှစ်မျိုးသုံးမျိုးတိုဖြစ်စေ လိုအပ်သလို ညွှန်ကြားလေ့ရှိပါသည်။

ကေစီသည် လူနာအပေါင်း သုံးသောင်းကျော်ကို ကုသခဲ့၏။ အချို့ နှုတ်လွယ်သူတို့ကမူ ယုံလွယ်သူတို့က ချဲ့ကား၍ ပြောကြသောစကားဟု ဆိုကောင်းဆိုကြပါသည်။ အမှန်ကထိုသို့ မဟုတ်ပေ။ ကေစီ နောက်ဆုံးနေသွားသော ဗာဂျီနီယာဘိ(ချ်) (Virginia Beach) မြို့တွင် ထိုလူနာပေါင်း သုံးသောင်းကျော်တို့၏ ရောဂါမှတ်တမ်းများကို ဖိုင်တွဲများဖြင့် စနစ်တကျ သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



ထားလျက်ရှိပါသည်။

အိပ်မွေ့ချထားစဉ် ကေစီပြောသောစကားများကို လက်ရေးတိုနှင့် လိုက်၍ ရေးမှတ်ထားရာ၊ ထိုလက်ရေးတိုစာမူများနှင့် ယင်းတို့၏ ဘာသာပြန်များကိုလည်း စနစ်တကျ ဖိုင်တွဲ၍ ထား၏။

ကမ္ဘာအရပ်ရပ်ရှိ လူနာများထံမှ စုံစမ်းမေးမြန်းစာ မေတ္တာရပ်ခံစာ၊ ကျေးဇူးတင်ကြောင်းစာများကိုလည်း ကေစီ၏ ဖိုင်ထဲတွင် တွေ့နိုင်သည်။ ကေစီ၏မှတ်တမ်းများကို မည်သူမဆို အလိုရှိသလို ကြည့်ရှုစစ်ဆေးနိုင်ခွင့် ပေးထားလေသည်။

ဆိုရသော် ထိုမှတ်တမ်းများနှင့် ပေးစာများသည် လူသားတွင် စိတ်နယ်လွန် မြင်နိုင်စွမ်းရည်ရှိကြောင်း သက်သေ အထောက်အထားများပင် ဖြစ်ပါသည်။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အက်ဂါကေစီ၏ ဘဝဖြစ်စဉ်

ကေစီကို ကင်းတပ်ကီပြည်နယ် ဟော့ကင်းစဗီးမြို့ (HopKin Sville) အနီးတွင် (၁၈၈၇) ခုနှစ်၌ ဖွားမြင်ခဲ့သည်။ သူ၏မိဘများမှာ လက်သမားဆရာများဖြစ်၍ ပညာမတတ်ကြပေ။ သူသည် ကျောင်းတွင် ကိုးတန်းအထိ ပညာသင်ကြားခဲ့ရ၏။ တရားဟောဆရာလုပ်ရန် ဆန္ဒပြင်းပြခဲ့သော်လည်း အခြေအနေအရ ပညာဆက်လက် မသင်နိုင်သဖြင့် သူ့ဆန္ဒမပြည့်ဝခဲ့ပေ။

သူသည် လယ်တော၌ မပျော်ပိုက်သဖြင့် မြို့သို့တက်ကာ စာအုပ်ဆိုင်တစ်ဆိုင်တွင် စာရေးအလုပ်ကို လုပ်သည်။ ထို့နောက် အလုပ်ပြောင်း၍ အာမခံကုမ္ပဏီတစ်ခုတွင် အရောင်းစာရေး လုပ်ပြန်သည်။

www.burmeseclassic.com


ကေစီအသက်နှစ်ဆယ့်တစ်နှစ်ရှိသောအခါ သူ၏ ဘဝ လမ်းကြောင်းကို ပြောင်းသွားစေသော ထူးဆန်းသည့် ဖြစ်ရပ်နှင့် ကြုံတွေ့ရတော့၏။ ထိုဖြစ်ရပ်မှာ လည်မျိုယောင်ရောဂါ (LaryMgitis) စွဲကပ်ခြင်းဖြင့် အစပြုခဲ့၏။ ထိုရောဂါကြောင့် ကေစီမှာ အသံပျောက်သွားကာ စကားပြော၍ မရတော့ပေ။ ဆရာဝန်အမျိုးမျိုးနှင့် ကုသသော်လည်း ရောဂါမှာ ထူးမခြားနား သာ ဖြစ်နေသဖြင့် နောက်ဆုံးတွင် အလုပ်မှထွက်လိုက်ရတော့ သည်။

အလုပ်မရှိတော့သော ကေစီသည် အိမ်သို့ပြန်ကာ မိဘများနှင့် အတူနေရ၏။ ကု၍မရသော သူ့ရောဂါကို စဉ်းစား မိလေ စိတ်ပျက်အားငယ်လေ ဖြစ်ကာ၊ တစ်နှစ်တာ အချိန်ကို ကုန်လွန်စေခဲ့ရလေသည်။ နောက်ဆုံးတွင် အသံကို အသုံးမပြု ရသည့်၊ ဓာတ်ပုံလုပ်ငန်းတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ် ကိုင်လိုက်၏။

တစ်နေ့တွင် ကော့ကင်စဗီးသို့ နယ်လှည့်ဓာတ်အဖွဲ့ တစ်ဖွဲ့ရောက်လာ၏။ ထိုဓာတ်အဖွဲ့ ခေါင်းဆောင်မှာ မစ္စတာ ဟတ် (Hart) ဆိုသူ ဖြစ်သည်။ ဟတ်သည် အိပ်မွေ့ချ၍ ဆေးကုခြင်းအတတ်ကိုလည်း တတ်၏။ ကေစီ၏ အကြောင်းကို ဟတ်အား ပြောပြသောအခါ ဟတ်သည် ကေစီကို အိပ်မွေ့ချ၍ ကုသ လေသည်။

ကေစီသည် အိပ်မွေ့ချထားခံရိုက်တွင်သာ ဟတ်၏


www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားချက်အတိုင်း လိုက်နာကာ ပကတိအသံဖြင့် စကားပြောဆော်လည်း၊ နိုးလာသောအခါတွင်မူ သူ့အသံမှာ ပျောက်မြဲပျောက်သွားပြန်သည်။ ထို့ကြောင့် ကေစီကို နောက်ထပ်အိပ်မွေ့ချလိုက်ပြန်ကာ အိပ်မွေ့ပြယ်ပြီးနောက် မည်သို့ပြုမူရမည်ကို ညွှန်ကြားသောနည်းဖြင့် ကုသပြန်ပါသည်။

ဤနည်းမှာ ဆေးလိပ်အလွန်အကျွံသောက်သူ အရက်အလွန်အကျွံသောက်သူတို့ကိုပင် ပျောက်ကင်းစေသောနည်းဖြစ်၏။ သို့ရာတွင် ကေစီ၏ ရောဂါကိုမူ ပျောက်ကင်းအောင်မစွမ်းဆောင်နိုင်ခဲ့ပေ။ ဟတ်သည် အခြားမြို့များတွင် ပွဲရက်ချိန်းများရှိနေ၍ ကေစီကို ဆက်လက် မကုသနိုင်ပဲ ခရီးဆက်ခဲ့ရ၏။

ဟော့ကင်စဗီးတွင် အိပ်မွေ့ချ ကုသနည်းနှင့် အရိုးဆစ်နယ် ကုသနည်း (Osteopathy)တို့ကို ဝါသနာအရ လေ့လာလိုက်စားနေသော မစ္စတာလိန်း (Layne) ဆိုသူ လူရွယ်တည်ယောက်ရှိ၏။ လိန်းမှာ အိပ်မွေ့ချအတတ်တွင် ဗီဇပါသူလည်း ဖြစ်သည်။ ကေစီအား ဟတ်ကုသစဉ်က လိန်းသည် စိတ်ဝင်စားစွာဖြင့် အနီးကပ်လေ့လာ အကဲခတ်ခဲ့၏။ ဟတ်ခရီးထွက်သွားသောအခါ ကေစီ၏သဘောတူညီချက်အရ ကေစီကို လိန်းက ဆက်လက်ကုသရ၏။

ဟတ်၏ကုသနည်းဖြင့် အကျိုးသက်ရောက်မှုမရှိသည်ကို သိခဲ့ရသော လိန်းမှာ အကြံတစ်မျိုးပေါ်လာသည်။ ထိုအကြံမှာ ကေစီကို အိပ်မွေ့ချထားစဉ် သူ့ရောဂါ၏ သဘာဝကို သူ

www.burmeseclassic.com



ကိုယ်တိုင် ပြန်လည်ဖော်ပြဖို့ ညွှန်ကြားချက်ပေးရန် ဖြစ်၏။ ထို့ကြောင့် လိန်းသည် ကေစီကို အိပ်မွေ့ချလိုက်ပြီးလျှင် သူ့အကြံအတိုင်း ညွှန်ကြားချက်ပေးလိုက်၏။ မိနစ်အနည်းငယ်မျှကြာသောအခါ ကေစီသည် လိန်း၏ ညွှန်ကြားချက်အရ သူ့ရောဂါ၏ သဘာဝကို ပကတိအသံဖြင့် ပြောပြလာသည်။

"ဟုတ်ကဲ့…ကျွန်ုပ် ဒီခန္ဓာကိုယ်ကို မြင်နေရပါတယ်၊ ဒီခန္ဓာကိုယ်မှာ အာရုံကြောတွေ တင်းနေတဲ့အတွက် အသံထွက်ပြောတိုင်း အတွင်းပိုင်းကြွက်သားတွေဟာ မလှုပ်ရှားနိုင်ပဲ သေနေပါတယ်၊ ဒါကြောင့် ဒီခန္ဓာကိုယ်ဟာ ပကတိအခြေအနေမှာဆိုရင် စကားမပြောနိုင်ပါဘူး၊ ဒါဟာ စိတ်ခံတ်အခြေအနေကြောင့် ရုပ်တရားကို ထိခိုက်နေတာပါပဲ၊ ပ.ကတိအသိစိတ် မရှိတုန်းအခိုက်မှာ ထိခိုက်ခံရတဲ့ အစိတ်အပိုင်းကို သွေးလည်ပတ်မှုရောက်အောင် လုပ်ပေးလိုက်ရင် ပျောက်သွားနိုင်ပါတယ်"

လိန်းက.....

"ထိခိုက်ခံထားရတဲ့ အစိတ်အပိုင်းကို သွေးလှည့်ပတ်မှုရောက်အောင် တွန်းပို့ပေးပြီး အခြေအနေကောင်းသွားအောင် လုပ်ပေးပါ"

ဟု ချက်ချင်း ညွှန်ကြားလိုက်၏။

ကေစီ၏ ရင်အထက်ပိုင်းနှင့် လည်ချောင်းအောက်ပိုင်းသည် တစ်ဖြည်းဖြည်း ပန်းရောင်သို့ပြောင်းသွား၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရောင်၊ နောက် အနီရင့်ရောင်သို့ ဖြည်းဖြည်းချင်း ပြောင်းလဲသွား၏။ မိနစ်(၂၀)မျှ ကြာသောအခါ အိပ်မွေ့ကျနေဆဲပင်ဖြစ်သော ကေစီသည် လည်ချောင်းရှင်းလိုက်ပြီး....။

"အခု အခြေအနေကောင်းသွားပါပြီ၊ သွေးလှည့်ပတ်မှု မူလအတိုင်း ပြန်ဖြစ်ဖို့နဲ့ ခန္ဓာကိုယ် နိုးလာဖို့ ညွှန်ကြားချက်ပေးပါ"

ဟု ပြောလာ၏။

လိန်းသည် ကေစီပြောသည့်အတိုင်း ညွှန်ကြားချက်ပေးလိုက်လေသည်။

မကြာမီ ကေစီနိုးလာပြီး တစ်နှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် သူ၏ မူလသံမှန်ဖြင့် စကားစပြောတော့၏။ ထို့နောက် လအနည်းငယ်ကြာအောင်ပင် ကေစီ၏ အသံမှာ ရံဖန်ရံခါ ပျောက်ပျောက်သွားသည်။ အသံပျောက်တိုင်းပင် လိန်းက အထက်ပါနည်းအတိုင်း ညွှန်ကြားချက်ပေးရသည်။ နောက်ဆုံးတွင် ကေစီ၏ ရောဂါမှာ လုံးဝပျောက်ကင်းသွားတော့၏။

ကေစီဘဝမှာမူ၊ ဤကိစ္စသည် ဤတွင်အပြီးသတ်ခဲ့လိမ့်မည်ဟု ထင်ထားသော်လည်း အိပ်မွေ့ချပညာ၏ သမိုင်းကို လေ့လာကျွမ်းကျင်ထားသော လိန်းအနေနှင့် ထိုထက်ပို၍ အကျိုးများစရာများကိုလည်း စဉ်းစားမိလာသည်။ အိပ်မွေ့ချထားသည့် အချိန်တွင် မိမိခန္ဓာကိုယ် အခြေအနေကိုပင် ပြောပြနိုင်သော ကေစီသည် သူတစ်ပါး၏ ခန္ဓာကိုယ်အခြေအနေကိုလည်း ပြော(



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကောင်း ပြောပြနိုင်ပေလိမ့်မည်။

သို့စဉ်းစားမိသည်နှင့် လိန်းသည် အချိန်အတော်ကြာကပင် သူခံစားလာခဲ့ရသော ဝမ်းဗိုက်နာရောဂါကို ကေစီ၏နည်းဖြင့် စမ်း၍ကုသရန် ကေစီအား ပြောပြ၏။ ကေစီကလည်း စမ်းကြည့်ရန် သဘောတူလိုက်သည်။

ဤသို့ဖြင့် ရှေးနည်းအတိုင်းပင် အိပ်မွေ့ချ၍ ကုသကြသောအခါ၊ ထင်သည့်အတိုင်းပင် အောင်မြင်သည်ကို တွေ့ရ၏။ အိပ်မွေ့ချထားစဉ်အတွင်း ကေစီပြောပြသော လိန်း၏ ရောဂါလက္ခဏာများမှာ ကာယကံရှင် လိန်းကိုယ်တိုင် သိရှိထားသည့်အတိုင်း တစ်ထပ်တည်းဖြစ်နေပေသည်။ ကေစီညွှန်ကြားသည့် ကုထုံးသည်လည်းကောင်း၊ ဆေးဝါးဓာတ်စာနှင့် ကိုယ်လက်လေ့ကျင့်ခန်းများသည်လည်းကောင်း၊ လိန်း၏ ရောဂါအတွက် ယခင်က ဆရာဝန်များ ညွှန်ကြားထားချက်နှင့် ထပ်တူထပ်မျှ ဖြစ်နေ၏။

ဤအောင်မြင်မှုအတွက် လိန်း ဝမ်းသာလိုက်သည်မှာ ဖော်မပြနိုင်လောက်အောင်ပင် ဖြစ်၏။ ထို့ကြောင့် ကေစီညွှန်ကြားသည့်အတိုင်း ကုသကြည့်ရာ ရက်သတ္တပတ် သုံးပတ်ကြာသောအခါ လိန်း၏ရောဂါမှာ သိသိသာသာကြီး သက်သာလာလေသည်။

လိန်းသည် ဤမျှဖြင့်မကျေနပ်သေးပေ။ အခြားသော လူမမာများကိုပါ ကေစီကို ကုသစေချင်သည်။ ကေစီအနေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကုသစမ်းသင့် မစမ်းသင့် စိတ်ဒွိဟ ဖြစ်နေ၏။ ကေစီသည် ဆယ်နှစ်သားအရွယ်ကပင် သမ္မာကျမ်းစာကို အစမှအဆုံးထိ တစ်နှစ်တစ်ခေါက် ပေါက်အောင် ဖတ်လာခဲ့သူတည်း။

ထိုစဉ်က သူသည် ယေရှု၏ သာဝကကြီး တစ်ဦး ကဲ့သို့ပင် သူတစ်ပါးကို ကူညီနိုင်သူ 'နာမကျန်းသူများကို ကုသ ပေးနိုင်သူ' ဖြစ်လိုစိတ်များ တစ်ဖွားဖွား ပေါ်ပေါက်ခဲ့ဖူး၏။ အတော်ကြီးပြင်းလာသောအခါ တရားဟောဆရာဖြစ်လိုသည့် ဆန္ဒပြင်းပြလာပြန်သည်။ သို့စေကာမူ ထိုဆန္ဒမှာ အခြေအနေရ မပြည့်ဝခဲ့ပေ။

ယခုမူ သူငယ်စဉ်က ပြင်းပြခဲ့သည် ဆန္ဒအတိုင်း သူ တစ်ပါးကို ကူညီနိုင်၊ ကုသနိုင်မည့် အခွင့်အရေးကို မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်း ရရှိလာပေပြီ။ သို့သော် အကယ်၍များ အပြောမှား၍ တစ်ပါးသူတွင် ရောဂါပိုဆိုးကာ ထိခိုက်နစ်နာ သွားလျှင် မခက်ပါလော။ ယင်းအချက်ကို ကေစီ စိုးရိမ်နေမိ၏။ နောက်ဆုံးတွင် ရှေးဆန့်လှသော ဤနည်းဖြင့် အကုသခံလိုသည့် လူမမာများကို ကုသပေးရန် သဘောတူလိုက်တော့သည်။ သို့သော် ဤသို့ကုသခြင်းကို အစမ်းသဘောထားရန်နှင့် အခ ကြေးငွေမယူရန် စည်းကမ်းသတ်မှတ်ထားလိုက်ကြ၏။

အိပ်မွေ့ချထားသည့်အချိန်တွင် လူနာများအတွက် ကေစီ ပြောပြချက်တို့ကို လိန်းက လက်ရေးတိုဖြင့် လိုက်ရေး၍ မှတ်တမ်းတင်ထားသည်။ ယင်းမှတ်တမ်းများကို ဖိုဒ်သင့်လျော်



www.burmeseclassic.com

www.burmeseclassic.com



သော အခြားစကားလုံးများမရှိသဖြင့် 'ဟောစာတမ်းများ'ဟုသာ လွယ်လွယ် နာမည်ပေးထားရသည်။

ကေစီသည် သူ၏ ဓာတ်ပုံအလုပ်မှ အားလပ်ခွင့်ရသည့် အချိန်များတွင် လူနာများကို စေတနာ၀န်ထမ်း ကုသပေး၏။ အံ့သြစရာကောင်းလှသော အချက်တစ်ချက်မှာ ကေစီပြောပြသော ရောဂါ၏ သဘောလက္ခဏာများပင် ဖြစ်၏။

ပကတိအားဖြင့် ကေစီသည် ဆေးပညာကို လုံး၀နားလည်သူ မဟုတ်ပေ။ ဆေးစာအုပ်များကိုလည်း မည်သည့်အခါက မှ မဖတ်ဖူးခဲ့ပေ။ သို့စေကာမူ အိပ်မွေ့ချထားစဉ်အတွင်း ကေစီ သုံးစွဲ ပြောဆိုသော ဝေါဟာရများမှာ အထက်တန်းကျသော ဆေးပညာသုံး ဝေါဟာရတွေချည်း ဖြစ်နေသည်။ သူ ညွှန်ကြားသည့်အတိုင်း လိုက်နာသူများမှာလည်း ရောဂါပျောက်ကင်းသွားကြသည်ချည်းသာဖြစ်ရာ၊ လိန်းနှင့် ကေစီတို့အဖို့မှာ အံ့အားသင့်စရာ၊ ၀မ်းမြောက်စရာချည်းတွေ ဖြစ်နေပေသည်။

လိန်းအဖို့ ဗိုက်နာရောဂါသက်သာသွားစဉ်ကမူ ကေစီ၏ စိတ်မှာ သံသယကင်းကင်းနှင့် မရှင်းမလင်းပင် ရှိနေသေး၏။ လိန်းသည် သူ၏ စိတ်စွဲလန်းမှုကြောင့် သူ့ရောဂါသက်သာသည်ဟုထင်မှတ်ခြင်းမျှသာ ဖြစ်တန်ရာသည်၊ မိမိ၏အသံ ပြန်ထွက်လာခြင်းမှာမူ စိတ်စွဲလန်းမှုကြောင့် မဟုတ်သည်မှာတော့ သေချာသည်။ သို့သော် ဤအချက်သည်လည်း မတော်တဆ ကံကောင်းထောက်မ၍သာ ဖြစ်ပေမည်။ သမားတော်များက ကုမရတော့ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားသောရောဂါများကိုပင် ကေစီကုထုံးအညွှန်းများအရ ကုသ၍ ပျောက်ကင်းဖန်များလာသောအခါ ကေစီ၏ စိတ်တွင် နိုဝင်တွယ်ကပ်နေကြသော ထိုသံသယများသည် တစ်စတစ်စ ပျောက်ကွယ်သွားတော့၏။

သို့နှင့် ကေစီ၏သတင်းမှာ တစ်ယောက်စကား တစ်ယောက်နားဖြင့် ပြန့်ပွားသွားလေတော့သည်။

တစ်နေ့တွင် ဟော့ကင်းစဗီး၌ ယခင်က အမှုထမ်းသွားဘူးသော ကျောင်းအုပ်ဆရာကြီး တစ်ယောက်သည် ကေစီကို ပင့်ရန် လူတစ်ယောက်ကို လွှတ်လိုက်၏။ ကျောင်းအုပ်ကြီး၏ ငါးနှစ်သမီးကလေးသည် နှစ်နှစ်သမီးအရွယ်တွင် တုပ်ကွေးရောဂါ ဖြစ်ခဲ့ဘူးသည်။ ထိုအချိန်မှစ၍ ကလေးမှာ စိတ်မူမမှန်ပဲ ဖြစ်လာတော့သည်။

ကလေး၏မိဘများသည် နာမည်ကြီးအထူးကုဆရာဝန်ကြီးများကို တစ်ယောက်ပြီးတစ်ယောက် ပင့်၍ကုသသော်လည်း ကလေး၏ ရောဂါမှာ ထူးခြားမှုမရှိခဲ့ပေ။ ကာလကြာသော် ကလေးတွင် မကြာခဏ တက်သည့်ရောဂါပါ စွဲကပ်လာတော့သည်။ နောက်ဆုံး ကုသသော အထူးကုဆရာဝန်က၊ ကလေး၏ ရောဂါမှာ ဦးနှောက်ကိုထိခိုက်သော ရှားပါးသည့်ရောဂါမျိုး ဖြစ်၍ အသက်အန္တရာယ်ဖြစ်မည်ကိုပင် စိုးရိမ်ရကြောင်း ပြောသွားလေသည်။

မိဘများမှာ ကလေးအတွက် သောကမီးတောက်လောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ၊ ကြုံရာမရွေးဖြစ်နေစဉ် မိတ်ဆွေတစ်ဦးက ကေစီ၏သတင်းကို ကြားရသဖြင့် ချက်ချင်းပင် ကေစီကို ပင့်ခေါ်ခြင်းဖြစ်ပါသည်။

ကေစီသည် ကလေး၏ ဖြစ်ပုံကို ကြားရသောအခါ တရှုဏာသက်လှသဖြင့် ပထမဆုံး အကြိမ်အဖြစ် မြို့ပြင်သို့ လိုက်၍ ကုသရန် သဘောတူလိုက်၏။ သူသည် ခတ်ပုံတိုက်တွင် အလုပ်သင်မျှသာဖြစ်ရာ ခရီးသွားစရာ မီးရထားခပင် သူ့တွင် မရှိပေ။ ထို့ကြောင့် လူနာရှင်ပေးသော ခရီးစရိတ်ကို လက်ခံလိုက်ရသည်။ ဤသည်မှာ သူ၏အကူအညီ သူပထမဆုံး လက်ခံလိုက်သော ငွေကြေးဖြစ်၏။

သူသည် ကလေး၏ ခံစားနေရပုံကို မြင်လိုက်ရသောအခါ ဖြစ်မှ ဖြစ်ပါ့မလားဟု သူ့ကိုယ်သူပင် မယုံမရဲဖြစ်လာသည်။ ဆေးပညာအကြောင်းကို ဘာတစ်ခုမျှ နားမလည်သော လက်သမားသားက နိုင်ငံကျော် အထူးကုဆရာဝန်ကြီးများ လက်လျှော့ထားရသော လူနာကို ကုသဖို့ ကြိုးစားရသည်မှာ ရယ်စရာလိုပင် ဖြစ်နေလေသည်။ မိမိကိုယ်ကို ယုံကြည်မှု အားငယ်နေသေးသော ကေစီသည် အိပ်မွေ့ချရန် ဆိုဖာတစ်လုံးပေါ်တွင် လှဲအိပ်လိုက်သောအခါ ကတုန်ကယင် ဖြစ်နေသေးသည်။ သူ့ကိုယ်သူ အိပ်မွေ့ချလိုက်သောအခါမှာမူ အပြည့်အဝ ယုံကြည်မှုရှိလာကာ ကလေး၏ ရောဂါအခြေအနေကို အေးဆေးတည်ငြိမ်သောအသံဖြင့် သွက်လက်စွာ ပြောလေတော့သည်။

"မိန်းကလေးဟာ တုပ်ကွေး မဖြစ်ခင်ကလေးမှာ ယာဉ်တစ်ခုခုပေါ်က လိမ့်ကျခဲ့တယ်၊ လိမ့်ကျလို့ ထိခိုက်တဲ့ နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တုပ်ကွေးပိုးတွေ ဝင်လာပြီး ရောဂါဖြစ်လာတာပါပဲ၊ အဲ့ဒီတုပ်ကွေးပိုးကြောင့် ကြာလာတော့ တက်တဲ့ရောဂါပါ ဝင်လာပါတယ်၊ အရိုးဆုပ်နယ်ပြီး ကုသတဲ့နည်းနဲ့ ပြုပြင်ပေးလိုက်ရင် အတက်ပျောက်သွားပြီး စိတ်လဲ မှုမှန်လာပါလိမ့်မယ်”

ကေစီနှင့် အတူလိန်းလည်း လိုက်ပါလာရာ ကေစီပြောသမျှကို လိန်းက လက်ရေးတိုဖြင့် လိုက်၍ရေးမှတ်ထား၏။

ကလေး၏မိခင်က လိမ့်ကျဘူးသည်မှာ မှန်ကြောင်း၊ သို့သော်လည်း ထင်ထင်ရှားရှား ဒဏ်ရာအနာတရ မဖြစ်ဟု ထင်သဖြင့် ကလေး၏ ယခုရောဂါနှင့်လိမ့်ကျမှု ဆက်စပ်ဖြစ်သွားနိုင်သည်ကို မစဉ်းစားမိခဲ့ကြောင်း ပြောလေသည်။

ကေစီ၏ညွှန်ကြားသည့်အတိုင်း ကလေးကို ကုသကြသောအခါ ရက်သတ္တသုံးပတ်အတွင်းမှာပင် အတက်ရောဂါပျောက်ကင်းသွားကာ စိတ်မှုမှန်စပြုလာသည့် အရိပ်အယောင်များကိုလည်းတွေ့ကြရ၏။စိတ်မှုမှန်စပြုလာသည်နှင့် တစ်ပြိုင်နက်ကလေးသည် သုံးနှစ်လုံးလုံး သူသတိမရခဲ့သော သူ့အနှစ်သက်ဆုံးအရုပ်ကလေး၏ အမည်ကိုခေါ်လိုက်သည်။ထို့နောက် သူ၏မိဘများကို နာမည်ထုတ်ဖော်၍ခေါ်လေသည်။ဤခေါ်ခြင်းသည် မိဘနာမည်ကို သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ခေါ်ခြင်းဖြစ်၏။ သုံးလကြာပြီးနောက် ကလေးလုံးဝ ကျန်းမာသွားပြီဖြစ်ကြောင်း သတင်းကောင်းကို ကလေး၏မိဘများထံမှ ကေစီကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါဖြစ်ရပ်မျိုးကို တွေ့ရဖန်များလာသောအခါ ရှင်းပြ၍မရသော သူ၏ ထူးဆန်းသည့်စွမ်းရည်ကို လူနာများ အတွက် အသုံးပြုလာခြင်းမှာ မမှားကြောင်း ကေစီ ယုံကြည် စိတ်ချလာလေသည်။ ဤအချိန်တွင် သတင်းစာများကလည်း ကေစီ၏အကြောင်းကို တခမ်းတနားဖော်ပြလာကြလေပြီ။ ရပ်ဝေးမှ ပင့်ခေါ်သော ကြေးနန်းများကိုလည်း နေ့စဉ်မပြတ် လက်ခံ ရရှိနေသည်။ တယ်လီဖုန်းဖြင့် ပင့်ခေါ်သူများလည်း မနည်းပေ။

ထိုအခါ ရပ်ဝေးတွင်ရှိနေသည့် လူနာအတွက် မိမိအိမ် မှနေ၍ ကြည့်ပေးလျှင်လည်း ဖြစ်နိုင်စရာရှိသည်ဟု ကေစီ စဉ်းစားမိသဖြင့် စမ်းသပ်ကြည့်ရာ အောင်မြင်သည်ကို တွေ့ရ လေ၏။ ကေစီ အိပ်မွေ့ချနေချိန်တွင် အဝေး၌ရှိနေသောလူနာ၏ အမည်၊ လမ်းအမည်၊ မြို့အမည်၊ ပြည်နယ်(သို့မဟုတ်) တိုင်းပြည်၏ အမည်များကို မှန်ကန်စွာထည့်သွင်း၍ ညွှန်ကြားချက်ပေးလျှင် အနီးရှိလူနာကို ကြည့်မြင်ရသကဲ့သို့ပင် မှန်ကန်တိကျ၍ အကျိုး ရရှိကြလေသည်။

ကေစီသည် လူနာရှိရာဌာန၏ ပတ်ဝန်းကျင် မြေ၊ ရေ၊ အနေအထားနှင့် ရာသီဥတုများကိုပင် မကြာခဏထည့်သွင်း၍ ပြောပြတတ်၏။

"ဒီနေရာမှာ ဒီမနက် လေအတော်ထန်တယ်"

"ဆွစ်ဇာလန်၊ ဝင်တာထူး (Winterthur) ပဲ၊ တယ်သာယာ တာပဲကိုး၊ စမ်းချောင်းကလေးကလည်း ကြည်နူးစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ ညဝတ်အကျီကြီးက သိပ်မဆိုးလှဘူး"

"ဟုတ်ပြီ၊ ကျွန်ုပ် သူ့မိခင် ဘုရားရှိခိုးနေတာကို တွေ့ရတယ်"

စသည်ဖြင့် သူ၏ စိတ်နယ်လွန် အမြင်များ၊ ဟောပြောမှုများမှာ၊ အမြဲတမ်းမှန်ကန်လေသည်။ ယင်းအချက်များက သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည် စစ်မှန်ကြောင်းကို ပို၍ခိုင်လုံအောင် သက်သေထူပေးသကဲ့သို့ ရှိနေလေသည်။

အနီးရှိလူနာကို ဖြစ်စေ၊ အဝေးရှိလူနာကိုဖြစ်စေ၊ညွှန်ကြားချက်ပေးရန် ပြင်ဆင်မှုမှာ အတူတူသာဖြစ်၏။ ညွှန်ကြားခါနီးတွင် ကေစီသည် ဘိနပ်ချွတ်ခြင်း၊ ကော်လာနှင့်လည်စည်းလျော့ခြင်း၊ တို့ကို ပြုလုပ်ရ၏။ ထို့နောက် ခုံတန်းလျားပေါ်တွင်ဖြစ်စေ၊ကုတင်ပေါ်တွင်ဖြစ်စေ ပက်လက်လှန်အိပ်လိုက်ပြီးလျှင် စိတ်ရောကိုယ်ပါ လျှော့ချထားလိုက်ရသည်။တောင်အရပ်ကို ဦးခေါင်းပြု၍ အိပ်ရသော အနေအထားကို ကေစီ ပို၍နှစ်သက်၏။တန်းလျားပေါ်၌သက်သက်သာသာ ပက်လက်နေနိုင်ရန် ခေါင်းအုံးတစ်လုံး တစ်လုံးမှတစ်ပါး အခြားမည်သည့်အရာမျှ မလိုအပ်ပေ။နေ့အခါ၌ ဖြစ်စေ ညအခါ၌ဖြစ်စေ မည်သည့် အချိန်တွင်မဆို ညွှန်ကြားနိုင်သည်။အလင်းရောင်နှင့် အမှောင်တို့သည် သူ၏ပြောဆိုမှုကို မည်သို့မျှ မတားဆီး မထိခိုက်နိုင်ကြပေ။

ခုံတန်းလျားပေါ် သို့မဟုတ် ကုတင်ပေါ်တွင် ပက်လက်လှန်ပြီး ခဏအကြာ၌ ကေစီသည် သူကိုယ်တိုင် အိပ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်၏။ လိန်းကဖြစ်စေ၊ ကေစီ၏နေ့ီးကဖြစ်စေ သူ၏သား ဟူး(ဂ်)လင်း (Hugh Lynn Cayce) ကဖြစ်စေ အိပ်မွေ့ချထားသော ကေစီကို လူနာနှင့် ပတ်သက်၍ ပြောပြရ၏။ ပြောပြနေကျပုံစံမှန်မှာ–

.......ပြည်၊.......ပြည်နယ်၊.......မြို့၊.......လမ်း၌ နေသော မောင်/မသည် ယခု သင့်ရှေ့၌ ရောက်ရှိနေပြီ။ သူ၏ ခန္ဓာကိုယ်ကို သေချာစွာကြည့်ပါ၊ စေ့စေ့စပ်စပ် စစ်ဆေးပါ။ စစ်ဆေးပြီးနောက်၊ ယခုလောလောဆယ်တွင် သူ၏ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော အခြေအနေကိုလည်းကောင်း၊ သက်သာပျောက်ကင်းစေရန် ညွှန်ကြားချက်ကိုလည်းကောင်း၊ ကျွန်ုပ်အားပြောပြပါ။ ကျွန်ုပ် မေးသော မေးခွန်းများကိုလည်း ဖြေကြားပါ။

မိနစ်အနည်းငယ်ကြာသောအခါ၊ ကေစီ စကားစမြည် ပြောမြဲဖြစ်၏။ ကေစီ ပြောသမျှကို၊ လိန်းကဖြစ်စေ၊ နောက်ပိုင်းတွင် မစ္စဂလက်ဒီ ဒေဝီ (Miss Gladys Davis) က ဖြစ်စေ၊ လက်ရေးတိုဖြင့် လိုက်၍ရေးမှတ်ရ၏။ ညွှန်ကြားချက်ပြီးသော အခါ၊ လက်ရေးတိုဖြင့်ရေးသားထားသည်ကို လက်နှိပ်စက်ဖြင့် ရိုက်နှိပ်က၊ ဘာသာပြန်ရ၏။ ဘာသာပြန်ပြီးသော ညွှန်ကြားချက် (သို့မဟုတ်) ဟောညာတမ်းစာရွက် တစ်ရွက်ကို လူနာအားဖြစ်စေ၊ လူနာ၏မိဘများဖြစ်စေ၊ လူနာကို ကုသနေသော ဆရာဝန်အားဖြစ်စေ ပေးလိုက်၏။ မင်ခံစက္ကူခံ၍ ရိုက်ထားသော အဝါရောင် မိတ္တူစာရွက်ကိုမူ ကေစီ၏ဖိုင်တွဲတွင် ထည့်၍ သိမ်းထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာများက တခမ်းတနား ဖော်ပြကြသောကြောင့်လည်းကောင်း၊ တစ်ယောက်စကား တစ်ယောက်နားဖြင့် သတင်းပျံ့သွားသောကြောင့်လည်းကောင်း၊ စီးပွားရေးလောကသို့ ကေစီ၏ သတင်းရောက်သွားသောအခါ လာဘ်မြင်လှသော စီးပွားရေးသမားကြီးများသည် ကေစီထံသို့ စုပြုံရောက်လာကြတော့၏။

ရက်သတ္တပတ် နှစ်ပတ်တိတိ နေ့စဉ် ဝါဂွမ်းဈေးကို ဟောပေးခ တစ်နေ့လျှင် ဒေါ်လာ တစ်ရာပေးမည်ဖြစ်ကြောင်းဖြင့် ဝါဂွမ်းကုန်သည်တစ်ယောက်က ကေစီအား စကားကမ်းလှမ်းလေသည်။ ထိုအချိန်တွင် ကေစီမှာ ငွေလိုနေချိန်ဖြစ်သော်လည်း ထိုကမ်းလှမ်းချက်ကို ငြင်းပယ်လွှတ်လိုက်၏။

သိုက်တူးလိုသူများကလည်း စကားကမ်းလှမ်း၏။ ခြင်းလောင်းသမားများကလည်း ကမ်းလှမ်းသည်။ ဤကဲ့သို့သော ကမ်းလှမ်းချက်အတော်များများကို စမ်းသပ်သည့်အနေဖြင့် ကေစီ ဆက်ခံ၍ ဟောကြည့်လေသည်။ အောင်မြင်သောအကြိမ်များ ရှိသလို၊မအောင်မြင်သော အကြိမ်များလည်း ရှိပါသည်။

တစ်ခုထူးခြားသည်မှာ ဤသို့သော စီးပွားရေးကိစ္စများကို ဟောသည့်အခါတိုင်း အိပ်မွေ့ကျရာမှ နိုးလာသောအခါ ကေစီမှာ အားအင်ကုန်ခမ်းနေသလို ခံစားနေရတတ်၏။မိမိကိုယ်ကိုလည်း မကျေမနပ်ဖြစ်နေတတ်သည်။ ထို့ကြောင့် သူ၏ ထူးဆန်းသော စွမ်းရည်သည် မကျန်းမာသူများအတွက်သာ အကျိုးသက်ရောက်မှု ရှိ၏။ ယင်းရည်ရွယ်ချက်ဖြင့်သာ အသုံးချ

www.burmeseclassic.com



သင့်သည်ဟု ကေစီ ဆုံးဖြတ်ချက်ချလိုက်လေသည်။ သူကိုယ်တိုင် အပါအဝင် မည်သူတစ်ဦးတစ်ယောက်၏ စီးပွားရေးအတွက်ကိုမျှ အသုံးမချသင့်ဟု ကေစီ စွဲမြဲစွာယုံကြည်လာလေသည်။

၁၉၂၂ ခုနှစ်တွင် ဒင်ဗာပို့စ် (Denver Post) သတင်းစာ အယ်ဒီတာမှ ကေစီကို ဒင်ဗာသို့လာရန် ဖိတ်လိုက်၏။

ထိုအယ်ဒီတာသည် ကေစီ၏ ဟောပြောချက်များကို သုံးလေးကြိမ်မျှ မျက်မြင်ကိုယ်တွေ့ စောင့်ကြည့်ပြီးနောက် ကေစီ ၏ စိတ်နယ်လွန် မြင်နိုင်စွမ်းရည်ကို ယုံကြည်သွားတော့၏။

သူက သူပြုလုပ်လိုသော အစီအစဉ် တစ်ခုကို ကေစီအား ပြောပြ၏။ ထိုအစီအစဉ်မှာ ကေစီက အရှေ့တိုင်းသားများပေါင်း သည့် ခေါင်းပေါင်းကြီးတစ်ခုကိုပေါင်း၍ အရှေ့ဂိုဏ်းနာမည် တစ်ခုကိုမှည့်ပြီးလျှင် အတွင်းက လူကိုရေးရေးမျှသာ မြင်ရသော ကန့်လန့်ကာ ခပ်ပါးပါးတစ်ခု၏ အတွင်းမှနေ၍ မေးလာသူများကို ဟောရန်ဖြစ်သည်။

သူ့အစီအစဉ်ကို သဘောတူလျှင် ကေစီအား တစ်နေ့ ဒေါ်လာတစ်ထောင်ပေးမည်ဟု စကားကမ်းလှမ်း၏။

ကေစီသည် ထိုအယ်ဒီတာ၏ ကမ်းလှမ်းချက်ကို ရှင်းရှင်း ပြတ်ပြတ်ပြောကာ ငြင်းပယ်လွှတ်လိုက်၏။

ဘရန်းဆွစ်ရေဒီယိုနှင့် ရုပ်မြင်သံကြား ကော်ပိုရေးရှင်း



www.burmeseclassic.com

www.burmeseclassic.com



(Brunswick Radio and Television Corporation)၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာ ဒေဗစ်ကာန်း (David Kahn)မှာ ကေစီ၏ ရာသက်ပန် မိတ်ဆွေရင်းဖြစ်သည်။ သူ့မိတ်ဆွေများနှင့် စကားစပ်မိတိုင်း ကေစီ၏အကြောင်းကို ထည့်၍ပြောကာ၊ ကေစီကို လူသိများအောင် အကြီးအကျယ် ကြိုးပမ်းသူလည်း ဖြစ်ပါသည်။

သို့သော် ကေစီပို၍ ကျော်ကြားလာအောင် အကြီးအကျယ်၊ သူကြော်ငြာပေးလိုကြောင်း ကေစီအားပြောပြသောအခါ၊ ကေစီသည် သူ၏အကြံကို တုံးတိတိပင် ငြင်းပယ်ပစ်လိုက်လေသည်။

ကေစီသည် ကြော်ငြာခြင်းကို မနှစ်သက်ပေ။ အယ်လ်ဘားမားပြည်နယ် သတင်းစာတစ်စောင်တွင် သူ၏ ဟောပြောပွဲတစ်ခုအကြောင်းကို တစ်ကြိမ်သာ ကြော်ငြာခွင့် ပြုခဲ့ဖူးပေသည်။ ထိုတစ်ကြိမ်မှတစ်ပါး မည်သည့်အခါ မည်သည့်အတွက်မျှ ကြော်ငြာရန် ခွင့်မပြုဘူးခဲ့ပေ။

သူသည် သာမန်သူများနှင့် စကားပြောသောအခါတွင်လည်း၊ သူ၏ စွမ်းရည်အကြောင်းကို မမေး၊မစမ်းလျှင် မည်သည့်အခါမျှ ထုတ်ဖော်မပြောခဲ့ပေ။

ထို့ကြောင့်ပင် သူနေသောမြို့မှ လူအများစုမှာ ကေစီကို တနင်္ဂနွေ ကျောင်းတစ်ကျောင်းတွင် စာပြနေသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနေထက်ပို၍ မသိကြချေ။

ကေစီ၏ ခံယူချက်မှာ သူသည် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်တစ်ယောက်မဟုတ်၊ နာမကျန်းသူများကို ပျောက်ကင်း၊ ချမ်းသာအောင် ကူညီရေးအတွက် ပေါ်ပေါက်လာရသည့် ကိရိယာတစ်ခုဖြစ်သည်။ သူ့ကို လူအများအာရုံစိုက်လာအောင် မည်သည့်အခါမျှ မကြိုးစားသင့်။ သူ့အကူအညီကို လိုအပ်သူများသည် လူ့သတင်းကို လူချင်းဆောင်ခြင်းဖြင့် ကြားသိကာ လာကြပေလိမ့်မည်။ ကြီးမားသော စာလုံးမဲကြီးများဖြင့် ဟိုးလေး တစ်ကျော်ကျော် ဖြစ်အောင် ကြော်ငြာနေစရာမလိုပေ။

ကေစီသည် စောစောပိုင်း နှစ်များတွင် လူနာများထံမှ အခကြေးငွေမယူပဲ ဓာတ်ပုံတိုက်မှရသော ဝင်ငွေဖြင့်ပင် သူ၏ မိသားစုကို ထောက်ပံ့လာခဲ့သည်။ သို့သော် ကြာလေကြာလေ သူထံသို့ လာရောက်ကုသသူ၊ မေးမြန်းသူများ များလာလေလေ ဖြစ်ရာ သူ၏ဓာတ်ပုံအလုပ်ကို၊ လုပ်နိုင်လောက်အောင် အချိန် မရတော့သဖြင့် ဓာတ်ပုံတိုက်မှ အလုပ်ထွက်လိုက်ရတော့၏။

ထိုသည်မှစ၍ မိသားစုစားဝတ်နေရေးအတွက် သင့်လျော်သော အခကြေးငွေကို လူနာများထံမှ လက်ခံရသည့် အခြေသို့ ရောက်သွားတော့သည်။ သို့လက်ခံသည့်တိုင်အောင် ဆင်းရဲနွမ်းပါးသော လူနာများကိုမူ အခကြေးငွေ လုံးလုံးမယူပဲ မေတ္တာ သက်သက်ဖြင့် ကုသပေးလေသည်။

အခြေခံအားဖြင့်ပင် စီးပွားရေး သဘောမနှံ့သော သူ၏

www.burmeseclassic.com

www.burmeseclassic.com


စိတ်ထားမှာ သူ့ဘဝတစ်လျှောက်လုံး၊ ဤစိတ်ထားအတိုင်း တသမတ်တည်း တည်တံ့သွားလေသည်။ ၁၉၂၇ ခုနှစ်တွင် သူပြောင်းရွှေ့နေထိုင်သွားသော ဗာဂျီနီယာဘိတ်(ချ်)တွင် စနစ်တကျ သိမ်းဆည်းထားသည့် သူ၏မှတ်တမ်းများက ယင်းအချက်ကို အခိုင်အမာ ထောက်ခံထားလေသည်။

နောက်ပိုင်း နှစ်များတွင် ကေစီမှာ၊ သူလုပ်နေသော အလုပ်နှင့် ပတ်သက်၍ သံသယတွေ ဝိုင်းဝိုင်းလည်နေမိပြန်သည်။ တစ်ခါတစ်ရံတွင် အိပ်မွေ့ချထားစဉ် လူနာ၏ အခြေအနေကို မေးသော်လည်း ဘာမျှမပြောပဲ ငြိမ်နေတတ်၏။

သူ၏ ယိုယွင်းလာသော ကျန်းမာရေးနှင့် စိတ်ဓာတ်တို့က သူ၏စွမ်းရည်ကို ထိခိုက်လာဟန် တူပေသည်။ သူသည် ပင်ကိုယ်အားဖြင့် စိတ်ထားနူးညံ့ သိမ်မွေ့သူဖြစ်သော်လည်း၊ တစ်ခါတစ်ရံ ရုတ်တရက်ဟုန်းကနဲ ဒေါသထွက်လာတတ်၏။ သူ့တွင် ငွေရေးကြေးရေးနှင့် ပတ်သက်၍လည်း ပူပင်သောက ရှိဟန်တူပေသည်။ ဤကဲ့သို့သော စိတ်လှုပ်ရှားစရာအခြေအနေများမှာ သူ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်အတွက် အတားအဆီးများဖြစ်နိုင်ပေသည်။

တစ်ခါတစ်ရံ တစ်ချို့လူနာရှင်များသည် သူတို့လူနာများ၏၊အခြေအနေကို ကေစီ မှန်မှန်ကန်ကန် မဖော်ပြဟုဆိုကာ စိတ်ဆိုးမာန်ဆိုးနှင့် လာရောက်ရန်တွေ့တတ်၏။ အချို့ကလည်း ကေစီ၏ ညွှန်ကြားချက်အတိုင်း လုပ်သော်လည်း ရောဂါပျောက်


www.burmeseclassic.com

www.burmeseclassic.com


ကြောင်း၊ ပြောဆိုပြစ်တင် လာကြလေသည်။

ထိုအခါမျိုးတွင် ကေစီသည် စိတ်မချမ်းမသာဖြစ်ကာ နှိမ့်ချသော စိတ်ထားဖြင့် ရှည်လျားသော တောင်းပန်စာများကို ထိုလူနာရှင်များထံ ရေးတတ်လေသည်။

သူ့စာထဲတွင် သူ့ညွှန်ကြားချက် (ဟောစာတမ်း)များ မည်သည့်အခါမျှ မမှားဟု သူ မပြောနိုင်ကြောင်း၊ တစ်ခါတစ်ရံ သူ လုံးဝနားမလည်နိုင်သော အခြေအနေများက ဟောပြောချက်ကိုလာ၍ ထိခိုက်ဟန်တူကြောင်း၊ တစ်ခါတစ်ရံ အခြေအနေကို ရှင်းရှင်းလင်းလင်း မသိမမြင်ရကြောင်းများကို ဖော်ပြတတ်၏။

စာအဆုံးတွင် သူ့ညွှန်ကြားချက်အတိုင်း မပျောက်ကင်းပါက ဟောပြောခကို ပြန်ယူစေလိုကြောင်းဖြင့် နိဂုံးသတ်လိုက်ကာ၊ ကျသင့်သော ငွေထုတ်ချက်လက်မှတ်တစ်ခုကိုပါ စာအိတ်တွင်၊ ထည့်၍ပေးလိုက်တတ်ပါသည်။

တစ်ခါတစ်ရံ အဆိုပါ လူနာများသည်ပင် နှစ်လသုံးလ၊ အကြာတွင် ကေစီထံသို့ လာကြပြန်ကာ မူလက သူတို့ မယုံကြည်ခဲ့သော်ကြောင့် ကေစီ၏ ညွှန်ကြားချက်များသည် ယခု ဆရာဝန်များ၏ ညွှန်ကြားကုသပုံများနှင့် ကိုက်ညီနေကြောင်း ပြောတတ်ကြ၏။ အချို့ လူနာများမှာ ကေစီ ညွှန်ကြားထားသော ဆေးဝါးဓာတ်စာနှင့် စိတ်ဓာတ်ထိန်းသိမ်းပြုပြင်မှုများနှင့် ပတ်သက်၍ ဟောပြောညွှန်ကြားသည့်အတိုင်း မလိုက်နာကြသဖြင့် ရောဂါမပျောက်ပဲရှိသည်ကို တွေ့ရ၏။


www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဟောပြောညွှန်ကြားချက်များသည် မမှားနိုင်သော ညွှန်ကြားလွှာများ မဟုတ်သည်ကို ကေစီသိ၏။ သို့ရာတွင် အချိန်ကြာလာ၍ ကုသရသည့် အကြိမ်ပိုများလာသည်နှင့်အမျှ သူ၏ စွမ်းရည်သဘောကို ပို၍ နားလည်လာသောအခါ၌မူ သူ၏ ဟောစာတမ်းများမှာ ပို၍ ရှင်းလင်းပြတ်သားလာကာ ပို၍ မှန်ကန်ပျောက်ကင်းမှုပေါင်း များစွာနှင့်စာလျှင် ထိုအမှား အနည်းငယ်မှာ မပြောပလောက်ပေ။

ကေစီ၏ ဟောစာတမ်းကြောင့် ကနေဒါပြည်မှ ခရစ်ယာန် ဘုန်းကြီးတစ်ပါးမှာ ဝက်ရူးပြန်ရောဂါ (epilepsy) ပျောက်ကင်း သွားသည်။ အိုဟိုင်ယိုပြည်နယ် (Ohio)၊ ဒေတန်မြို့ (Dayton) မှ ဘွဲ့ရပြီး ကျောင်းသားတစ်ယောက်မှာ အဆစ်ရောင်ရောဂါ (Arthritis) ပျောက်သွား၏။ နယူးယောက်မှ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက်၏ နှစ်နှစ်ကြာခဲ့ပြီဖြစ်သော ခေါင်းရောဂါ သည် ရက်သတ္တပတ် နှစ်ပတ်အတွင်း ပျောက်ကင်းသွားလေ သည်။

မျှော်လင့်စရာ မရှိတော့ဟု ဆရာဝန်များ လက်လွှတ်ထား သော ကင်းတပ်ကီပြည်နယ်မှ အဆိုတော်အမျိုးသမီးငယ် တစ်ယောက်၏ လေပြင်းရောဂါ (Scleroderma) မှာလည်း တစ်နှစ်အတွင်းမှာပင် အံ့ဩဖွယ်ရာပျောက်ကင်းသွား၏။

ဖီလာဒယ်ဖီးယားပြည်နယ် (Philadelphia) မှ ... တစ်ယောက်မှာလည်း မျက်ဆံမာ၍ မျက်စိသူငယ်အိမ်... မိသလွှာ ဖုံးသော ရောဂါ (Glaudconna) ကြောင့် မမြင်ရပဲ ရှိနေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက်က ကေစီ၏ ဟောစာတမ်းအတိုင်း လိုက်နာကုသပေးသဖြင့် မျက်စိအလင်းကို ပြန်လည်ရရှိလာသည်။

ကိုယ့်ကိုကိုယ် မယုံမရဲဖြစ်နေသော ကေစီသည် အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း သူ၏ ဟောပြောညွှန်ကြားစာတမ်းများကြောင့် ရောဂါပျောက်ကင်း သူများ များပြားလာသောအခါ သူ၏ စွမ်းရည်မှာ ယုံကြည်အားထားလောက်သည်ဟု အခိုင်အမာ ယူဆလာတော့သည်။

သူ၏ စိတ်နယ်လွန်စွမ်းရည်ကို နတ်ဆိုးနတ်ယုတ်၏ ကိရိယာအဖြစ်ထက် ဘုရားသခင်ကပေးသော စွမ်းရည်အဖြစ် မြင်လာတော့၏။

ကေစီ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်ကို မယုံကြည်ကြသော ပုဂ္ဂိုလ်အချို့သည် ကေစီထံလာ၍ ကေစီ၏ စွမ်းရည်ကို အကဲခတ်ကြ၊ စမ်းသပ်ကြလေသည်။ ထိုပုဂ္ဂိုလ်များအနက် ဟားဘတ်တက္ကသိုလ်မှ စိတ္တဗေဒပညာရှင် ဟူးဂိုးမန်းစတားဘတ် (Hugo Munsterberg)သည်လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ မန်းစတားဘတ်သည် နတ်ဝင်အယောင်ဆောင်များ သုံးလေ့ရှိသော အမှောင်ခန်း၊ဘီဒို စသောကိရိယာများကို ကေစီ အသုံးပြုလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် လာခဲ့၏။ သို့သော် နေ့ခင်းကြောင်တောင် အလင်းရောင်ထင်းထင်းကြီးရနေသော နေရာတွင် ခုံတန်းလျားတစ်ခုပေါ်၌ ပက်လက်လှန်ကာ အိပ်မွေ့ချ နေရာမှ အိပ်မွေ့ညွှန်ကြားချက်များကို ဖြေကြားပြောဆိုနေသည့် ကေစီကို တွေ့ရသောအခါ မန်းစတားဘတ်မှာ အံ့တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်သွားတော့သည်။

မန်းစတားဘတ်သည် ကေစီညွှန်ကြား ဟောပြောနေချိန် အနီးကပ်၍ လေ့လာ၏။ အကဲခတ်သည်။ ကေစီ၏ ယခင်ဟော ပြောညွှန်ကြားချက် မှတ်တမ်းများကို စေ့စေ့စပ်စပ် စစ်ဆေး ကြည့်ရှုသည်။ ကေစီ၏ ညွှန်ကြားချက်ကြောင့် ရောဂါပျောက် ကင်းသွားသူများကို တွေ့ဆုံမေးမြန်းသည်။

နောက်ဆုံးတွင် ကေစီလိမ်နေသည်ထင်၍ အလိမ်ဖော်ရန် လာကြသည့် အခြားသူများနည်းတူ မန်းစတားဘတ်သည်လည်း ကေစီ၏ စိတ်နယ်လွန်စွမ်းရည် အစစ်အမှန်ဖြစ်ကြောင်း ယုံကြည် လက်ခံသွားရတော့၏။ လက်တွေ့လေ့လာ၍ သိရှိရသော အချက် များနှင့် ကေစီ၏ ဟန်ဆောင်ခြင်းကင်းသော ရိုးသားမှုက မန်းစတားဘတ်၏ သံသယများကို လုံးဝကင်းစင် လွင့်ပျောက် သွားစေလေသည်။

အခြားတစ်ဖက်မှလည်း အမြင်ကျယ်၍ စိတ်ထားကောင်း ခွန်ကြသူများက လူ့အကျိုးပြုလုပ်ငန်းနှင့် သိပ္ပံပညာ သဘော အရ အရေးပါပုံတို့ကို သိရှိကာ ကေစီ၏ ထူးဆန်းသော အလုပ်ကို စိတ်ဓာတ်ရော ငွေကြေးပါ အကူအညီပေးကြ၏။ ထိုပုဂ္ဂိုလ်များက 'ကေစီဆေးရုံ' တစ်ခု တည်ထောင်၏။ ထိုဆေးရုံ တွင် ဝေဒနာရှင်များကို ကေစီ၏ ဟောပြောညွှန်ကြားချက်များ အတိုင်း ဆရာဝန်များက ကုသပေးလျှင် အများအတွက်ပို၍ အကျိုးသက်ရောက်စေနိုင်မည်ဟု ကြံစည်စိတ်ကူးမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြံအစည်ကို ငွေကြေးကြွယ်ဝသော မော်တန်ဘလူးမင်သော် (Morton BluMenlthal) ဆိုသူက အကောင်အထည်ဖော်လိုက်လေသည်။ မော်တန်သည် ကေစီ၏ စွမ်းရည်ကြောင့် ရောဂါပျောက်ကင်းရသူ တစ်ယောက်ဖြစ်သည်။ သူသည် ၁၉၂၉ ခုနှစ်တွင် ဗာဂျီနီယာဘိ(ချ်) တွင် ကေစီဆေးရုံကို ဖွင့်လှစ်လိုက်၏။ နှစ်နှစ်မျှကြာသောအခါ မော်တန်မှာ စတော့ဈေးကွက်တွင် အရှုံးပေါ်နေ၍ ငွေကြေးအကျပ်အတည်းတွေ့လာသဖြင့် ဆေးရုံကို ပိတ်ပစ်လိုက်ရလေသည်။

(၁၉၄၂) ခုနှစ်တွင် ကေစီ၏ အတ္ထုပ္ပတ္တိကို သောမတ်ဆူဂရူး (There is a River by Thomas Sugrue) ဆိုသူက ရေးသားထုတ်ဝေလိုက်၏။ တစ်ဖန် (၁၉၄၃) ခုနှစ် စက်တင်ဘာလထုတ် ကော်ရိုနယ် (Coronel) မဂ္ဂဇင်းတွင် "ဗာဂျီနီယာဘိ(ချ်)မှ အံ့ဖွယ်လူသား" ဟူသော ခေါင်းစဉ်ဖြင့် ကေစီအကြောင်း ဆောင်းပါးတစ်ပုဒ် ပါလာလေသည်။

ယင်းအတ္ထုပ္ပတ္တိစာအုပ်နှင့် ဆောင်းပါးကြောင့် ကေစီမှာ တိုင်းကျော်ပြည်ကျော် ဖြစ်သွားကာ အမေရိကန်ပြည်အနှံ့အပြားရှိ ဝေဒနာရှင်များထံမှ စာအမြောက်အမြား သူထံသို့ ရောက်ရှိလာတော့၏။

ကေစီသည် မည်သည့်ဝေဒနာရှင်ကိုမျှ ငြင်းပယ်မလွှတ်ရက်သဖြင့် အားလုံးကိုပင် လက်ခံထားရ၏။ ထို့ကြောင့် ဝေဒနာရှင်များမှာ တစ်နှစ်ခွဲ ကြိုတင်၍ပင် စာရင်းသွင်းထားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေစီသည် တစ်နေ့တစ်နေ့တွင် လူနာဝေဒနာရှင် နှစ်ဦးကိုသာ ဟောပြောညွှန်ကြားရမည် ဖြစ်သော်လည်း၊ အခြေအနေအရ ရှစ်ဦးအထိပင် ဟောပြောညွှန်ကြား ပေးနေရလေသည်။

အိပ်ပျော်နေစဉ်အတွင်း အလုပ်လုပ်ခြင်းသည် သက်သာသည်ဟု ထင်စရာဖြစ်သော်လည်း စင်စစ်မှာ အာရုံကြောစွမ်းအား အလွန်ကုန်သော အလုပ်ဖြစ်ပါသည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ မပြတ်တမ်းအာရုံကြောများကို အသုံးပြုရသည့် အလုပ်ကိုလုပ်နေရသော ကေစီမှာ တစ်ဖြည်းဖြည်း ကျန်းမာရေး ယိုယွင်းလာပြီး နောက် (၁၉၄၅) ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် အသက် (၆၇)နှစ်၌ ကွယ်လွန်သွားလေသည်။

မိမိ သူတစ်ပါးနှစ်ဦးသားတို့၏ ကိုယ်ခန္ဓာ အတွင်းအပြင် အခြေအနေတို့ကိုလည်းကောင်း၊ရောဂါဝေဒနာတို့ကို လည်းကောင်း တိတိကျကျ ပြက်ပြက်ထင်ထင် စိတ်နယ်လွန် မြင်နိုင်စွမ်းသော နတ်မျက်စိပိုင်ရှင် အမြင်ပေါက်သော အက်ဂါကေစီသည် သေခြင်းတရားကိုမူကား ကြိုတင်၍ မြင်နိုင်စွမ်းမရှိနိုင်ပါချေတကား။

စိတ်နယ်လွန်အမြင်ပေါက်သော အများအကျိုးဆောင် အက်ဂါကေစီ၏ ဘဝဇာတ်လမ်းကား တစ်ခန်းရပ်သွားခဲ့ပေပြီ။ ဆို့သော် မည်သို့မည်ပုံ သူပိုင်ဆိုင်ရရှိလာသည်ဟု သူကိုယ်တိုင်သော်မှ ရှင်း၍မပြနိုင်သော သူ၏ စိတ်နယ်လွန် မြင်နိုင်စွမ်းရည်မှာမူ သူနှင့်အတူ မြေကြီးအတွင်းသို့ သက်ဆင်းပါသွားခြင်း မရှိပဲ၊ လူ့လောကအား နည်းတစ်မျိုးဖြင့် အကျိုးပြုနေဆဲပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမှာ လူသားတွင် စိတ်နယ်လွန်မြင်နိုင်စွမ်းရည် အစစ်အမှန်ရှိသည်ဆိုသော အချက်အတွက် သက်သေခံ အမြောက်အမြားတွင် ကေစီ၏ စွမ်းရည်က နောက်ထပ် သက်သေဖြည့်စွက်၍ ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

ကေစီ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်ကား မယုံကြည်သူတို့၏ တိကျသေချာသော စမ်းသပ်စစ်ဆေးမှု အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရသဖြင့် မှတ်ကျောက်အတင်ခံရသည့် စွမ်းရည်သာတည်း။

သူ၏ စိတ်နယ်လွန်စွမ်းရည်မှာ သူတစ်ပါးတို့မမြင်နိုင်သည်ကို မြင်ရုံမျှသာမက မြင်သည့်အလျောက် အကျိုးလည်း ပြုနိုင်ခဲ့သည်။ အကျိုးပြုနိုင်ခဲ့သည့် အလျောက်လည်း ပြုခဲ့ပေသည်။

♦♦♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## အက်ဂါကေစီနှင့် တမလွန်ဘဝ ပြဿနာ

ကေစီ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်မှာ လူ့လောက အကျိုးပြုလုပ်ငန်းကို လုပ်ဆောင်လာခဲ့သည့်နှစ်ပေါင်း နှစ်ဆယ် ကာလပတ်လုံး ထောင်ပေါင်းများစွာသော ဖြစ်ရပ်တို့၌ ယုံကြည် အားထားရသည့် စွမ်းရည်ဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။

သူ၏ထူးဆန်းသောလုပ်ငန်း၌ နောက်တစ်ဆင့် တိုးတက် လာပုံကို စာဖတ်သူများ ပြန်လည်သတိပြုဘို့ လိုအပ်လာပါလိမ့် မည်။



www.burmeseclassic.com

www.burmeseclassic.com



အစတွင် ကေစီ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်သည် ပကတိမျက်စိဖြင့် မမြင်ရသော ခန္ဓာကိုယ်အတွင်းဘက် အစိတ်အပိုင်းများဆီသို့ ဦးတည်လျက်ရှိ၏။ ထိုစွမ်းရည်ကို ပြင်ပဖြစ်သော စကြဝဠာဆီသို့လည်းကောင်း၊ လူသားနှင့်စကြဝဠာ ဆက်နွယ်ပတ်သက်မှုဆီသို့လည်းကောင်း၊ လူသား၏ ကံကြမ္မာပြဿနာဆီသို့လည်းကောင်း ဦးတည်ပေးနိုင်သည်ဆိုသည့် အချက်ကို နှစ်ပေါင်းများစွာ ကြာလာသည့်တိုင်အောင် မည်သူတစ်ဦးတစ်ယောက်မျှ မစဉ်းစားမိခဲ့ကြပေ။

အိုဟိုင်ယိုပြည်နယ်၊ ဒေတန်မြို့မှ ပစ္စည်းဥစ္စာ ချမ်းသာသော၊ ပုံနှိပ်တိုက်ပိုင်ရှင် အာသာလင်းမား (Arthur Lanmers) ဆိုသူသည် သူ၏ မိတ်ဆွေတစ်ယောက်ထံမှ ကေစီ၏ သတင်းကို ကြားသိရသောအခါ ကေစီ၏လုပ်ဆောင်ချက်များကို စောင့်ကြည့်ရန်ထိုအချိန်က ကေစီနေထိုင်သော အယ်လဘားမားပြည်နယ် ဆယ်လမာမြို့သို့ အထူးခရီးထွက်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ လင်းမားတွင် ကျန်းမာရေးအတွက် ကေစီနှင့်ဆက်သွယ်ရန် ပြဿနာမပေါ်ပေ။သို့ရာတွင် ရက်ပေါင်းများစွာ လေ့လာအကဲခတ်ပြီးသောအခါမှာမူ ကေစီ၏သဘာဝလွန် (စိတ်နယ်လွန်) မြင်နိုင်စွမ်းရည်မှာ အစစ်အမှန်ဖြစ်ကြောင်း လင်းမား စိတ်ချယုံကြည်သွားလေသည်။

လင်းမားသည် ဗဟုသုတကြွယ်ဝ၍ ဉာဏ်ထက်မြက်သူ ဖြစ်၏။ ထို့ကြောင့် ပကတိမျက်စိဖြင့် မမြင်မသိနိုင်သော အစစ်အမှန် သဘောများကို သိမြင်နိုင်သည့်စိတ်သည် လူနာ၏



www.burmeseclassic.com

www.burmeseclassic.com



အသည်း၊နှလုံး၊ကျောက်ကပ် စသည်တို့၏ လုပ်ငန်းထက် ပိုမို ကျယ်ပြန့်သည့် အစီပွါယ်ကို ဆောင်သော ပြဿနာများကို ဖြေရှင်းရန် အလင်းရောင်ပေးနိုင်ကောင်း ပေးနိုင်လိမ့်မည့်ဟု လင်းမား စဉ်းစားမိလေသည်။

မည်သည့် တွေးခေါ်ရေးစနစ်သည် အမှန်တရားနှင့် အနီးစပ်ဆုံး ဖြစ်သနည်း။ ကမ္ဘာပေါ်တွင် လူသား၏ တည်ရှိနေခြင်းသည် ရည်ရွယ်ချက် တစ်ခုခုရှိရမည်ဆိုလျှင် ထိုရည်ရွယ်ချက်ကား အဘယ်နည်း။ 'မသေသည့်သဘောဟူသော အယူအဆ' ၌ အမှန်တရား တစ်စုံတစ်ရာ ရှိသလော။

အကယ်၍ ရှိခဲ့လျှင် လူသည် သေဆုံးသွားပြီးနောက် မည်သို့ဖြစ်ပျက်သွားသနည်း။ ယင်းမေးခွန်းများကို ကေစီ၏ စိတ်နယ်လွန် အမြင်စွမ်းရည်က အဖြေပေးနိုင်ပါမည်လော။ ကေစီ သိပါချေ။

ထိုမျှ နက်နဲသော သဘောတရားများနှင့် ပတ်သက်သည့် မေးခွန်းများကို ကေစီတစ်ခါမျှ မစဉ်းစားခဲ့ဘူးပေ။ ဘုရားရှစ်ခိုးကျောင်းတွင် သူသင်ယူခဲ့ရသော ဘာသာတရားကိုလည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိပဲ ကေစီလက်ခံခဲ့ခြင်းသာ ဖြစ်ပါသည်။ ထိုဘာသာတရား၏ မှန်ကန်မှုကို သဘာဝတ္တပညာနှင့်သော်လည်းကောင်း၊ အခြားဘာသာတရားတစ်ခုခုနှင့်သော်လည်းကောင်း၊ နှိုင်းယှဉ်၍ ဝေဖန်သုံးသပ်မှုဆိုသည်မှာလည်း ကေစီ၏ဆင်ခြင်တုံဉာဏ်အတွက် အစိမ်းသက်သက်သာ ဖြစ်နေပေသည်။

www.burmeseclassic.com



သူသည် ဝေဒနာခံစားနေရသူများကို ကူညီလိုသော ကောင်းမြတ်သည့် စိတ်ဆန္ဒကြောင့်သာလျှင် ဤမျှ သဘာဝ ကျသော အိပ်ခြင်းဖြင့် အိပ်ကာ သူ၏အလုပ်ကို ဆက်လက်၍ လုပ်ဆောင်နေခဲ့ခြင်း ဖြစ်ပါသည်။ သူ၏ အမြင်စွမ်းရည်သည် ရောဂါကုသခြင်းမှ တစ်ပါး အခြားသော ဖြစ်နိုင်ဖွယ်အချက်တို့ကို လက်မွန်မဆွ သိမြင်သူမှာကား လင်းမားသာ ဖြစ်ပါသည်။

လင်းမားသည် သူ၏ အလုပ်ကိစ္စများကြောင့် ဆယ်လယ်မာ၌ ဆက်လက်နေရန် မဖြစ်တော့သဖြင့် ဒေတန်တွင် သူ၏ ဧည့်သည်အဖြစ်နှင့် သီတင်းတစ်ပတ်၊နှစ်ပတ်မျှလာရောက် နေထိုင်ရန် ကေစီကို ဖိတ်ခေါ်လေသည်။

ကေစီသည် သူ့အမှုတော်ထမ်းရန် ဘုရားသခင်က လမ်းသစ်ဖွင့်ပေးသည်ဟု မှတ်ယူကာ လင်းမား၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်၏။

လင်းမားတွင် ဗေဒင်ပညာနှင့် ပတ်သက်၍ စူးစမ်းလို စိတ်များ ပေါ်ခဲ့သည်မှာ မကြာလှသေးပေ။ အကယ်၍ ဗေဒင် ပညာသည် အမှန်အကန် ဖြစ်ပါမူ၊ ယင်းပညာသည် လူကို စကြဝဠာ၏ အခြားအရာများနှင့် ဆက်စပ်ပေးသောစနစ် ကောင်း တစ်ခုဖြစ်ပေလိမ့်မည်ဟု လင်းမား စဉ်းစားမိလေသည်။

ထို့ကြောင့် (၁၉၂၃)ခုနှစ်၊အောက်တိုဘာလ တစ်ညနေခင်း တွင် ဒေတန်မြို့ရှိ မိလတ်ဟိုတယ်၌ အိပ်မွေ့ကျနေသော ကေစီကို ညွှန်ကြားချက်ပေးသောအခါ လင်းမား၏ ခန္ဓာကိုယ်အတွင်းပိုင်း

www.burmeseclassic.com



ကြည့်ရှုရန် မညွှန်ကြားဘဲ၊ လင်းမား မွေးဖွားချိန်က ဂြိုဟ်နေ ဂြိုဟ်သွားကို ကြည့်ရှုရန် ညွှန်ကြားလိုက်၏။

အိပ်မွေ့ကျနေသော ကေစီသည် တိုတောင်း၍ ကြေးနန်းစာဆန်သော ဝါကျသွားဖြင့် ဂြိုဟ်နေ၊ဂြိုဟ်သွားတို့ကို ဖြေကြားသည်၊ ဆုံးခါနီးတွင်မူ စိတ်မပါ၍ ပြတ်တောင်းပြတ် တောင်း လေသံမျိုးဖြင့်....။

"သူ......တစ်......ခါ......တုန်း......က......ဘုန်း......ကြီး...... တစ်ပါး......ဖြစ်......ခဲ့......ဘူး......တယ်" ဟူသော ထူးဆန်းသည့် စကားလုံးများကို ကေစီ၏ နှုတ်ဖျားမှ မမျှော်လင့်ပဲ ကြားရလေ တော့သည်။

ကေစီ၏ နှုတ်မှ ထွက်လာသော ဝါကျတွင် စကားလုံး ငါးလုံးက စာစုံအောင် လေ့လာဖတ်ရှုဘူးထား၍ လူသား၏ ကံကြမ္မာနှင့် ပတ်သက်ထင်ရှားသလို အယူအဆများကို လေ့လာ ကျေပြွန်ပြီးဖြစ်သော လင်းမား၏ ဦးနှောက်ကို ယောက်ယက်ခတ် သွားအောင် မွှေနှောက်ပစ်လိုက်လေတော့သည်။

ကေစီ၏ စိတ်နယ်လွန်မြင်နိုင်စွမ်းရည်က ရှေးဟောင်း တမလွန်ဘဝအယူအဆကို ဖြစ်ရပ်မှန်တစ်ခုအနေဖြင့် သိမြင်သည် ဟု၊ ဤစကားလုံးများက ဆိုလိုနေသလော။ ကေစီ၏ ဟောပြော ချက်သည် လင်းမား၏ သိချင်စိတ်ကို ကျေနပ်နှစ်သိမ့်မှု ပေးနိုင်ဖို့ ဝေးစွ၊ ပို၍ပင် နှိုးဆွပေးလိုက်သလို ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေစီ အိပ်မွေ့ ပြယ်၍ ထလာသောအခါ လင်းမားသည် သူ၏ လက်ရေးတိုစာရေးနှင့် အတွင်းရေးမှူး လင်ဒန်ရှိုင်းယား (linden Shroyer) တို့နှင့် ကေစီ၏ ဟောပြောချက်သည် မည်သို့သော် ဟောပြောချက်သည် မည်သို့သော် အဓိပ္ပာယ်ဆောင် နေသည်ကို စိတ်အားထက်သန်စွာ ဆွေးနွေးလျက်ရှိလေသည်။

တမလွန်ဘဝ အမှန်အကန်ရှိကြောင်း၊လုံလောက်သော သက်သေသာဓကေပြနိုင်လျှင် ကေစီ၏ ဟောပြောချက်များသည် သဘာဝတ္တဗေဒ၊စိတ်ပညာနှင့် ဘာသာရေးတရားတို့အပေါ် လူတို့ ထားရှိသော လက်ရှိအယူအဆများကို ပြုပြင်ပြောင်းလဲပစ်နိုင် လိမ့်မည်ဟု လင်းမားကဆိုလေသည်။

အကယ်၍ ကေစီသည် တမလွန်နှင့်ပတ်သက်၍ နောက် ထပ် ဟောမည်ဆိုလျှင် တမလွန်နိယာမ၏ သရုပ်သကန်များကို တိတိကျကျ တွေ့ရှိကောင်းတွေ့ရှိနိုင်ပေမည်ဟု လင်းမားယူဆ၏။

ဆိုလိုရင်းမှာ တမလွန်နိယာမသည်နှင့် ဇေဒင်ပညာတို့ ပူးပေါင်း၍ လူ့ဘဝလူ့အရည်အသွေးနှင့် လူ့ကံကြမ္မာတို့ကို မည်သို့ ရှင်းပြသနည်းဆိုသော ပြဿနာများကို ဖြေရှင်းကောင်း ဖြေရှင်းနိုင်ပေမည်။

ထို့ကြောင့် လင်းမားသည် တမလွန်နှင့် ပတ်သက်၍ နောက်ထပ်ဟောပေးပါရန် ကေစီအား အလေးသုံး၍ တောင်းပန်တော့၏။ ကေစီသည် စိတ်မပါ့တစ်ပါနှင့်ပင် လင်းမား ၏တောင်းပန်ချက်ကို လက်ခံသဘောတူလိုက်၏။ ကေစီအိပ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ကျနေစဉ် လင်းမား၏ မေးခွန်းများကို ဖြေဆိုရာတွင် လင်းမား၏ အတိတ်ဘဝအတွေ့အကြုံများနှင့် ပတ်သက်၍လည်းကောင်း၊ လင်းမား စုံစမ်းစစ်ဆေးရန် အစပျိုးထားသော ပြဿနာနှင့် ပတ်သက်၍လည်းကောင်း ကေစီ၏အဖြေများမှာ ပို၍တိကျလာသလို အသေးစိတ်လာလေသည်။

ကေစီ၏ ဟောစာတမ်းအရဆိုလျှင် ဇေဒင်ပညာ၌ အတော်အတန် မှန်ကန်မှုပါရှိလာ၏။ စကြဝဠာသည် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းရေးအတွက် သံသရာစက်ဝန်းကို စီမံဖန်တီးထားသည်။ လူသည် လူ့ဘဝနှင့် အခြားဘဝများတွင် တစ်လှည့်စီ ဖြစ်နေ၏။ ယခု လူတို့လေ့လာဟောပြောနေသော ဇေဒင်ပညာသည် အမှန်သဘောကို ခန့်မှန်းရုံမျှသာဖြစ်သည်။ တိတိကျကျ ပြည့်ပြည့်စုံစုံကား မမှန်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းပညာသည် တမလွန်ဘဝကို ထည့်သွင်းမစဉ်းစားသော ကြောင့်လည်းကောင်း၊ ထိုပညာရပ်၏ အရှိန်အဝါသည် လူ၏ အတိတ်ဘဝအတွေ့အကြုံများနှင့် ခန္ဓာကိုယ်အတွင်းရှိ ဂလင်း (Gland)တို့ တည်နေပုံစနစ်များမှ တစ်ဆင့် လူကို မည်သို့မည်ပုံ အကျိုးသက်ရောက်စေသည်ဆိုသောအချက်ကို အပြည့်အစုံ နားမလည်သောကြောင့်လည်းကောင်း ဖြစ်ပေလိမ့်မည်။

လင်းမားသည် ဇေဒင်ပညာနှင့် တမလွန်ဘဝအယူအဆ နှစ်မျိုးလုံးကို သေချာစွာလေ့လာ သိရှိထားသူဖြစ်ပါသည်။ သို့ရာတွင် ယခုကေစီဟောသကဲ့သို့ ယင်းနှစ်မျိုးတို့ အချင်းချင်း ဆက်သွယ်မှုရှိနေကြောင်းကိုမူ မစဉ်းစားမိခဲ့ပေ။

www.burmeseclassic.com



ဖော်ပြပါ တွေ့ရှိချက်များမှာ ကောစီအတွက် အလွန်တစ်ရာ ထူးဆန်းနေဟန်ရှိ၏။ လင်းမားကမူ ရှေ့သို့တစ်ဆင့်တက်ရန်သာ စိတ်ကူးနေ၏။ သူတို့သည် ဇေဒင်ပညာသဘော သက်ရောက်သော မေးခွန်းများကို မေးခြင်းထက် အခြားပိုမိုလျော်ကန်သော မေးခွန်းများကို မေးရလျှင် အတိတ်ဘဝအကြောင်းများကို ပို၍ သိနိုင်ပေလိမ့်မည်ဟု စဉ်းစားမိလာကြလေသည်။ ထို့ကြောင့် အိပ်မွေ့ညွှန်ကြားချက်များကိုပြောင်း၍ ကောစီအားမေးကြတော့၏။

........နိုင်ငံ၊........ပြည်နယ်၊........ခရိုင်၊........မြို့၊........ရပ်ကွက်၊........လမ်း၊........အမှတ်၊........၌ ........ခုနှစ်၊........လ........နေ့တွင် ဖွားမြင်သော မောင်/မ........ သည် သင်၏ရှေ့၌ ရောက်ရှိနေပါပြီ။ သင်သည် ဤပုဂ္ဂိုလ်နှင့် စကြဝဠာ၏ ဆက်စပ်မှုကို လည်းကောင်း၊ဤသူ၏ ပုဂ္ဂိုလ်အရည်အသွေးအဖြစ်ဖြင့် ထင်ရှားသော အခြေအနေတို့ကိုဖော်ပြလျက်၊ သူ့ ယခုဘဝ၌ ရရှိထားသော၊ သဘာဝအင်အားများကိုလည်း အချိန်၊နေရာ၊နာမည်နာမ နှင့်တကွ ပြောပြပါ။ သူ၏ ဘဝအသီးသီး၌ သူ၏တိုးတက်မှုကို တည်ဆောက်ပေးသော သို့မဟုတ် နှောင့်နှေးစေသော အချက်များ ကိုလည်း ပြောပြပါ။

ဤအခါမှ အတိတ်ဘဝနှင့် စပ်လျဉ်းသော ဟောပြောချက်များမှာ ပို၍တိကျ ပြတ်သားလာကာ "ဘဝဟောစာတမ်း" ဟူသော ဝေါဟာရသည်လည်း အလိုလိုထင်ရှားလာတော့သည်။ ကိုယ်ခန္ဓာကျန်းမာရေးနှင့် ပတ်သက်သော ဟောစာတမ်းများကိုမူ ဘဝဟောစာတမ်းနှင့် ခြားနားစေရန် "ကာယဟောစာတမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်ဝေါ်လာကြတော့၏။ ဟောစာတမ်းနှစ်မျိုးစလုံးအတွက် လုပ်ငန်းစဉ်မှာ အတူတူပင်ဖြစ်ပါသည်။

ဘဝဟောစာတမ်းများကို ဆက်ခါဆက်ခါ ဟောရသည့် အခါတိုင်း ကေစီသည် ဆောက်တည်ရာမရလောက်အောင် ခေါင်းမူးလာတတ်၏။ ထို့ကြောင့် သူ့ကိုယ်ကို ပြန်၍ ကာယ ဟောစာတမ်းဟောကြည့်ရာ ဘဝဟောစာတမ်းအတွက် အနေ အထားပြောင်းဖို့ လိုလာကြောင်းသိရ၏။ကာယဟောစာတမ်း ဟောနေစဉ် ဦးခေါင်းကိုတောင်၊ခြေထောက်ကို မြောက်ဘက် အနေအထားမှာ ကေစီအတွက် ပို၍ အဆင်ပြေခဲ့၏။

ယခုဘဝဟောစာတမ်းအတွက်မူ ဦးခေါင်းမြောက်၊ ခြေထောက်ကိုတောင်ဘက်အနေအထားသို့ ပြောင်းပေးရန် လိုအပ် လာသည်။ အဘယ်ကြောင့် ဤသို့ပြောင်းဖို့လိုအပ်လာသည်ကိုမူ ကေစီလည်း ရှင်းလင်းမပြတတ်ပေ။

လင်းမား၏ အကြံပေးချက်အရ ကေစီသည် သူ၏ အတိတ်ဘဝဟောစာတမ်းကို ဟောကြည့်၏။ ကေစီ၏အတိတ် ဘဝဟောစာတမ်းအရဆိုရသော် ကေစီသည် ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော တစ်ချိန်တုန်းက အီဂျစ်ပြည်တွင် ကြီးမားသော တန်ခိုးကို ရရှိသည့်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့သည်။ သို့သော် သူ၏ ခေါင်းမာမှုနှင့် ကာမဂုဏ်အာရုံလိုက်စားမှုကြောင့် သူ၏တန်ခိုးများ ချက်ပြယ်ခဲ့ရလေသည်။

ထို့နောက် တစ်ဘဝမှာမူ ပါးရှား၌ ဆေးသမားဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သဲကန္တာရတိုက်ပွဲတစ်ခု၌ ဒဏ်ရာအပြင်းအထန်ရကာ သဲပြင်ပေါ်တွင် သေလုမျောပါးနှင့် ကျန်ရစ်ခဲ့သည်။ တစ်ယောက်တည်း အစာလည်းမစားရ၊ ရေလည်းမသောက်ရ၊ ခိုစရာအရိပ်ကလေးများပင်မရှိပဲ၊ သုံးနေ့နှင့် သုံးညဥ့်လုံးလုံး သဲပြင်ပေါ်တွင် ကြီးမားလှသော ကာယဒုက္ခကို ခံစားရသဖြင့်၊ သူ၏စိတ်ကို ခန္ဓာကိုယ်မှ ခွာထုတ်ရန် အပြင်းအထန်ကြိုးစားခဲ့ရာ ထမြောက်အောင်မြင်ခဲ့၏။ ယင်းအချက်သည် ယခုဘဝ၌ သူ၏စိတ်ကို သူ့ခန္ဓာကိုယ် နယ်နမိတ်ပြင်ပသို့ ထုတ်လွှတ်စေနိုင်သည့် သူ့စွမ်းရည်၏ အခြေခံ တစ်စိတ်တစ်ဒေသဖြစ်လာသည်။

ယခုဘဝ၌ သူ၏ကောင်းကျိုး၊ဆိုးပြစ်အားလုံးမှာ ယခင်ဘဝများက သူ၏ကုသိုလ်၊အကုသိုလ်များကြောင့် ဖြစ်သည်ဟု ဆိုသည်၊သူသည် ယခုဘဝ၌ ကိုယ်ကျိုးမဘက်ပဲ လူ့လောကကို အလုပ်အကျွေးပြုရန် အခွင့်အရေးကိုရခဲ့၏။

သို့ဖြင့် သူ၏ယခင်ဘဝများမှ မာနထောင်လွှားမှုများ၊ ကာမဂုဏ်အာရုံလိုက်စားမှုများနှင့် ရုပ်ဝါဒယုံကြည်မှုများကို ပြန်လည် အကြွေးဆပ်ခွင့် ရရှိခဲ့သည်။

လင်းမားသည် နောက်ထပ်တွေ့ရှိရသော ဘဝဟောစာတမ်းကိုဟောနိုင်သည့် စွမ်းရည်သစ်၏အရေးပါပုံကို သိရှိသဖြင့် ဤစွမ်းရည်နှင့် ပတ်သက်၍ ထပ်မံသုတေသနပြုရန် စိတ်စေနေလေသည်။

ထို့ကြောင့် ကေစီ၏မိသားစုကို ဒေတန်သို့ခေါ်စေလို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် ဒေတန်၌နေထိုင်ကြသည့်အတောအတွင်း သူတို့မိသားစု၏ စားဝတ်နေရေးကို မိမိတာဝန်ယူမည်ဖြစ်ကြောင်း ကေစီအား ပြောပြလေသည်။

ကေစီ၏သဘောတူညီချက်အရ လင်းမားက စီစဉ်လိုက်ရာ မစ္စကေစီ၊သူ၏သားနှစ်ယောက်နှင့် အတွင်းရေးမှူး မစ္စဂလက်ဒီဒေဝိတို့လေးယောက်သည် ဒေတန်သို့ရောက်လာကြတော့၏။ ဒေတန်သို့ရောက်၍ ကေစီ၏ စိတ်နယ်လွန်စွမ်းရည်အကြောင်းကို ကေစီမိသားစု ကြားသိရသောအခါ တအံ့တသြဖြစ်ကာ ယုံကြည်ဖို့ရန် ခပ်ခက်ခက်ဖြစ်နေကြ၏။ ထို့ကြောင့်ပင် သူတို့၏သိချင်စိတ်နှင့် စိတ်ဝင်စားမှုများမှာ တက်ကြွပြင်းထန်လာကြသည်။

သို့ဖြင့် ကေစီမိသားစုလေးယောက်ကို အတိတ်ဘဝဟောစာတမ်းဟောကြည့်ကြ၏။ ဟောစာတမ်းအတိုင်းသည် သူတို့အသီးသီး၏ စိတ်နေစိတ်ထားနှင့် အရည်အသွေးတို့ကို ပွင့်ပွင့်လင်းလင်း ကွင်းကွင်းကွက်ကွက် ဖော်ပြထားရုံမျှမက၊ထိုစိတ်နေစိတ်ထားနှင့် အရည်အသွေးတို့သည် သူတို့၏အတိတ်ဘဝ၌ အကြောင်းခံလျက်ရှိကြောင်းကိုပါ အတိတ်ဘဝဟောစာတမ်းက ညွှန်ပြထားလေသည်။

ကေစီသည် သူ့သားတစ်ယောက်ကို.....

"မင်းဟာ လေးဘဝလုံးလုံး သိပ္ပံသုတေသီပညာရှင်ဖြစ်ခဲ့ပြီးပြီ၊ဒီဘဝမှာ ကိုယ့်အကျိုးကိုသာ ကြည့်တတ်တဲ့ ရုပ်ဝါဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်လာခဲ့တယ်”

ဟု ဟောပြောခဲ့၏။ အခြား သားတစ်ယောက်ကိုမူ…

“မင်းမှာ အင်မတန်ဆိုးသွမ်းတဲ့စိတ်ဓာတ်ရှိတယ်၊ အဲ့ဒီ စိတ်ဓာတ်ကြောင့် အီဂျစ်နဲ့ အင်္ဂလန်မှာ မင်းစိတ်ဆင်းရဲခဲ့ ရဘူးတယ်၊ ဒါကြောင့် ခုဘဝမှာ မင်းစိတ်ကို ထိန်းသိမ်းနိုင် အောင်ကြိုးစားပါ”

ဟု ဟောခဲ့လေသည်။

ကေစီ၏ ဘဝဟောစာတမ်းများမှာ အံ့သြဖွယ်ကောင်း လောက်အောင် မှန်ကန်လှပေသည်။ အဟောခံရသူ၏စိတ်နေ စိတ်ထားကို ဖော်ပြချက်များသည်လည်း ရိုးရိုးရှင်းရှင်းနှင့် ဖြောင့်စင်း မှန်ကန်သော ဟောဆိုချက်များသာဖြစ်ပါသည်။ ကေစီနှင့် ရင်းနှီး ကျွမ်းဝင်သူတို့အတွက်သာမဟုတ်ပဲ၊ လန်ဒန်ရှမ္ပိုင်းယားနှင့် လင်းမား၏ အခြားမိတ်ဆွေများကဲ့သို့သော တစိမ်းတရံစာများ အတွက်လည်း ကေစီ၏ ဘဝဟောစာတမ်းများမှာ မှန်ကန်လှ ပေသည်။

ထိုအချက်ကြောင့် လင်းမားမှာ ပို၍ပင် စိတ်အားထက် သန်လာသော်လည်း ကေစီမှာမူ စိတ်မချမ်းသာမှုများကိုသာ တိုး၍တိုး၍ ခံစားလာရသည်။ အကြောင်းအရင်းမှာ သူ၏ ဘဝဟောစာတမ်းများ မည်သို့သော အဓိပ္ပါယ်ဆောင်သည်ကိုပင် ကေစီမသိပဲ နေ၍မရတော့ပြီ ဖြစ်သောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို သံသယဖြစ်မှုများနှင့် စစ်ဆေးဝေဖန်မှုများက ကေစီကို ပြန်၍ဖမ်းစားပြန်လေပြီ။ သူ၏စိတ်နယ်လွန်ဖြစ်ရပ်ဆန်းသည် ဝေဒနာရှင်များ၏ ရောဂါအခြေအနေကို ဆော်ပြခြင်း၊ ဆေးညွှန်းပေးခြင်းများဖြင့် ဘုရားသခင်အား အလုပ်အကျွေးပြုရာတွင် ယုံကြည်အားထားခဲ့သည်မှာ မှန်ပါ၏။ သို့စေကာမူ သူ၏ယခုအတိတ်ဘဝ ဟောစာတမ်းများတွင် ဘုရားသခင်၏ အလိုနှင့်မညီညွတ်သော၊ ပေးအပ်ထားသည့် မွန်မြတ်သည့်တာဝန်ကို မမှန်မကန် အသုံးပြုသော သဘောသက်ရောက်သကဲ့သို့ရှိပြန်ရာ၊ နောက်ထပ်မည်သို့ဖြစ်လာဦးမည်ကို သေချာစွာ တွေးတောနိုင်အောင် ရှိနေပေသည်။

ကေစီ၏စိတ်တွင် အနှောင့်အယှက်ဖြစ်နေရမှုကို နားလည်ရန်မှာ မခက်ပါချေ။ သူသည် သမရိုးကျ ခရစ်ယာန်အသိုင်းအဝိုင်းမှာ ခရစ်ယာန်ဘာသာမှတစ်ပါး တစ်ခြားသော ကမ္ဘာ့ဘာသာကြီးများအကြောင်းကို သိနားလည်ခွင့်မရရှိသော အသိုင်းအဝန်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ကေစီသည် သူ၏ဘာသာတရားနှင့် အခြားဘာသာတရားတို့၏ တူညီသော နက်နဲသည့်အချက်များကို သိရှိခွင့်မရခဲ့ပေ။ အခြားဘာသာတရားတို့တွင် ပါဝင်သော ကိုယ်ကျင့်တရားများ၊ စိတ်ဓာတ်မြင့်တင်ရေး၊ စိတ်ဓာတ်ငြိမ်းချမ်းရေးဆိုင်ရာတရားများ၏ အနှစ်သာရကိုလည်း သိရှိခွင့်မရခဲ့ပေ။ လိုရင်းအနှစ်တရားများအနက် တမလွန်ဘဝအကြောင်းကိုမူ ကေစီကြားဖူးပင် မကြားဘူးခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့်ပင် ဝိညာဉ်ကူးပြောင်းခြင်းနှင့် တမလွန်ဘဝ ပြဿနာတို့မှာ တစ်ခြားစီဖြစ်ကြောင်းကို ကောစီ ရှင်းရှင်းလင်းလင်း သဘောမပေါက်ခဲ့ပေ။ သူသည် ယခင်ဘဝမှ မိမိတို့ဖခင် ဝင်စားသည့် နွားဖြစ်ကောင်းဖြစ်နေမည်ဟု ယူဆ၍ နွားများကို မသတ်သော ဟိန္ဒူများအကြောင်းကို တစ်နေရာရာ၌ ဖတ်ခဲ့ဘူး သလို၊ နွားချေးပိုးကောင်များ၌ မိမိတို့၏ ကွယ်လွန်သွားသော ဘိုးဘွားများ ရှိကောင်းရှိနေမည်ဟု ယူဆ၍ နွားချေးပိုးကောင် များကို မသတ်သူများအကြောင်းကို ကြားဖူးသလိုလို ဖြစ်နေဟန် တူပေသည်။

သို့သော် မကြာမီကပင် ကောစီမရှင်းလင်းသော အချက်ကို ဖြေရှင်းပေးလိုက်လေသည်။ သူ၏ ဟောစာတမ်းများအရ တမလွန် ဆိုသည်မှာ တစ်ဘဝမှ တစ်ဘဝသို့ ဝိညာဉ်ကူးပြောင်းသွားခြင်း မဟုတ်ကြောင်း ကောစီသဘောပေါက်လာလေသည်။

ယင်းတမလွန်ဘဝ အယူအဆမှာ လူအနွတို့၏ အစွဲ အလမ်းကြီးမှု မဟုတ်ပေ။ ဘာသာရေးရှုထောင့်နှင့် တွေးခေါ် မြော်မြင်ရေးရှုထောင့်တို့မှ ကြည့်လျှင် အလွန်ပင်အရေးထား၍ လေးစားထိုက်သော အယူအဆဖြစ်သည်။ အိန္ဒိယနှင့် ဗုဒ္ဓဘာသာ နိုင်ငံများ၌ သန်းပေါင်းများစွာသောလူတို့သည် ဉာဏ်အမြော် အမြင်ကြီးစွာဖြင့် ထိုတမလွန်အယူအဆကို လက်ခံယုံကြည်ကြ လျှင်၊ ထိုအယူအဆဖြင့် လူတို့၏ ကိုယ်ကျင့်တရားကို ပဲ့ကိုင် ပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေစီ၏ ဟောစာတမ်းများအရ တမလွန်ဘဝဆိုသည်မှာ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတိုးတက်မှုပင်ဖြစ်သည်ဟု သင်းမားက ရှင်းပြ၏။ လူသား၏ စိတ်ဓာတ်သည် တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲတိုးတက်လာခဲ့ရာ နောက်ဆုံးတွင် အမြင့်ဆုံး အပြည့်စုံဆုံးသော အဆင့်သို့ ရောက်ရ၏။

ထိုတမလွန်ဘဝအယူအဆကို လက်ခံယုံကြည်ကြသူများတွင်၊ ကမ္ဘာကျော် သဘာဝတ္တပညာရှင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ ကဗျာဆရာကြီးများနှင့် စာရေးဆရာကြီးများလည်း ပါဝင်ကြ၏။

ဂရိ သဘာဝတ္တပညာရှင်ကြီး ပလေတို (Plato) ဂရိ သဘာဝတ္တပညာနှင့် သင်္ချာဗေဒပညာရှင်ကြီး ပိုက်သာဂိုရပ် (Pythagoras) ၊အီဂျစ်အမျိုးသား သဘာဝတ္တပညာရှင်ကြီး ပလိုတိနပ်(Plotinus)၊အီတလီအမျိုးသား သဘာဝတ္တပညာရှင်ကြီး ဂျော်ဒါနိုဘရူနို (Girdano Bruno)၊ ဂျာမန်စာရေးဆရာနှင့်ကဗျာဆရာနှင့် သိပ္ပံပညာရှင်ကြီး ဂိုသေ (J.W.V Goethe)၊ ဂျာမန် သဘာဝတ္တ ပညာရှင်ကြီး ရှိုပင်ဟောခါး (Schopen hauer)၊ အမေရိကန်စာရေးဆရာကြီး အီမာဆင် ( A.W.Emerson) ၊ အမေရိကန်ကဗျာဆရာကြီး ဝေါ့ဝှစ်မင်း ( Waltwhitman) စသော ဆင်ရှားကျော်ကြား၍ လူသိများလှသော ထိုပညာရှင်ကြီးများသည် တမလွန်ဘဝကို ယုံကြည်ကြကြောင်း သင်းမားက ကိုးကား ရှင်းလင်း၍ ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေစီသည် လင်းမား၏ ရှင်းပြချက်များကို ကျေနပ်သွား၏။သို့သော် သူသည်တမလွန်အယူအဆကို လက်ခံလိုက်လျှင် ခရစ်တော်နှင့် သူ့တရားတော်များကို ငြင်းပယ်ရာရောက်မနေဘူးလား။

ခရစ်တော်၏တရားများကို ငြင်းပယ်ရာ မရောက်ကြောင်းကို လင်းမားက ရှင်းပြ၏။

ထာဝရဘုရားသခင်ကို စိတ်ထဲနှလုံးထဲမှ လှိုက်လှဲစွာ ဖြစ်ပေါ်လာသော ချစ်ခြင်းဖြင့် ချစ်ရမည်။ ကိုယ်နှင့် ဆက်သွယ်သူများကိုလည်း ကိုယ်နှင့်အမျှ ချစ်ရမည်။

ဟူသော အရေးကြီးဆုံးအနှစ်သာရ အကျဆုံးဖြစ်သည့် ပညတ်တော်များသည် တမလွန်ဟု အမည်တပ်ထားသော ဘဝ၏ အဆင့်ဆင့်ပြောင်းလဲ တိုးတက်ရေးသဘောတရားနှင့် မည်သည့်နည်းနှင့်မျှ မဆန့်ကျင်ချေ။ အဆိုပါ ပညတ်တော်များသည် ကမ္ဘာ့ဘာသာကြီးများ ဖြစ်ကြသော ဗုဒ္ဓဘာသာမှ ဗြဟ္မစိုရ်တရား ဟိန္ဒူဘာသာမှ အဟိံသာတရားတို့နှင့်လည်း လိုက်လျောညီညွတ်လျက်ရှိ၏။ ယင်းဘာသာကြီးနှစ်ရပ်၌ မေတ္တာတရားနှင့် တမလွန် အယူအဆတို့တွင် သဘောကွဲလဲမှု မရှိပါချေ။

ထိုသို့ရှင်းပြရုံဖြင့် လင်းမားသည် ကေစီကို ယုံကြည် လက်ခံစေရန် မတတ်နိုင်သေးပေ။ကေစီသည် ဆယ်နှစ်သား အရွယ်ကပင် သမ္မာကျမ်းစာကို တစ်နှစ်တည်း သင်္ကာပေါက် အောင် စွဲစွဲလမ်းလမ်း ဖတ်လာခဲ့သူတည်း။



www.burmeseclassic.com

www.burmeseclassic.com



သူသည်ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ သမ္မာကျမ်းစာ တစ်အုပ်လုံးကို နှစ်ပေါင်းများစွာ ဖတ်လာခဲ့ရာ မည်သည့်နေရာတွင်မျှ 'တမလွန်ဘဝ' ဟူသော စာလုံးကို မတွေ့ခဲ့ရပေ။ ယေရှုခရစ်တော်က သမ္မာကျမ်းစာတွင် တမလွန်ဘဝအကြောင်းကို အဘယ်ကြောင့် မပြောဆိုခဲ့ပါသနည်း။ ယင်းကား ကေစီ၏ အမေးပင်။

လင်းမား၏ အဖြေကား ခရစ်တော်သည် အချို့တရားတော်များကို လူအများအား မဟောကြားခဲ့ပဲ သူ၏လက်ရင်းတပည့်ကြီးများကိုသာ တိုးတိုးတိတ်တိတ် ဟောကြားခဲ့၏။ တမလွန်ဘဝသည် ထိုကဲ့သို့သောတရားမျိုးတွင် ပါဝင်ကောင်းပါဝင်နေပေမည်။ တရားတော်များကို အမျိုးမျိုးအဖုံဖုံ အဓိပ္ပါယ်ကောက်ယူခြင်းဖြင့်လည်းကောင်း၊ ဘာသာစကားအမျိုးမျိုးသို့ ပြန်ဆိုကြရာမှလည်းကောင်း၊ ချွတ်ယွင်းမှုရှိလာကာ မူရင်းတရားတော်များ ပြောင်းလဲသွားတန်ရာသည်။နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ဟန်တူသည်။

ကေစီသည် သူ၏ ဟောစာတမ်းများတွင် ကျေနပ်စရာအချက်အလက်များကို တွေ့ရ၏။ ယင်းမှာ သူ၏ဟောစာတမ်းများတစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲမှု မရှိပဲ၊ တသမတ်တည်းညီညွတ်လျက်ရှိခြင်းပင် ဖြစ်၏။ ဟောစာတမ်းတစ်ခုနှင့်တစ်ခု အချိန်ကာလ မည်မျှပင် ကွာခြားနေသည်ဖြစ်စေ၊ ညီညွတ်မြဲညီညွတ်လျက်ပင်ရှိနေသည်။

ဥပမာ၊ လူတစ်ယောက်ကို ပထမတစ်ကြိမ်ဟောပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



လပေါင်းများစွာကြာမှ ထိုလူကို ဒုတိယအကြိမ်ထပ်မံ ဟောလျှင်လည်း၊ ပထမဟောစာတမ်းပါအချက်အလက်များနှင့် ဒုတိယဟောစာတမ်းပါ အချက်အလက်တို့သည် တိတိကျကျ ကိုက်ညီလျက်ရှိနေပေသည်။

များစွာသော ဟောစာတမ်းတို့တွင် အတ္တလန္တိတ်ခေတ်၊ ရှေးဟောင်းအီဂျစ်ခေတ်ကဲ့သို့သော သမိုင်း၏ရှေးကျသော ခေတ်များအကြောင်း သိကောင်းစရာ နောက်ခံအချက်အလက်များ ပါရှိတတ်၏။ ဟောစာတမ်းအသီးသီးတွင် ပါဝင်သောအချက်အလက်များသည်လည်း တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲမှု မရှိသည်ကိုလည်း တွေ့ရသည်။

ကေစီ၏ ဟောစာတမ်းများသည် သမိုင်းဖြစ်ရပ်မှန်များနှင့်လည်း ယင်းဖြစ်ရပ်များ မည်မျှပင် မှုန်ဝါးနေသည်ဖြစ်စေ ကိုက်ညီနေပေသည်။ ဥပမာ၊ သူ၏အစောပိုင်းဟောစာတမ်းတစ်ခုတွင် လူတစ်ယောက်သည် အတိတ်ဘဝ တစ်ဘဝတွင် 'ခုံနှစ်သူ' ဖြစ်ခဲ့ဘူးကြောင်းပါရှိ၏။ 'ခုံနှစ်သူ' ဆိုသည်မှာ ဘာကိုဆိုလိုမှန်း ကေစီမသိပေ။ သို့ရာတွင် စွယ်စုံကျမ်းတစ်ကျမ်းကို လှန်လှောရှာဖွေသောအခါမှ ရှေးဟောင်းခေတ် အမေရိကန်တို့သည် စုန်းဟု ထင်ရသူများကို ခုံများတွင် ကြိုးဖြင့်ကပ်ချည်ကာ အေးစိမ့်နေသော ရေကန်ငယ်အတွင်းသို့ နှစ်မြှုပ်သည့် ထုံးစံရှိကြောင်း တွေ့ရ၏။

ဟောစာတမ်းများ၏ သမိုင်းဝင်ဖြစ်စဉ်များနှင့် ကိုက်ညီမှန်ကန်ကြောင်း ပို၍ထင်ရှားစေသောအချက်မှာ ဂိုဏ်းပေါ်ကလင်



www.burmeseclassic.com

www.burmeseclassic.com



(Jeam Poquelin) အကြောင်းဟောပြောချက်ပင်ဖြစ်၏။ ပေါ်ကလင်၏ မိခင်မှာ သူငယ်ငယ်ကတည်းကပင် ကွယ်လွန်သွားကြောင်း၊ ပေါ်ကလင်မှာ အမည်ရင်းဖြစ်၍ သူ၏ကလောင်အမည်မှာ မိုးလျဲ (Moliere) ဖြစ်ကြောင်း ဟောစာတမ်းက ဆိုထား၏။

'မိုးလျဲ' မှာ ကမ္ဘာကျော် ပြင်သစ်ပြဇာတ်စာရေးဆရာကြီးဖြစ်ပါသည်။ တစ်ကမ္ဘာလုံးက သူ့ကို မိုးလျဲ ဟူသောအမည်ဖြင့်သာ သိနေကြ၏။ ပေါ်ကလင်ဟူသော အမည်ရင်းကို သိသူအလွန်ရှားလှသည်။ ကေစီအနေနှင့်မူ မိုးလျဲကိုရော ပေါ်ကလင်ကိုပါ မသိခဲ့ဖူးပေ။ မိုလျဲအကြောင်း ရေးသားထားသော စာအုပ်များကိုဖတ်ရှုသောအခါ မိုးလျဲ၏အမည်ရင်းမှာ ဂျိန်းပေါ်ကလင်ဖြစ်ကြောင်း၊ သူ၏မိခင်မှာလည်း သူငယ်စဉ်အခါကပင် ကွယ်လွန်သွားကြောင်းတွေ့ရပေရာ၊ ဟောစာတမ်း၏ မှန်ကန်မှုမှာ ပို၍ဝင်အံ့ဩဖွယ်ရာ ဖြစ်နေပြန်ပါသည်။

ဟောစာတမ်းများသည် အဟောခံရသူ၏ အတိတ်ဘဝများကိုပါ အတိအကျဖော်ပြလေ့ရှိ၏။ အံ့ဩစရာကောင်းသည်မှာ အတိတ်ဘဝက ထိုသူနှင့်ပတ်သက်သော မှတ်တမ်းများကို ယခုဘဝတွင် တွေ့နိုင်သေးသည့်နေရာများပါ ညွှန်ပြထားခြင်းကို ကြိမ်ဖန်များစွာ တွေ့ရခြင်းပင်ဖြစ်၏။ မှတ်တမ်းများကို တွေ့နိုင်သည့် စာအုပ်တစ်အုပ်ကိုဖြစ်စေ၊ ရှေးဟောင်းသုတေသနရုံးကိုဖြစ်စေ၊ သင်္ချိုင်းမှတ်တိုင်တစ်ခုခုကိုဖြစ်စေ၊ ဟောစာတမ်းက ညွှန်ပြထားတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်နှင့် ပတ်သက်၍ အသင့်လျော်ဆုံးဟောစာတမ်းတစ်ခုကို ဖော်ထုတ်ပြလိုပါသည်။ ကေစီသည် အမေရိကန်အမျိုးသားတစ်ယောက်အား၊ယခင်က သူ၏နာမည်မှာ ဗားနက်ဆီး (Barnet A.Seay)ဖြစ်ကြောင်း၊ သူသည် အမေရိကန်ပြည်တွင်းစစ်အတွင်းက တောင်ပိုင်းစစ်သား တစ်ယောက်ဖြစ်ခဲ့ကြောင်းနှင့် ဗာဂျီနီယာပြည်နယ် ဟင်နရိကိုခရိုင် (Henrico County. Virginia)တွင် နေထိုင်ခဲ့ကြောင်းကို ဟောလိုက်၏။ ယခင်ဘဝက သူ့အကြောင်းမှတ်တမ်းများကို ရှာဖွေကြည့်လျှင် ယခုပင်တွေ့နိုင်သေးကြောင်းကိုပါ ထပ်ဟောလိုက်၏။

ကေစီ၏ ဟောစာတမ်း မှန်မမှန်ကို လက်တွေ့စူးစမ်းလိုသော ထိုအမျိုးသားသည် ချက်ချင်းပင် ဟင်နရိကိုခရိုင်သို့ ခရီးထွက်တော့သည်။

ဟန်နရိကိုခရိုင်သို့ ရောက်သောအခါ မှတ်တမ်းများကို မတွေ့ရပေ။ သို့သော် ရုံးမှစာရေးက ရှေးဟောင်းမှတ်တမ်းဟောင်းများစွာကို မကြာမီကပင် ဗာဂျီနီးယားပြည်နယ် သမိုင်းစာကြည့်တိုက်၏ ရှေးဟောင်းမှတ်တမ်းဌာနသို့ ပြောင်းရွှေ့ထားကြောင်း သတင်းကောင်းပါးလိုက်လေသည်။

နောက်ဆုံးတွင် ထိုစာကြည့်တိုက်၏ ရှေးဟောင်းမှတ်တမ်းဌာနတွင် ဗားနက်ဆီအကြောင်း မှတ်တမ်းများကို တကယ်ပင်ရှာဖွေ တွေ့ရှိရာ၊ ထိုအမျိုးသားမှာ အံ့ဩမဆုံးရှိနေတော့သည်။ မှတ်တမ်း၌ (၁၈၆၂)ခုနှစ် အမေရိကန်ပြည်တွင်းစစ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းက ဗိုလ်ချုပ်လီ (lee)၏ စစ်တပ်၌ အသက် (၂၁)နှစ်သာ ရှိသော ဗားနက်ဆီးသည် အလံကိုင်တပ်သားအဖြစ် အမှုထမ်းခဲ့ကြောင်း မှတ်တမ်းတင်ထားလေသည်။

ဟောစာတမ်းတွင်ပါဝင်သော အတိတ်ဘဝ၏ အခြေခံအချက်များကို သမိုင်းဝင်ဖြစ်ရပ်များက ထူးထူးခြားခြား အတည်ပြုထောက်ခံထားချက်များအပြင် ပစ္စုပ္ပန်ဘဝ၏အကြောင်းခြင်းတရားများကို အတည်ပြုထောက်ခံထားချက်များမှာလည်း မရေမတွက်သာအောင် များပြားလှ၏။

အဟောခံရသူသည် ကေစီနှင့် လုံးဝသိကျွမ်းခြင်းမရှိစေကာမူ ထိုသူသည် ကမ္ဘာမြေကြီးပေါ်တွင် မည်သည့်နေရာတွင်ရှိနေသည်ဖြစ်စေ၊ သူ၏အမည် မွေးရပ်၊မွေးနေ့တို့ကိုသာ သိရလျှင်သူ၏အခြေအနေနှင့် သူ့စိတ်ဓာတ်စရိုက်တို့ကို မှန်ကန်စွာဖော်ပြနိုင်လေသည်။ ထိုသူမည်သည့်ဘက်တွင် စွမ်းရည်ထက်၍ မည်သည့်ဘက်တွင် စွမ်းရည်ညံ့မှုတို့မှာ အတိတ်ဘဝက မည်သို့သောအကြောင်းကြောင့် ဖြစ်ကြောင်းကိုပါ ဖော်ပြနိုင်ခဲ့၏။

ဟောရာတွင် တစ်ကြိမ်တစ်ခါမျှသာ မှန်သည်ဆိုလျှင် တိုက်ဆိုင်မှုဟုဆိုလိုက ဆိုနိုင်ပေသည်။ သို့ရာတွင် လူ၏စွမ်းရည်နှင့် အခြေအနေတို့၏ အမျိုးအစား အဆမတန်များပြားသည်ကို ထောက်ရှုလျှင် ထူးဆန်းနေမည်သာဖြစ်ပါသည်။ ကေစီ၏ ဟောစာတမ်းများမှာကား အကြိမ်တိုင်းလိုလို မှန်နိုင်ဘို့ပင် ဂဃနဏစွာ ခဲယဉ်းလှပေရာ တိုက်ဆိုင်မှုဟု ယူဆပါလျှင်ထူးဆန်းနေမည်

www.burmeseclassic.com



ဖြစ်သဖြင့် ယင်းမှန်ကန်တိကျမှုများကို အကြိမ်ကြိမ်တိုက်ဆိုင်မှု ဟု ဆိုရမည်မှာ ခက်ခဲလှပေသည်။

ကေစီသည် ဘဝဟောစာတမ်းများကို ဟော၍ တစ်နှစ်ကျော်မျှ ကြာသောအခါ မွေးဖွားခါစကလေးများ၏ ပဋိသန္ဓေ ပါစိတ်သဘောနှင့် အသက်မွေးဝမ်းကျောင်း ဝါသနာတို့ကိုပါ တိကျမှန်ကန်စွာ ဟောနိုင်သည်ကို တွေ့ရပြန်၏။ နောက်ဖောက်မြို့ (Norfolk) မှ မွေးဖွားစကလေး တစ်ယောက်၏အနာဂတ်ကို ကလေး၏မိဘများက ဖွားသည်နေ့မှာပင် ကေစီကို အဟောခိုင်းလေသည်။

ဟောစာတမ်းတွင် ဤကလေးမှာ အလျှော့မပေးတတ်သောသဘော၊ မိမိဆန္ဒကိုသာ ရှေ့တန်းတင်တတ်သော သဘောခေါင်းမာသော သဘောများရှိ၍ ထိန်းသိမ်းအုပ်ချုပ်ရန် ခက်ခဲမည့်ကလေးဖြစ်ကြောင်း ဖော်ပြထား၏။ ထိုကလေးကြီးပြင်းလာသောအခါ ဖော်ပြပါ၊ ပင်ကိုယ်သဘောများကို ထိုကလေးတွင် မမှားနိုင်အောင်ပင် အထင်အရှားတွေ့ရလေသည်။

ထိုထက်ပို၍ စိတ်ဝင်စားစရာကောင်းသော ဟောစာတမ်းမှာ မွေးဖွားပြီး သုံးပတ်အကြာတွင် ဟောစာတမ်းယူသော ကလေးတစ်ယောက်၏ အကြောင်းဖြစ်ပါသည်။

ဟောစာတမ်းမှာ ထိုကလေးသည် ထင်ရှားကျော်ကြားသည့် ဆရာဝန်တစ်ယောက်ဖြစ်လာလိမ့်မည်ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးသည် အသက်ရှစ်နှစ်မတိုင်မီပင် ဆေးပညာဘက်၌ ထူးထူးခြားခြား စိတ်ဝင်စားနေသည်ကို တွေ့ရ၏။ ကလေး အသက်ရှစ်နှစ်ရှိသောအခါ တိရစ္ဆာန်အသေကောင်ကလေးများကို ခွဲစိပ်ကြည့်နေတတ်သည့်အကြောင်းကို လူကြီးများက မေးသောအခါ တိရစ္ဆာန်ကလေးများကို မည်သို့မည်ပုံ ပြုလုပ်ထားကြောင်း သိလို၍ ခွဲစိပ်ကြည့်သည်ဟု အဖြေပေးလေသည်။

ထိုကလေးသည်အသက် (၁၃)နှစ် မပြည့်မီပင်လျှင်၊ ဆေးပညာစွယ်စုံကျမ်းကြီးများကို လောဘတကြီးဖတ်နေလေပြီ။ သူ့မိဘများအားလည်း သူသည် ဆရာဝန်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရည်ရွယ်ကြောင်းထုတ်ဖော်ပြောလေသည်။ သူ၏ဖခင်မှာကုန်သည်တစ်ဖြစ်ပြီး မိခင်မှာပြခေါတ်မင်းသမီးဖြစ်သဖြင့် သားလုပ်သူက ဆရာဝန်လုပ်လိုသည် ဆိုခြင်းကို မကျေနပ်နိုင်ပဲရှိကြ၏။

ထို့ကြောင့်ကလေး၏ ဆရာဝန်လုပ်လိုသည့်ဆန္ဒ ပျောက်ပျက်သွားအောင် အမျိုးမျိုးကြိုးပမ်းကြတော့သည်။ သို့စေကာမူ နောက်ဆုံးတွင် ကလေး၏ ခိုင်မာသော ဆုံးဖြတ်ချက်က အတားအဆီးဟူသမျှကို ကျော်လွှားနိုင်ကာ၊ကလေးသည် ဆေးတက္ကသိုလ်တွင် ဆေးပညာအကြိုသင်တန်းများကိုပင် တက်ရောက်သင်ကြားခွင့်ရသွားတော့၏။

ယင်း ဖြစ်ရပ်သည်ပင်လျှင် ကလေး၏အတိတ်ဘဝမှ တိုးတက်မှုများကို အခြေခံ၍ ကလေး၏ ယခုဘဝ အလေ့အလာများကို မွေးဖွားစကပင် သိမြင်နိုင်သော စစ်မှန်သည့် စိတ်နယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်စွမ်းရှည် တစ်မျိုးရှိကြောင်းကို လက်ခံရမည့်သဘော သက်ရောက်နေပေသည်။ ကလေးများကို ဟောရာ၌သာမက လူကြီးများကို ဟောရာတွင်လည်း၊ ဟောစာတမ်း၏ အဆိုပါ အနှစ်သာရကို တွေ့ရပါသည်။

နယူးယောက်မြို့တော်မှ ကြော်ငြာရုံးစာရေးမတစ်ယောက်ကို၊ဘဝဟောစာတမ်းဟောရာတွင် ထိုစာရေးမသည် ကြော်ငြာ အလုပ်ဖြင့် အချိန်ဖြုန်းနေကြောင်း၊ သူသည် စီးပွားရေးပန်းချီ ပညာကို လေ့လာသင်ကြား၍ ပန်းချီလုပ်ငန်းဖြင့် အသက်မွေးလျှင် ကြီးပွားနိုင်ကြောင်း၊ သူသည်အတိတ်ဘဝပေါင်းများစွာ၌ ထိုအလုပ်ဖြင့် အောင်မြင်မှုရခဲ့ရာ၊ ယခုဘဝတွင်လည်း အောင်မြင်သော ပန်းချီဆရာမတစ်ယောက် ဖြစ်နိုင်ကြောင်း ဟောလိုက်လေသည်။

ထိုစာရေးမသည် စီးပွားရေးပန်းချီလုပ်ငန်းကိုဖြစ်စေ အခြား မည်သည့်ပန်းချီလုပ်ငန်းကိုပင်ဖြစ်စေ လုပ်ကိုင်ရန် မည်သည့်အခါမျှ စိတ်ကူးမပေါက်ခဲ့ပေ။ သို့စေကာမူ ထိုစာရေးမသည် စမ်းသပ် ကြည့်က မမှားနိုင်ဟူသော စိတ်ဓာတ်ဖြင့်၊ စာရေးမ အလုပ်မှ ရပ်စဲ၍ထွက်လိုက်ပြီး၊ ပန်းချီကျောင်းတွင် တက်ရောက်သင်ကြား လေသည်။ သင်တန်းတက်ရင်းကပင် သူမှာ စစ်မှန်သောပန်းချီ ပညာဗီဇ ပါသည်ကိုတွေ့ရသဖြင့် သူ့ကိုယ်သူပင် အံ့အားသင့် နေမိလေသည်။

ထိုအမျိုးသမီးသည် မကြာမီပင် အောင်မြင်သော ပန်းချီ ဆရာမ ဖြစ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကေစီသည် ပြည်သူလူထု၏ဘဝ၌ သူ၏ဟောဆိုချက်များ၊ မည်မျှအကျိုးသက်ရောက်မှုရှိသည်ကို နှစ်အတော်ကြာမျှ အကဲခတ်လေ့လာမိသောအခါ၊ သူ၏ ဟောဆိုချက်များမှန်ကန်ကြောင်းကိုလည်းကောင်း၊ ကောင်းကျိုးများကို ပြီးမြောက်စေသဖြင့် ကောင်းမြတ်ကြောင်းကိုလည်းကောင်း တဖြည်းဖြည်း ယုံကြည်ဆုံးဖြတ်လာတော့၏။

သူ၏ ဟောစာတမ်းများသည် လူပေါင်းများစွာကို သူတို့၏ ဝါသနာစရိုက်နှင့် သင့်လျော်သောအလုပ်များသို့ ညွှန်ပြပို့ဆောင်ပေးနိုင်ခဲ့သည်။ မောင်နှံစုံမ အမြောက်အမြားကိုလည်း အိမ်ထောင်ရေးတွင် အချင်းချင်းနားလည်မှုရအောင် လမ်းညွှန်ပေးနိုင်ခဲ့၏။ အချို့လူများကိုမူ ပတ်ဝန်းကျင်နှင့်ပို၍ အဆင်ပြေသော လူမှုရေးပြုပြင်မှုများနှင့် စိတ်ဓာတ်ပြုပြင်မှုများ ပြုလုပ်နိုင်စေရန် မိမိကိုယ်ကို အမှန်အတိုင်း ပြန်လည်သိနားလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကေစီ၏ ဟောစာတမ်းတွင်ပါဝင်သော အချက်အလက်များကို မည်သည့်နေရာက ရရှိသနည်းဆိုသော မေးခွန်းများကို မေးကြ၏။ အဖြေမှာ ကေစီအိပ်မွေ့ကျနေစဉ်အတွင်း ကေစီ၏ စိတ်ထိတွေ့နိုင်သော နေရာနှစ်ခုမှ ရရှိသည်ဟူ၍ ဖြစ်၏။

နေရာတစ်ခုမှာ အဟောခံသော ပုဂ္ဂိုလ်အသီးသီး၏ မသိစိတ်ကပင် ဖြစ်၏။ ဟောစာတမ်းများက ရှင်းပြသည်မှာ သတ္တဝါအသီးသီး၏ မျက်မှောက်ဘဝ အတွေ့အကြုံများကို မသိစိတ်များက မှတ်သားထိန်းသိမ်းထားကြသည်။ မမွေးဖွားမီ



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝများမှ အတွေ့အကြုံများသည် ယခုခေတ်စိတ်ကုဝညာရှင်တို့ ဉာဏ်ဖြင့်တွေ့ထိ သိရှိနိုင်သည်ထက်ပို၍ နက်ရှိုင်းသော၊ မသိစိတ်အလွှာများတွင် ခိုဝင်တည်ရှိနေကြ၏။ မသိစိတ်သည် အခြားသောမသိစိတ်များနှင့် သိစိတ်ထက်ပိုမိုလွယ်ကူစွာ ထိတွေ့ ဆက်သွယ်နိုင်လေသည်။ အိပ်မွေ့ကျနေစဉ်အတွင်း၌ ကေစီ၏ စိတ်သည်အခြားသောစိတ်များ၏ မသိစိတ်အလွှာများနှင့် ချက်ချင်းပင် ထိတွေ့ဆက်သွယ်မိလေ့ရှိ၏။

ထို ရှင်းပြချက်ကို လက်ခံရန်မှာ မခက်ခဲလှချေ။ အဘယ်ကြောင့်ဆိုသော် ထိုရှင်းပြချက်သည် မသိစိတ်၏တည်ရှိခြင်းနှင့် သဘောသကန်များကို စိတ်ခွဲပညာ(Psychoanalisis)က တွေ့ရှိချက်များနှင့် အနည်းဆုံး တစ်စိတ်တစ်ဒေသပင်ဖြစ်စေ တိုက်ဆိုင်နေသောကြောင့်ပင် ဖြစ်ပါသည်။

ကေစီ၏ ဘဝဟောစာတမ်းများကို (၁၉၂၃) ခုနှစ်တွင် အမှတ်မထင် စတင်ဟောမိလေသည်။ ထိုအချိန်မှစ၍ သူကွယ်လွန်သော (၁၉၄၅) ခုနှစ်အထိ၊နှစ်ပေါင်း (၂၂)နှစ်အတွင်း၌ ဟောစာတမ်းပေါင်း (၂၅၀၀၀) မျှ ဟောခဲ့၏။

ယင်းဘဝဟောစာတမ်းများကိုလည်း၊ကာယဟောစာတမ်းများလိုပင် သေသေသပ်သပ် သိမ်းဆည်းထားခဲ့သည်။ အဓိပ္ပါယ်ရှင်းလင်းချက်များကိုလည်း ရေးသားထားသည်။ ပေးစာများနှင့် အခြားသော အထောက်အထား စာရွက်စာတမ်းများသည်လည်း ထို ဘဝဟောစာတမ်းများ၏ မှန်ကန်မှုကို သက်သေခံသည့်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ကျန်ရစ်ခဲ့၏။ စုံစမ်းစစ်ဆေးလိုသူ၊ မည်သူ့ကိုမဆို ဟောစာတမ်းမေးမြန်းကြသူ အမြောက်အမြားကို ယခုတိုင် တွေ့ဆုံမေးမြန်းနိုင်ကြပါသေးသည်။

အကယ်၍ ကေစီ၏ ထူးဆန်းသော မှတ်တမ်းများနှင့် စာရွက်စာတန်းများ၏ စစ်မှန်မှုကိုလည်းကောင်း၊ မှတ်တမ်းများက ဖော်ပြသော လူသား၏ ကံကြမ္မာနှင့် ပတ်သက်သလို ရှင်းလင်းချက်များကိုလည်းကောင်း ယုံကြည်နိုင်ကြပြီဆိုလျှင် ထူးခြားဆန်းကြယ်သည့် အချက်အလက်ပေါင်း အမြောက်အမြားကို ကျွန်ုပ်တို့ ရရှိပိုင်ဆိုင်နေကြပြီဟု ဆိုရပေလိမ့်မည်။

ပထမဦးစွာ တော်လှန်သော အခြေခံသဘောဖြစ်သည့် တမလွန်အယူအဆကို အသားပေးသော အသေးစိတ် သက်သေခံ အထောက်အထား အမြောက်အမြားကို ကျွန်ုပ်တို့ရရှိကြ၏။ ကျွန်ုပ်တို့သည် ထိုအထောက်အထားများကို လုံးဝပြီးပြည့်စုံသော အထောက်အထားများက ညွှန်ပြပေးသော စဉ်းစားဆင်ခြင်ကွက်ကိုကား အာရုံစိုက်၍ လေ့လာသင့်သည်။

ဒုတိယအနေဖြင့် ကျွန်ုပ်တို့သည် စိတ်ပညာ၊ဆေးပညာ၊ သဘာဝဗေဒပညာတို့၏ သဘောသဘာဝနှင့် ပတ်သက်သော အချက်အလက်ပေါင်း မြောက်မြားစွာကိုလည်း ရရှိကြ၏။ယင်း အချက်အလက်များကို စီစစ်ရွေးချယ်၍ ခွဲခြားစိတ်ဖြာကြည့်ပါမှ လူ့သဘာဝနှင့် လူ့ကံကြမ္မာ၏ အသွင်ပြောင်းနေသော ပန်းချီကားတစ်ချပ်ကို တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤ (၂၂)နှစ်အတွင်း၌ လူတို့၏ အတိတ်ဘဝများ၌ တွေ့ကြုံခဲ့ရသော ကိုယ်စိတ်ဆင်းရဲရပုံ အမျိုးမျိုးတို့ကို ကေစီသည် သူ၏ ထက်မြက်သော စိတ်နယ်လွန် အမြင်စွမ်းရည်ဖြင့် တပ်အပ် ထင်ထင် တွေ့မြင်ခဲ့ရသည်။သို့သော်လည်း အတိတ်ဘဝအားလုံး ပင်၊ ဆင်းရဲခြင်းအတိ ပြည့်နှက်နေသည်ကား မဟုတ်ပါချေ။ သူတို့၏မျက်မှောက်ဘဝဖြစ်စဉ်များထက် ဘာမျှပို၍ ထူးခြား ဆန်းကြယ်လှသည်တော့ မဟုတ်ပေ။

သို့ရာတွင် သူတို့၏ အတိတ်ဘဝခရီးသည် ကြမ်းတမ်း ခက်ခဲ ဆင်းရဲလှသည်ပင်ဖြစ်စေ၊ ချောမောပြေပြစ်သည် ဖြစ်စေ၊ ယခု သူတို့ရရှိထားသော မျက်မှောက်ဘဝ အခြေအနေများသည် လွန်ခဲ့သော နှစ်ပေါင်းထောင်သောင်းမကသော အချိန်ကတည်းက အစပြု၍ ဖြစ်ပျက်ခဲ့သော အတိတ်ဘဝအဆက်ဆက်နှင့် နီးနွှယ် ပတ်သက်လျက်ရှိကြောင်းကို ဘဝဟောစာတမ်းများက ဖော်ပြ ထားပေသည်။

သူတို့၏ရောဂါဝေဒနာများနှင့် စိတ်နှလုံးမချမ်းသာ ပူဆာ ဆင်းရဲမှုတို့သည် စကြဝဠာနှင့် ပတ်သက်စပ်ဆိုင်နေကြောင်းကို ဟောစာတမ်းများက တစ်ခုပြီးတစ်ခု ပြသလျက်ရှိပါသည်။

ဤအသိအမြင်က သူတို့၏ဘဝကို ပြုပြင်ပြောင်းလဲစေ သော အကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့၏။

အကယ်၍ ဤသို့သော ဟောစာတမ်းများ၏ စစ်မှန် နိုင်ဟန်မှုကို လက်ခံပါလျှင်၊ ယင်းတို့၏ အဓိပ္ပါယ်သက်ရောက်မှုကို



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ခံစဉ်းစားရပေမည်။ ယင်းတို့က ကမ္ဘာ့လူထုရှေ့သို့ အယူအဆသစ် တစ်ခုကို ချပြသည်ဆိုသောအချက်၌ တည်ရှိသည်မဟုတ်ပေ။ စင်စစ် ဤတမလွန်အယူအဆမှာ ကမ္ဘာတိုက်ကြီး အသီးသီး၌ အနံ့အပြား တစ်ကွဲတစ်ခြားစီ နေထိုင်ကြသော လူမျိုးပေါင်းများစွာတို့၏ အကြား၌ တွေ့ရသော ရှေးဟောင်း အယူအဆ တစ်ခုသာ ဖြစ်ပါသည်။

ကေစီဟောစာတမ်းများ၏ အရေးပါမှုသည် အချက်နှစ်ချက်၌ တည်ရှိ၏။ ပထမအချက်မှာ ကျွန်ုပ်တို့ အနောက်တိုင်း၌ တိကျသေချာစွာ အဓိပ္ပါယ်ဖော်ပြထားသော၊ ရှေ့နောက် ကြောင်းကျိုး ဆီလျော်ညီညွတ်သော၊ စိတ်ပညာသဘောအရ ယုံကြည်ထိုက်သော၊ အဖြစ်အပျက်များကို များစွာသော ပုဂ္ဂိုလ်တို့၏ အတိတ်ဘဝများအဖြစ် ပထမဆုံး တွေ့ရှိရခြင်းပင်ဖြစ်၏။

ဒုတိယအချက်မှာ ယင်းအဖြစ်အပျက်များကို မည်သူမဆို လာရောက်ကြည့်ရှု လေ့လာနိုင်စေရန် လူတို့သိမီသမျှသော ကမ္ဘာ့သမိုင်းတွင် ပထမဆုံးအကြိမ် မှတ်တမ်းများအဖြစ်နှင့် သေသေချာချာနှစ်စွာ သိမ်းဆည်းထားခြင်းပင် ဖြစ်ပါသည်။

ကေစီ၏ ဘဝဟောစာတမ်းများက အရှေ့တိုင်းသဘာဝတ္တပညာကို ခရစ်ယာန်အယူအဆနှင့် ပေါင်းကူးပေးလိုက်တော့သည်။ရှေးပဝေသဏီကတည်းကပင် အရှေ့တိုင်းနှင့်အနောက်တိုင်းတို့၏ သီးခြားပင်ကိုယ်လက္ခဏာများ ဖြစ်လာခဲ့ကြသော မဇ္ဈိမဓါဒနှင့် ဗဟိဒ္ဓဝါဒတို့ကို ပေါင်းကူးပေးဖို့ရာ များစွာသို့အပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com


ပေရာ၊ ကေစီ၏ ဘ၀ဟောစာတမ်းများက ထိုလိုအပ်ချက်ကို ဖြည့်စွက်ပေးလိုက်နိုင်ခဲ့ပါသည်။

ထိုထက်ပို၍ အားရစရာကောင်းသည်မှာ ကေစီ၏ ဟောစာတမ်းများသည် သိပ္ပံနှင့်ဘာသာတရားကို ပေါင်းစပ်ပေးရာ၌ အောင်မြင်မှုရလိုက်ခြင်းပင် ဖြစ်သည်။ ရုပ်လောကကို ချုပ်ကိုင်ထိန်းသိမ်းထားသော သိပ္ပံပညာ၏ နိယာမများ တိကျစွာ ရှိသလောက်ပင် ကြောင်းကျိုးဆက်သွယ်မှုနိယာမ ပဋိစ္စသမုပ္ပါဒ် သည်လည်း၊ နာမ်လောကကို ချုပ်ကိုင်ထိန်းသိမ်းရာတွင် တိကျစွာ ရှိကြောင်း ဟောစာတမ်းများက ပြသလျက်ရှိနေပါသည်။ ထိုသို့ ပြခြင်းအားဖြင့် သိပ္ပံပညာနှင့် ဘာသာတရားကို ဟောစာတမ်းများက ပေါင်းစပ်ပေးလိုက်နိုင်သည်။

လူတို့ခံစားရသော ဆင်းရဲဒုက္ခတို့မှာ ရုပ်တရား ဖောက်ပြန်ချွတ်ယွင်းမှုကြောင့်သာမဟုတ်ပဲ ကိုယ်ကျင့်တရားနှင့် တွေးခေါ်စဉ်းစားမှုကို မှားယွင်းခြင်းကြောင့်လည်း ဖြစ်ပေသည်။ လူသား၏မွေးဖွားမှုနှင့် စွမ်းရည်တို့ မညီမျှ ဖြစ်ရခြင်းမှာ ဖန်ဆင်းရှင်က စိတ်ကူးပေါက်ရာ ပြုလုပ်လိုက်ခြင်းကြောင့်လည်း မဟုတ်ပေ။ မျိုးရိုးဗီဇကြောင့်ဟု ခံယူထားသော မျက်ကန်း ယန္တရား ဝါဒကြောင့်လည်း မဟုတ်ပေ။ စင်စစ် ထိုသို့ဖြစ်ခြင်းမှာ အတိတ်ဘ၀က အပြုအမူများ၏ ကောင်းမှု၊ မကောင်းမှုများ ကြောင့်သာ ဖြစ်ပေသည်။

ဆင်းရဲဒုက္ခအားလုံး၌ ပညာပေးသဘော ရည်ရွယ်ချက်


www.burmeseclassic.com

www.burmeseclassic.com



ဝါရှိသည်။ ကိုယ်လက်အင်္ဂါချို့တဲ့ ချွတ်ယွင်းမှုများနှင့် ရောဂါဘယ ထူပြောမှုများသည် အတိတ်ဘဝက ကိုယ်ကျင့်တရားသာလျှင် အမှန်အစရှိ၏။ လူသား၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဗျာသမျှသည် အသိပညာနှင့် အထွတ်အထိပ်သို့ ရောက်ရေးအတွက် သံသရာတည်းဟူသော ကျောင်းခန်းမှ သင်ခန်းစာများသာ ဖြစ်ပေသည်။

✦✦✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ကေစီ၏ ကံတရား ဟောစာတမ်းများ

ကေစီ ဟောစာတမ်းများ၏ ဆွဲဆောင်မှုအင်အားကောင်းခြင်းမှာ ယင်းဟောစာတမ်းများက လူသား၏ ဆင်းရဲဒုက္ခများနှ ပစ္စုပ္ပန်ဘဝတည်းဟူသော ကျဉ်းမြောင်းသည့် နယ်ပင်သတ်မှတ် ကို အတိတ်ဘဝမှ ပြုမူကျင့်ကြံမှုများအထိ ခြေရာခံပြထားသ ကံဝါဒ၌ ပိုမို၍ စိတ်အားထက်သန်စွာ အာရုံစိုက်စေသောကြေ သာဖြစ်ပါသည်။

ကေစီမှတ်တမ်းပါ ဖြစ်ရပ်ဆန်းများကို စေ့စေ့စပ် စစ်ဆေးကြည့်လျှင် ကံအမျိုးအစားများပြားစွာ ရှိကြောင်းကို ရ၏။ ထိုကံများအနက် တစ်မျိုးကို 'ဘူးမရင်းကံ' (Boo ang Karma) ခေါ်ဆိုက သင့်မြတ်ရာသည်။ အဘယ်ကြောင့် သော် အဘိုရီဂျင်းခေါ် ဩစတြေးလျ တိုင်းရင်းသားလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသော ဘူးမရင်းခေါ်သော ပစ်တုတ်တစ်မျိုးသည် အဝေးသို့ ပစ်လွှတ်လိုက်သောအခါ ပစ်သူထံသို့ ပြန်လာသကဲ့သို့ အခြားသူတစ်ဦး တစ်ယောက်ကို ရည်ရွယ်၍ ပြုလုပ်လိုက်သော ထိခိုက်နစ်နာစေမှု တစ်ခုသည် ထိုပြုသူကိုပင် ပြန်လည်ထိခိုက်နစ်နာစေသောကြောင့် ဖြစ်ပါသည်။

ကေစီ၏မှတ်တမ်းများတွင် ဤကဲ့သို့ မြောက်မြားစွာကို တွေ့ရ၏။ ယင်းတို့အနက်မှ တစ်ခုကို ဖော်ပြလိုပါသည်။ မျက်စိ လုံးဝကွယ်နေသော ပါမောက္ခတစ်ယောက်သည် ရေဒီယိုမှ ကေစီ၏ 'စိတ်၏အံ့ဩဖွယ်များ' (Miracles of the Mind) အခန်းကို နားထောင်ရသောအခါ သူ့ကို ကာယဟောစာတမ်း ပေးရန် ကေစီထံ တောင်းပန်စာပို့လိုက်လေသည်။

ထို့နောက် ကေစီ၏ ညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့်၊ သူ၏ ကျန်းမာရေး မျက်စိပါ သိသိသာသာကြီး တိုးတက်ကောင်းမွန်လာလေသည်။ ကေစီ၏ ညွှန်ကြားချက်တွင် အရိုးဆိုင်နယ်၍ ပြုပြင်ကုသခြင်း၊ လျှပ်စစ်ဖြင့် ကုသခြင်း၊ဓာတ်စာပြောင်းလဲ စားသောက်ခြင်းများ ပါဝင်လေသည်။

မျက်စိအထူးကု ဆရာဝန်ကြီးများက မျှော်လင့်ချက်ရှိတော့ဟု ယူဆထားသော ပါမောက္ခကြီး၏မျက်စိမှာ သုံးလအတွင်း၌ပင် ဆယ်ရာခိုင်နှုန်းမျှ ပြန်၍မြင်လာရ၏။ ပါမောက္ခကြီး၏ ဘဝဟောစာတမ်းများကမူ သူ၏အတိတ်ဘဝ လေးဘဝကို အကြမ်းဖျဉ်းမျှ ဖော်ပြထားလေသည်။ယင်းတို့မှာ အမေရိကတွင် ပြည်တွင်းစစ် ခေတ်၌ တစ်ဘဝ၊ ပြင်သစ်တွင် ဘာသာရေး

www.burmeseclassic.com



စစ်ပွဲများ အတောအတွင်း၌ တစ်ဘဝ၊ ခရစ်တော်မပေါ်မီ နှစ်ပေါင်းတစ်ထောင်လောက်က ပါရှား၌ တစ်ဘဝနှင့် အတာလန္တိတ်တိုက်ကြီး ရေအောက်သို့ မြုပ်မသွားမီ ထိုတိုက်ကြီး၌ တစ်ဘဝတို့ပင် ဖြစ်သည်။

ပါးရှားတွင် လူဖြစ်စဉ်က သူသည် လူရိုင်းမျိုးနွယ်၌ ဖြစ်ရ၏။ ထိုလူရိုင်းများတွင် ရန်သူများကို ရဲရဲနီသော သံပူဖြင့် မျက်စိကန်းအောင် ထိုးဖောက်ရသော ထုံးစံရှိသည်။ ထိုစဉ်က သူသည် ထိုသို့ပြုလုပ်ပေးရသော ရာထူးကို ထမ်းရွက်ခဲ့ရသည်ဟု ဟောစာတမ်းက ဆိုထား၏။

ဤနေရာတွင် လူတစ်ယောက်သည် သူရောက်ရှိနေသော လူ့အသိုင်းအဝန်း၏ ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသော တာဝန်ဝတ္တရားအတွက် သူ့မှာ လူ့ကျင့်ဝတ်အနေဖြင့် အပြစ်ရှိနိုင်ပါသလားဟူသော မေးခွန်းတစ်ခုသည် မလွှဲသာမရှောင်သာ ပေါ်ပေါက်လာသည်။ ယင်းမေးခွန်းမှာ အမှန်တကယ်မေးသင့်သော မေးခွန်းပင်ဖြစ်၏။ ယင်းမေးခွန်းနှင့် ပတ်သက်၍ ရှေ့အခန်းများတွင် ဆွေးနွေးပါမည်။

မှတ်သားလောက်သော ဒုတိယပုံစံမှာ မိန်းကလေးတစ်ယောက်၏ ဖြစ်ရပ်ပင်တည်း။ ထိုမိန်းကလေးသည် လက်များကို ပြုပြင်ကုသပေးသူအဖြစ် အသက်မွေးသူဖြစ်၏။ သူမသည် ကလေးဘဝ တစ်နှစ်သမီးကတည်းကပင် ခြေထောက်များ လှုပ်ရှားနိုင်ပဲ ခြေထောက်ကြောသေရောဂါ ရရှိလာခဲ့သည်။ သူမ၏ ခြေထောက်နှစ်ဖက်စလုံးမှာ မကြီးထွားပဲ အဆမတန်သေးသိမ်

www.burmeseclassic.com



နေသဖြင့် ပခုံးသိုင်း ချိုင်းထောက်ကို အသုံးပြုမှသာ သွားလာနိုင်သည်။

"ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းဖြစ်သော အကုသိုလ်ကံကို ထိုမိန်းကလေး အတ္တလန္တိတ်တိုက်၌ လူဖြစ်စဉ်က ပြုလုပ်ခဲ့၏။ ထိုစဉ်က သူမသည် လူအများကို ကိုယ်လက်အင်္ဂါမသန်စွမ်းပဲ သူများနောက်ကလိုက်ရုံမှတစ်ပါး အခြားမည်သည့်အရာကိုမျှ မလုပ်ကိုင်နိုင်အောင် ပြုလုပ်ထားခဲ့၏။ ဤသူသည် အတိတ်ဘဝက သူတစ်ပါးအပေါ် သူပြုလုပ်ခဲ့သော မကောင်းမှုကို ယခု သူတွေ့ကြုံခံစားနေရသည်ကို ကျွန်ုပ်တွေ့ရ၏"

ဟု ဟောစာတမ်းက ဆိုလေသည်။

စိတ်ဝင်စားစရာကောင်းသော တတိယပုံစံမှာ ကလေးဘဝကပင် နှာချေသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်လာခဲ့သော အမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်ပင်။ ထိုအမျိုးသမီးသည် အစားတစ်ခုခုကိုစားလျှင် အထူးသဖြင့် ပေါင်မုန့်နှင့် သီးနှံတို့ကို စားလျှင် မြက်ပီးနှာစေးဖျား (Yayfever)ဖျားသောသူကဲ့သို့ နှာချေတော့သည်။ ဖိနပ်သားရေနှင့် မျက်မှန်ကော်ကိုင်းကဲ့သို့သော ပစ္စည်းများကို တွေ့လျှင် သူ၏ဘယ်ဘက်ဘေး အာရုံကြောတို့သည် မခံနိုင်အောင်ယောင်ယမ်းနာကျင် လာတော့သည်။သူသည် ဆရာဝန်ပေါင်းများစွာနှင့် သူ၏ရောဂါကို ဆွေးနွေးကုသဘူးလေပြီ။ သို့သော် သက်သာရာကို မရချေ။ သူမ၏အသက် (၂၅)နှစ်အရွယ်တွင် အိပ်မွေ့ချ၍ကုသသောအခါ၌သာလျှင် ခြောက်လမျှ သက်သာရာ ရခဲ့ဘူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးမှ ကေစီဟောစာတမ်းကို ယူခြင်းမှာရောဂါ ပျောက်ကင်းရေးအတွက် သက်သက်သာလျှင်ဖြစ်၏။သို့သော် ဟောစာတမ်းက ရောဂါအကြောင်းရင်းကံကိုပါ ထည့်သွင်းဟော ပြောထားလေသည်။

"ဤသူသည် အတိတ်တစ်ဘဝဆီက ဓာတုဗေဒပညာရှင် ဖြစ်ခဲ့၍ အခြားသူများအပေါ် ယားယံစေတတ်သည့်အရာများကို အသုံးပြုခဲ့ဘူးကြောင်း ကျွန်ုပ်တွေ့ရ၏။ ထို့ကြောင့် သူသည် ယခုဘဝ၌ ဤရောဂါကို ခံစားရခြင်းဖြစ်သည်။ သူသည် အခြား သူများ အသက်ရှူသွင်းသည့်လေကို အဆိပ်ဖြစ်စေတတ်သည့် အရာအချို့ကို အသုံးပြုခဲ့ဘူးခြင်းကြောင့် ယခုဘဝ၌ အချို့သော သတ္တုများ ပလပ်စတစ်များ၊ သားရေများနှင့် အနံ့များကို တွေ့ရ သောအခါ သူအသက်ရှူသောလေသည် အဆိပ်ဖြစ်သွားတော့ လေသည်။ အကယ်၍ သားရေများကို ဝက်သစ်ချနှင့် စိမ်လျှင် သူ့ကို မည်သို့မျှ မထိခိုက်ပေ။ တစ်ခါက သူတစ်ပါးကို အပိတ် အပင် အတားအဆီးပြုဖို့ရာ သူ အသုံးပြုခဲ့သောအရာနှင့် သားရေ ကိုစိမ်လျှင် သူ့အတွက်လည်း အပိတ်အပင် အတားအဆီး ဖြစ်လိမ့်မည်။

ဒုတိယအမျိုးအစားဖြစ်သော ဝဋ်ကြွေးကံနှင့် ပတ်သက်၍ မွေးကတည်းက အစာမကြေရောဂါ ခံစားနေရသော အသက် (၃၅)နှစ်ရွယ် လူတစ်ယောက်၏ ဖြစ်ရပ်ပင်တည်း။ သူသည် အမြဲတမ်း အစားအစာကို ရွေးချယ်၍ စားရသည်။သို့သော်လည်း ဤသို့ သတိကြီးစွာထား၍ စားသောက်နေသည့်ကြားက



www.burmeseclassic.com

www.burmeseclassic.com

အစာကြေဖို့ရာ နာရီပေါင်းများစွာ စောင့်ရ၏။ အစာမကြေမှုကြောင့် သူသည် မကြာခဏပင် အဆင်မပြေမှုများနှင့် လူမှုရေးဆိုင်ရာ စိတ်မချမ်းမြေ့မှုများကို တွေ့ကြုံခံစားရလေသည်။

သူထိုသို့ အစာမကြေဖြစ်ရခြင်း၏ အကြောင်းရင်းကံသည်၊ ပြင်သစ်ပြည် တစ်ဆယ့်သုံးဆက်မြောက် လူဝီဘုရင်၏နန်းတွင်း၌ သူ ပြုလုပ်ထားခဲ့သည်ဟု ကေစီဟောစာတမ်းကဖော်ပြထားသည်။ ထိုစဉ်က သူသည် ဘုရင့်ကိုစောင့်ရှောက်အာကွယ်ပေးရသူ ဖြစ်၏။ သူသည် သူ၏ထိုတာဝန်ကိုတော့မြန်စွာ ထမ်းဆောင်ခဲ့သော်လည်း သူ့တွင် ပျော့ညံ့ချက်တစ်ခုရှိ၏။ ထိုပျော့ညံ့ချက်မှာ အလွန်အမင်း အစားအသောက်ကိုအပ်မက်မောလွန်းခြင်းပင် ဖြစ်သည်။ ထို့နောက်တစ်ဘဝတွင်သည်း၊ ပါးရှားပြည်တွင် ဘုရင့်သမားတော်ကြီးဖြစ်ကာ အစားအသောက်ကို လွန်မင်းစွာ မက်မောတွယ်တာခဲ့၏။

ဤသို့ဖြင့် သူသည် နှစ်ဘဝတိုင်တိုင် မနောကံ လွန်ကျူးခြင်းကို ကျူးလွန်ခဲ့သည်။ မညီမျှသည်ကို ညီမျှအောင် ပြုလုပ်ရန်လိုအပ်သည့်အလျောက် ယခုလက်ရှိဘဝ၌ သူ့ကို ကိုယ်အင်္ဂါဆိုင်ရာ အားနည်းအောင်ပြုလုပ်ပေးခြင်းဖြင့် အလွန်အကျွံမဖြစ်စေရန် အတင်းထိန်းချုပ်ပေးရသည်ကို ကျွန်ုပ်တွေ့ရသည်။

ကေစီဟောစာတမ်းများ၌ အတွေ့များသော အတိတ်ကံချိုးအစားမှာ ခန္ဓာကိုယ်နှင့် ဆိုင်သော ကံတရားများအနက်အားသင့်စရာ အကောင်းဆုံးနှင့် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်၏။ သွေးအားနည်းသောရောဂါရှင်တစ်ယောက်အား ဟောထား

www.burmeseclassic.com



သည်ကို စိတ်ဝင်စားဘွယ်ရာတွေ့ရသည်။ ထိုလူရွယ်၏ ဖခင်မှာ ဆေးပညာရှင်တစ်ယောက်ဖြစ်ရာ သူ့သား၏ ရောဂါပျောက်ရေး အတွက် သူတတ်ကျွမ်းသမျှ နည်းမျိုးစုံဖြင့် ကုသလေသည်။ သို့သော်လည်း အရာမရောက်ပေ။

ကုသမှုကို ခေါင်းမာစွာ တွန်းလှန်ပစ်နေသောရောဂါက အမြစ်တွယ်အောင် စွဲနေသော ကံဟူသောအကြောင်းကို သေချာစွာ ညွှန်ပြလျက်ရှိ၏။အမှန်ပင် ထိုရောဂါကို ထိုလူရွယ်၏ လွန်ခဲ့သော ငါးဘဝ မြောက်ပီရူးပြည်တွင် လူဖြစ်ခဲ့သည့်ဘဝအထိ ဟောစာ တမ်းက ခြေရာခံပြထားလေသည်။

"ထိုစဉ်က သူသည် တိုင်းပြည်၏ အုပ်ချုပ်ရေး အာဏာ ကို ရက်ရက်စက်စက် အမဲ့သိမ်းပိုက်ခဲ့ရာ သွေးထွက်သံယို အကြီးအကျယ် ဖြစ်စေခဲ့၏။ ထို့ကြောင့် ယခုဘဝတွင် သွေးအား နည်းရောဂါဖြစ်ရခြင်း ဖြစ်သည်' ဟု ကေစီဟောစာတမ်းက ဆို၏။

ထိုစကား၏ အဓိပ္ပါယ်သည် ကိုယ်ခန္ဓာဆိုင်ရာ ကံ၏ အခြားပုံစံများနှင့် ယှဉ်ကြည့်သောအခါ ပို၍ထင်ရှားလာသည်။ ထိုလူရွယ်၏အဖြစ်သည် လွန်လွန်ကျွံကျွံဖြစ်သော စိတ်တစ်ခု ၏ စေ့ဆော်မှုဖြင့် ခန္ဓာကိုယ်ကို လွဲမှားစွာ အသုံးချမှုကြောင့် ဖြစ်သော အဖြစ်မဟုတ်ပေ။ ထို့ကြောင့် ကိုယ်တွင်းအစိတ်အပိုင်း ဆိုင်ရာကံကြောင့်ဖြစ်သော အဖြစ်မဟုတ်ကြောင်း ထင်ရှားသည်။ ပတ်တုတ်ကံ(ဘူးမရင်းကံ) ကြောင့် ဖြစ်သောအဖြစ်ဟုလည်း တိတိကျကျမဆိုနိုင်ချေ။ အဘယ်ကြောင့်မှု အကယ်၍သာ

www.burmeseclassic.com

www.burmeseclassic.com

ဤကံမျိုးဖြစ်ခဲ့သော် ထိုလူရွယ်သည် ရက်စက်သော စစ်နိုင်သူ၏ သတ်ဖြတ်မှုကို စစ်ပွဲတွင်ခံခဲ့ရပေလိမ့်မည်။

ဥပမာအားဖြင့် ဟစ်တလာ၏ စစ်သားများသတ်ဖြတ်မှုကြောင့် သေရသော ပိုလန်လူငယ်ဖြစ်ကောင်းဖြစ်ခဲ့ပေလိမ့်မည်။

သို့သော် ထိုသို့ဖြစ်ရမည့်အစား ထိုသိုမဖြစ်ပဲ၊ သူ၏ ခန္ဓာကိုယ်သည် "သွေးချောင်းစီးသေ" လူသတ်ကွင်းပြင်ဖြစ်လာသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ သူ၏ခန္ဓာကိုယ်သည် သူ၏ဖြစ်မှုကို ပျောက်စေရန် ယစ်ပူဇော်ပသရာ ယစ်ပလ္လင်ဖြစ်လာခဲ့၏။ တစ်သာဝတာပတ်လုံး ဤကိုယ်ခန္ဓာ ချွတ်ယွင်းမှုသည် စစ်ပွဲတစ်ပွဲ၌ သွေးချောင်းစီးလျက် သေဆုံးရခြင်းထက်ပို၍ ပညာပေးသဘောပါသော တရားမျှတစေမှုပင် ဖြစ်ပါသည်။ ပို၍အချိန်ကြာမြင့်သော ပညာပေးမှုလည်း ဖြစ်ပါ၏။ သူသည် အောင်နိုင်သူတစ်ယောက်အနေဖြင့် သူမလောက်လေးမလောက်စား မှတ်ယူထားခဲ့သောလူများ၏ သွေးကိုမြေသို့ကျစေခဲ့သည်။ ထို့ကြောင့် ယခုဘဝ၌ သူသည်သွေးအားနည်းကာ အင်အားချည့်နဲ့သူ ဖြစ်နေရသည်။ သို့နှင့်သူ၏ ခန္ဓာတစ်စိတ်တစ်ပိုင်းသည် ထိုမကောင်းမှုကံ၏ အကျိုးပေးရာ ဖြစ်ခဲ့ရလေသည်။

ကေစီ၏မှတ်တမ်းများ၌ နားပင်းနေသူတစ်ယောက်ကို ဟောထားရာတွင်–

"သင်သည် အကူအညီတောင်းသူများ၏စကားကို နောက်တစ်ဖန် မကြားဟန်မပြုပါနှင့်" ဟု ဆုံးမထား၏။


www.burmeseclassic.com

www.burmeseclassic.com



ဤနားပင်းနေသောသူသည် ပြင်သစ်တော်လှန်ရေးအတွင်းက မှူးမတ်တစ်ဦး ဖြစ်ခဲ့ဘူးပါသည်။

ကျော်ရှိုးတီဘီ ရောဂါရှင်တစ်ယောက်ကိုမူ–

"ဤသူသည် သူတစ်ပါးအား ဖျက်လိုဖျက်ဆီး ပြုခဲ့သဖြင့် ယခုအခါ ထိုမကောင်းမှု၏အကျိုးကို သူခံစားနေရခြင်းဖြစ်သည်" ဟု ဖော်ပြထားလေသည်။

ကြွက်သားများသေးသိမ်ရှုံ့ဝင်နေသော ဝေဒနာရှင် တစ်ယောက်ကိုလည်း–

"ဤရောဂါမှာ အခြားဘဝများတွင် သင်ပြုခဲ့သော မကောင်းမှု၏ အကျိုးဆက်ဖြစ်သည်" ဟု ဟောလိုက်လေသည်။

ကေစီ၏မှတ်တမ်းများတွင် ဝဋ်နှာ၊ကံနှာနှင့် ပတ်သက်သော အရေးပါဆုံးအဖြစ်အပျက်တစ်ခုမှာ အသက်နှစ်နှစ်အရွယ် ကစ၍ အိပ်ရာထဲ၌ ဆီးသွားရောဂါစွဲကပ်လာခဲ့သော အသက် တစ်ဆယ့်နှစ်နှစ်ရှိ ကလေးတစ်ယောက်အကြောင်းပင် ဖြစ်ပါသည်။

ထိုအဖြစ်အပျက်သည် အတော်အတန်ရှည်လျားစွာ ဆွေးနွေးသင့်သော အဖြစ်အပျက်တည်ခုဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ကလေး၏ ဆီးလွန်ရောဂါကို ကုသပျောက်ကင်းပုံမှာ အတော်ကလေးဆန်းကြယ်သော သဘောရှိသောကြောင့်ပင် တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးသည် အလွန်ငြိမ်သက်အေးဆေးသောကလေး ဖြစ်၏။ သူသည် သူ့အောက်ဒုတိယကလေးတစ်ယောက် မွေးဖွားလာသည်အထိ မိဘကိုဒုက္ခလုံးဝမပေးပေ။ သို့သော် ဒုတိယကလေးမွေးဖွားလာသည့် အချိန်မှအစပြု၍ အဆိုပါ ပထမကလေးမှာ ညအခါအိပ်ရာထဲ၌ ဆီးသွားစပြုလာတော့၏။နောက်တွင် ၎င်းအကျင့်သည် ညစဉ် ဖြစ်သွားသောအကျင့် ဖြစ်လာတော့သည်။

ကလေးများသည် သူတို့နောက်မှ အခြားကလေးတစ်ယောက် မွေးဖွားလာသောအခါ မိမိတို့ရရှိထားသော အခွင့်အရေးများ ဆုံးရှုံးရမည်ကို စိုးရိမ်တတ်ခြင်းနှင့် မိဘ၏ကရုစိုက်မှု အလိုလိုက်မှုတို့ကို ပြန်လည်ရရှိရန် နို့စို့ကလေးများ၏ အလေ့အကျင့်များကို ပြန်လည်ပြုမူတတ်ကြ၏။

ယင်းအချက်ကိုမူ ကလေးမိဘနှစ်ပါးလုံးကပင် သိကြလေသည်။ ဒုတိယကလေးဖြစ်သော သူ၏ညီမလေးကြောင့် သူ့အပေါ်တွင် မိဘများ၏အချစ်လျော့ပါးမသွားကြောင်းကို ထိုကလေးသိနားလည်ရန် မိဘများက အမျိုးမျိုးကြိုးစားကြပါ၏။သို့သော် အိပ်ရာတွင် ဆီးသွားမှုကား ရပ်တန့်မသွားတော့၊ ဆီးသွားမြဲသွားနေတော့၏။နောက်ဆုံးကလေး၏အသက် သုံးနှစ်ရွယ်ရှိလာသောအခါ စိတ်ကုပညာရှင် (Psychiatrist) တစ်ယောက်အား ပြ၍ကုသရန် မိဘများက ဆုံးဖြတ်လိုက်ကြလေသည်။ တစ်နှစ်ကျော်ကျော် စိတ်ကုပညာရှင်များ ကုသသော်လည်း ထူးခြားမှုကို မတွေ့ရသဖြင့် ဆက်လက်ကုသခြင်းမပြုတော့ပေ။ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com


ငါးနှစ်တိုင်တိုင် ဆက်လက်၍ အိပ်ရာထဲ ၍မြဲပင် ၍စေသည်။

မိဘများသည် ထင်ရှားသော ဆေးဘက်ဆိုင်ရာအထူးကု ဆရာဝန်ကြီးများနှင့် နည်းအမျိုးမျိုးဖြင့် ကုသကြသော်လည်း အရာမရောက်ပေ။ ထို့နောက်စိတ်ကုပညာရှင်များနှင့် ထပ်မံ၍ နှစ်နှစ်တိုင်တိုင် ကုသကြပြန်သည်။

ဤတစ်ကြိမ်ကုသမှုသည် ကလေး၏အထွေထွေအရည် သွေးတိုးတက်မှုကို အထောက်အပံ့ပြုသော်လည်း လိုရင်းအခြေ အနေမှာမူ ထူးမခြားနားပင်ဖြစ်၏။ ထိုကြောင့်ကလေး ဆယ်နှစ် သားအရွယ်တွင် စိတ်ကုပညာရှင်များနှင့် ကုသမှုကို စွန့်လွှတ် လိုက်ကြတော့သည်။

ကလေးဆယ့်နှစ်နှစ်အရွယ်သို့ ရောက်လာသောအခါ သူ၏ မိဘများသည် ကေစီ၏အကြောင်းကို ကြားသိကြသဖြင့် ကလေး၏ ထူးဆန်းသော ဖြစ်ပျက်ပုံနှင့် ပတ်သက်၍ ကေစီထံမှ ဟောစာတမ်းယူရန် ဆုံးဖြတ်လိုက်ကြသည်။ ကလေး၏ဘဝ ဟောစာတမ်းအရဆိုသော ထိုကလေးသည် ပျူရီတန်ခေတ် (Puritan Days)(အင်္ဂလန်ပြည်၌ ၁၆ ရာစုနှစ်တွင် ဘာသာရေး စည်းကမ်း တင်းကျပ်လွန်းသူများ ပေါ်ပေါက်ခဲ့သည့် ခေတ်ကို ဆိုလိုသည်) စောစောပိုင်းက စုန်းပြုစားမှုများကို စစ်ဆေးသည့် အချိန်တွင် ခရစ်ယာန်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့ဘူးသည့် သူသည် စုန်းဟု ထင်ခံရသူများကို ခုံတစ်လုံးပေါ်တွင် ကြိုးဖြင့်ချည်၍ ရေကန်ထဲနှစ်၍ အပြစ်ပေးရာတွင် တက်ကြွစွာပါဝင် ဆောင်ရွက်


www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူ ဖြစ်ပါသည်။

အကြောင်းရင်းကံကို ရှင်းပြပြီးနောက် ဟောစာတမ်းက ကလေး၏ရောဂါကုသပျောက်ကင်းရန် တိကျသေချာသော မျှော်လင့်ချက်ကို ပေးလိုက်၏။ ညအခါ ကလေးအိပ်ယာမဝင်မီ ညွှန်ကြားချက်ပေးရန် မိဘများအား ပြောပြရာတွင် အဓိပ္ပါယ်မှာ ရုပ်သဘောထက် နာမ်သဘောပို၍ဆန်သည်ဟူသော အဓိပ္ပါယ်ပင် ဖြစ်လေသည်။

ကလေး၏မိဘသည် ကေစီထံမှ ညွှန်ကြားချက်ကိုရလျှင်ရချင်း၊ ညအခါ ကလေး၏အိပ်ယာဘေးတွင် ထိုင်ကာ ကလေး အိပ်ချင်စိတ်ပေါ်၍ ငိုက်မြည်းလာသည်အထိ စောင့်နေ၏။ ထို့နောက် အိပ်ပျော်နေသော သူ့ကလေးကို....

"သားသား မင်းဟာ စိတ်ကောင်းသဘောကောင်းရှိပြီး သနားကြင်နာတတ်တဲ့ သားလေးပဲ၊ မင်းဟာ လူတိုင်းကို ပျော်ရွှင်အောင်လုပ်မှာပဲ၊ မင်းဟာ သနားကြင်နာတတ်ပြီး စိတ်သဘောကောင်းတဲ့ သားလေးပဲကွယ်" ဟူသောစကားမျိုးကို အိပ်ပျော်နေသော ကလေးအား တစ်ကြိမ်လျှင် ငါးမိနစ်၊ဆယ်မိနစ်မျှ ပြောပြရလေသည်။

ထိုည၌ ကိုးနှစ်နီးပါး ကာလအတွင်း၊ ပထမဆုံးအကြိမ်အဖြစ် ကလေးသည် အိပ်ရာထဲ၌ ဆီးမသွားတော့ပေ။ ကလေး၏ မိခင်သည် လပေါင်းများစွာပင် ညစဉ်ညတိုင်း ကလေးကို အထက်ပါအတိုင်း ညွှန်ကြားပြောပြလေသည်။ ထိုအတောအတွင်း

www.burmeseclassic.com



ကလေးသည် တစ်ကြိမ်တစ်ခါမျှပင် အိပ်ရာထဲ၌ ဆီးမသွားတော့ပေ။ တဖြည်းဖြည်း အချိန်ကြာလာသောအခါ တစ်ပတ်လျှင် တစ်ကြိမ်မျှ ညွှန်ကြားပြောပြပေးရုံမျှနှင့်ပင် ဆီးမသွားတော့ကြောင်းကိုတွေ့ရလေသည်။ နောက်ဆုံးတွင်မူ ညွှန်ကြားချက်ပြောပြပေးရန်ပင် လုံးဝမလိုအပ်တော့ပေ။ ကလေး၏ရောဂါမှာ ရှင်းရှင်းကြီးပျောက်သွားပြီဖြစ်၏။

ဤဖြစ်ရပ်နှင့် အလားတူသော ဖြစ်ရပ်ပေါင်းများစွာကို ကောစီ၏ မှတ်တမ်းတွင်တွေ့ရှိရလေသည်။

ပထမည၌ ညွှန်ကြားပြောပြချက်ကို စတင်စမ်းသပ်သည့် အချိန်တွင် ကိုးနှစ်ကြာမျှ စွဲမြဲလာခဲ့သော ကလေး၏အကျင့်ရပ်တန့်သွားခြင်းသည်ပင် ထူးခြားလှသည့် စိတ်ဝင်စားဘွယ်ရာများအနက် တစ်ချက်ဖြစ်သည်။ သို့ရာတွင် ကလေး၏မိခင်သည် စနစ်တကျ လေ့ကျင့်သင်ကြားထားသော ဉာဏ်ရည်ဉာဏ်သွေးရှိနေသူ၊ ဖြောင့်မတ်သူမဟုတ်ခဲ့ပါမူ အဆိုပါ ဖြစ်ရပ်ကို ချဲ့ကားဘွယ် တစ်ခုအနေဖြင့် စဉ်းစားကောင်းစဉ်းစားပေလိမ့်မည်။ ယခုကား ထိုသို့မဟုတ်ပေ။ ကလေး၏မိခင်မှာ ရှေ့နေတစ်ယောက်ဖြစ်၍ ခရိုင်ဝတ်လုံအသင်း၏ အသင်းဝင်တစ်ယောက်လည်းဖြစ်ပါသည်။ ထိုအပြင် ယုံလွယ်သူ၊ အစွဲအလန်းကြီးသူ မရိုးမဖြောင့်သော သူလည်းမဟုတ်ပေ။

ယင်းဖြစ်ရပ်၏ ဒုတိယထူးခြားချက်မှာ ဤမျှထိရောက်၍ အကျိုးသက်ရောက်စေသော ညွှန်ကြားပြောပြချက်တွင် အိပ်ရာထဲ၌ ဆီးမသွားရန် လုံးဝဖော်ပြထားခြင်းပင် ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားချက်က ကလေး၏ခန္ဓာအသိ၊ရုပ်အသိကို ညွှန်ကြားခြင်း မဟုတ်ပေ။နာမ်အသိကိုသာ ညွှန်ကြားခြင်းဖြစ်၏။ ဆိုလိုသည်မှာ ညွှန်ကြားချက်ကို သူ၏ ဆေလင်း (Salem) ဘဝဟောင်းမှ သူ ယူဆောင်လာသော အမှတ်လက္ခဏာ သဘောဖြင့် ဖော်ဆောင်ထားသည့်အဖြစ်ကိုသာ ညွှန်ကြားခြင်း ဖြစ်လေသည်။

ထိုသို့ညွှန်ကြားရာ၌လည်း သူ၏ဆန္ဒ ကိုယ်တွင်းရှိ သင့်လျော်သော ကျောက်ကပ်လုပ်ငန်းမှ တဆင့်ညွှန်ကြားခြင်း ဖြစ်၏။ သူသည် တစ်ချိန်က အခြားသူတို့ကို ရေထဲ၌နှစ်ခဲ့၏။ သို့မဟုတ် ထိုသူတို့ကို ရေထဲနှစ်ခြင်း၌ သူ့တွင်တာဝန်ရှိသည်။ ယခု သူသည် ထိုကံ၏အကျိုးကို ခံယူရန်လိုအပ်ကြောင်းကို မထင်မရှား တွေ့ထိခံစားနေရခြင်းသာ ဖြစ်သည်။

ယခုဘဝ၌ ကလေးသည် မည်သူတစ်ဦးတစ်ယောက် တို့မျှထိခိုက်နာကျဉ်စေမှုကို မပြုလုပ်စေကာမူ သူ့စိတ်၏ တစ်စုံ တစ်ခုသောအလွှာက သူ၏ကြင်နာတတ်သော သဘောနှင့် လူမှု ရေးရာ ဝင်ဆန့်သည့်သဘောကို သံသယဖြစ်လျက်ပင် ရှိသေး၏။ အဘယ်ကြောင့်ဆိုသော် သူသည် တစ်ချိန်က အခြားသူများအပေါ် တွင်၊ သူ ပြုလုပ်ခဲ့သော် ရက်စက်ကြမ်းကြုတ်သည့် ပြစ်ဒဏ်ကို သတိရနေသောကြောင့် ဖြစ်ပါသည်။ ညွှန်ကြားချက်က စိတ်၏ အဆိုပါအလွှာသို့ ရောက်ရှိကာ....

"သူ၏ လူမှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် သနားကြင်နာ တတ်ခြင်းကြောင့် သူ၏အပြစ်များ ပြေပျောက်ကြပြီ သို့မဟုတ် ပြေပျောက်နိုင်သည်" ဟု သူ့ကို ကျေနပ်နှစ်သိမ့်စေလိုက်၏။

www.burmeseclassic.com



ထို့ကြောင့် သူသည် ထိုကံ၏ အမှတ်လက္ခဏာသဘောဖြင့် မပြတ်ခံရဖို့ မလိုအပ်တော့ချေ။

ထိုအချိန်မှစ၍ ကလေးသည် အဆင်ပြေသူဖြစ်လာတော့၏။ သူသည် လူအများ၏ခင်မင်မှုကို ခံရယုံမျှမက ကျောင်းသားကောင်းတစ်ယောက်လည်း ဖြစ်လာလေသည်။ သူ၏ ကိုယ့်ကိုကိုယ်သာ ကြည့်တတ်သော သဘောကို ပြုပြင်ပေးလိုက်ရာ လူသားစတတ်ခွဲခန်းတစ်ခု (Johnson O'connor Human Engine eving Laboratory) က ထိုကလေးသည် လုံးဝကျေနပ်ဖွယ်ရာ ပြုပြင်ထားသည့် အပြင်လောကကို ကြည့်တတ်သူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြထားလေသည်။ ဤသို့အရည်အချင်း ပြောင်းလဲမှုအတွက် တစ်စိတ်တစ်ဒေသအားဖြင့် စိတ်ကုပညာကို ချီးကျူးလိုက်သလို တစ်ပိုင်းအားဖြင့်လည်း အက်ဂါကေစီ၏ ယောဂစာတမ်းကို ချီးကျူးထိုက်ပေသည်ဟု ကလေး၏ မိခင်က ယူဆလေသည်။

ယခု အသက်တစ်ဆယ့်ခြောက်နှစ် ရှိလာသောအခါ ကလေး၏ထူးခြားသော အရည်အချင်း တစ်ခုမှာ အခြားသူများကို အလွန်သည်းခံနိုင်ခြင်းပင်ဖြစ်ကြောင်း ကလေး၏မိဘများက ပြောပြသည်။ သူသည် အခြားသူများ၏ အကျင့်စာရိတ္တ ချွတ်ယွင်းချက် တစ်ခုခုအတွက် စိတ်နှင့်ပတ်သက်သော အဖြေကိုရှာတတ်၍ အချို့သော ပြုပြင်ပေးမှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ယခုဘဝတွင် အမှတ်လက္ခဏာ သဘောပါသော မိမိကိုယ်ကို အပြစ်မှ သန့်စင်စေမှုအနေဖြင့် သူခံစားရသော ရုပ်ခံတော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ စွမ်းရည်ချို့တဲ့မှုကိုဖြစ်စေသည့် ယခင်ဘဝဟောင်းက သည်းမခံနိုင်မှုသည် ယခုအခါ လွန်စွာသည်းခံနိုင်ခြင်းသဘောသို့ ပြောင်းလဲသွားဟန်တူလေသည်။ ကိုယ်ခန္ဓာဆိုင်ရာ ကံအဆိုးကျိုး မပေးနိုင်အောင်ပင် ရုပ်နှင့်နာမ်ကို အချိန်ညှိပေးမှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကံတရားနှင့်ပတ်သက်သည့် ဤဖြစ်ရပ်ကို ကျွန်ုပ်တို့ စိစစ်ကြည့်သောအခါ ယင်းဖြစ်ရပ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကောက်ချက်ချနိုင်သည်ကို တွေ့ရ၏။ ကံတရားကို ပြုလုပ်ခြင်းနှင့် ပုံပြန်ခြင်း (Action-Reaction) ဟု အဓိပ္ပါယ်ဖွင့်ကြသည်ကို မကြာခဏတွေ့ရ၏။ ဤအချက်မှန်ကန်ကြောင်းကို ကေစီမှတ်တမ်းများက လက်တွေ့ရုပ်လုံး ဖော်ပြလိုက်လေသည်။

ကေစီမှတ်တမ်းများသည် လူသား၏ ကိုယ်ခန္ဓာ ဆင်းရဲမှုများနှင့် ပတ်သက်၍ စိတ်တက်ကြွဖွယ်ရာ တွေးခေါ်စဉ်းစားရန် နည်းလမ်းကြောင်း အမြောက်အမြားကို ညွှန်ပြပေးနေ၏။ယင်းကေစီ၏ဟောစာတမ်းများသည် အလွန်တရာကြီးမား၍ သိမ်မွေ့နူးညံ့လှသော ပန်းဖောက်ယက်ထည်တစ်ထည်၏ သေးငယ်လှသော အစကလေးတစ်စလောက်ကိုသာ ကျွန်ုပ်တို့၏ သာမန်အာရုံသိစိတ်ငါးခုဖြင့် သိနိုင်ကြောင်း ညွှန်ပြလျက်ရှိသည်။

ယင်းအဝတ်စတွင် ကျွန်ုပ်တို့မြင်ရသော ချောမွေ့လှမည့် ဖျက်နှာပြင်အောက်၌မူ မရေမတွက်နိုင်အောင် များပြားလှသည်

www.burmeseclassic.com

www.burmeseclassic.com

ချည်ချောင်းများနှင့် မမြင်နိုင်သော ရှုပ်ထွေးညိတွယ်နေမှုပေါင်း မြောက်မြားစွာ ရှိနေပါ၏။ ထို့ပြင် ပန်းဖောက်ယက်ထည်ကြီးသည် တစ်ဘက်စွန်းသို့ ရှည်လျားစွာ ကျယ်ပြန့်သွား၍ အခြားတစ်ဖက်စွန်းသို့လည်း ထို့အတူ ရှည်လျားကျယ်ပြန့်သွားပေသည်။

'မွေးဖွားခြင်း' ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် အမှတ်များနေသော အနား၌ အစပြုသည်ဟု ဆိုနိုင်ရန် မည်သည့်ချည်မျှင်စကိုမျှ မတွေ့ရချေ။ ထို့အတူပင် 'သေခြင်း' ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် ထပ်တူထပ်မျှပင် အမှတ်များနေကြသော အနား၌ အဆုံးသတ်သည်ဟု ဆိုရန်လည်း မည်သည့်ချည်မျှင်စကိုမျှ မတွေ့ရပါချေ။

◆◆◆◆◆


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ခရစ်ယာန်ဘာသာရေး အယူအဆအရ ပမာနအပြစ်ကြီး ခုစ်မျိုးအနက်တစ်မျိုးမှာ မာနထောင်လွှားမှုပင် ဖြစ်သည်။ ခြားသော အယူအဆများစွာကဲ့သို့ပင် ထိုအယူအဆသည်လည်း ညာရှင်များ စိတ်ဝင်စားဘွယ်ရာပင် ဖြစ်ပါသည်။ သို့သော်လည်း လူသား၏ ရောဂါဝေဒနာတို့ကို ကုစားပေးသည့် လက်တွေ့ကျ ဆေးပညာပြဿနာများနှင့်မူ အလှမ်းကွာနေပုံရလေသည်။

သို့စေကာမူ ကေစီမှတ်တမ်းများ၏ သက်သေခံချက်ကို ကျွန်ုပ်တို့လက်ခံပါလျှင် မာနတည်းဟူသော မကောင်းမှုသည် ဘမ္မနယာမအရ အလွန်ထင်ရှားစွာ ထိတွေ့နိုင်သော ကိုယ်ပိုင်းရဲ ဖြစ်ဖြင့် အကျိုးပေးနိုင်ကြောင်းကို တွေ့ရပေမည်။ အယူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာနကို သရော်လှောင်ပြောင်သည့်အနေဖြင့် ဖော်ပြရလျှင် ထိုသို့အကျိုးပေးနိုင်သည်ကို တွေ့ရပေမည်။ ရက်စက်ကြမ်းကြုတ်သော၊ ရယ်မောမှုများနှင့် အထင်သေး အမြင်သေးစကားလုံးများသည် ကိုယ်လက်ထိပါး ကျူးလွန်မှုနှင့် အကျိုးပေးညီမျှဟန်ရှိ၏၊ အရယ်အလှောင်ခံရသူ ခံစားရသော ကိုယ်ဆင်းရဲမှုနှင့် ထပ်တူထပ်မျှ ဖြစ်သော ဆင်းရဲအကျိုးကို ပေးတတ်သော ပတ်တုတ်ကံ (ဘူးမရင်းကံ) ကို ဖြစ်ပေါ်စေပါသည်။

ကေစီမှတ်တမ်း၌ ကိုယ်အင်္ဂါမသန်စွမ်းမှုနှင့် ပတ်သက်သောဖြစ်ရပ် (၇)ခုကို တွေ့ရ၏။ ယင်းဖြစ်ရပ်တို့၏ အကြောင်းရင်းမှာ(၁) အထက်ဖော်ပြပါ ကံမျိုးပင် ဖြစ်သည်။ ယင်းတို့အနက် ခြောက်ခုမြောက်၏ အကြောင်းအရင်းကံကို ရောမပြည်တွင် ခရစ်ယာန်တို့ကို နှိပ်စက်ညှင်းပန်းရေးခေတ်၌ ဖြစ်ပေါ်ကြောင်း ခြေရာခံပြထား၏။ ဤနေရာ သမိုင်းတစ်ခေတ်မှ သတ္တဝါတစ်ခု ၁ည် အခြားသမိုင်းတစ်ခေတ်၌ ကမ္ဘာမြေအောက်တွင် တစ်ဖြိုင် ဂ်တည်း မည်ကဲ့သို့ ပြန်လည်ပေါ်ပေါက်လာကြသည်ကို ကျွန်ုပ် ုတွေ့ရ၏။

ဖော်ပြပါဖြစ်ရပ် (၇) ခု အနက်သုံးခုမှာ အကြောသေ ရောဂါများ ဖြစ်ပါသည်။ ပထမဆုံးဖြစ်ရပ်မှာ အသက် (၄၅)နှစ်ရှိ ကလေးသုံးယောက် မိခင်အမျိုးသမီးတစ်ယောက်၏ အကြောသေ ရောဂါဖြစ်၏။ ထိုအမျိုးသမီးသည် အသက်(၃၆)နှစ်အရွယ်၌ စ၍ အကြောသေရောဂါ စွဲကပ်သဖြင့် လမ်းမလျှောက်နိုင်ခဲ့ပေ ထိုအချိန်မှစ၍ သူ့ဘဝမှာ ဘီးတပ်ကုလားထိုင် အတွင်းမှာသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ အိပ်အပြင်၌ ဟိုဟိုသည်သည် သွားလာရေးအတွက်လည်း သူတစ်ပါးကိုသာ လုံးဝမှီခိုနေရ၏။ သူမ ဤကဲ့သို့ဖြစ်ရခြင်းမှာ ရှေးခေတ်ရောမပြည်တွင် သူပြုလုပ်ခဲ့သော အပြုအမူကြောင့် ဖြစ်ကြောင်း ကေစီမှတ်တမ်းက ဖော်ပြထားလေသည်။

ထိုခေတ်က ထိုအမျိုးသမီးသည် နန်းတွင်းသူတစ်ဦးဖြစ်၍ ခရစ်ယာန်တို့ကို ညှင်းပန်းနှိပ်စက်ရာတွင် နီရိုးဘုရင်နှင့် နီးကပ်စွာ ဆက်သွယ်ခဲ့၏။

"ဤသတ္တဝါသည် တိရစ္ဆာန်စာကျွေးသည့် တွင်းကြီးထဲ၌ တိရစ္ဆာန်များ၏ ကိုက်ခဲမှုကြောင့် ခြေလက်ကျိုးပဲ့ရသူများကို ပြောင်လှောင် ရယ်မောခဲ့သည်" ဟု မှတ်တမ်းက ဆိုလေသည်။

ဒုတိယဖြစ်ရပ်မှာ အသက်(၃၄) နှစ်ရှိ အမျိုးသမီးတစ်ဦး ၏ ဖြစ်ရပ်ပင်။ ထိုအမျိုးသမီးသည် ခြောက်လသမီးကတည်းက ကြောသေရောဂါ စွဲကပ်သဖြင့် ခါးကုန်းလျက် ထော့နဲ့ထော့နဲ့ မ်းလျှောက်ရသည်။ သူမ၏ဖခင် လယ်သမားကြီးသည် သူမ၏သနားစရာ အခြေအနေကို လုံးဝကရုမပြုရုံမျှမက သူမ ဝင်ပန်းဆင်းရဲလှစွာ ကြက်မွေးမြူ၍ ရှာဖွေထားသော ပိုက်ဆံ များကိုပင် သူ၏ကိုယ်ကျိုးအတွက် အကြင်နာကင်းမဲ့စွာ သုံးစွဲပစ် လိုက်သေးသည်။

သူမသည် အချစ်ရေး၌လည်း ကံဆိုးရှာသူ ဖြစ်ပါသည်။ သူမ၏ ပထမချစ်သူမှာ ပထမကမ္ဘာစစ်တွင် သေဆုံးခဲ့ရသည်။ ဒုတိယချစ်သူမှာလည်း သူမနှင့် စေ့စပ်ပြီးကာမှ သူမ မကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်က သူမကို ပြုစုရန်ငှားရမ်းခဲ့သော သင်တန်းဆင်း သူနာပြု ဆရာမတစ်ယောက်နှင့် လက်ထပ်သွား၏။

သူမ၏ ကိုယ်စိတ်ဆင်းရဲမှုများကား ဤမျှနှင့် မရပ်သေးပဲ သူမ၏ အထီးကျန် လက်ကိုသူမဘာဝနှင့် အမြဲတစေ ရန်ဖြစ်နေကြသော မိဘများအပြင် ကွန်ကရစ်လှေကားပေါ်မှ လိမ့်ကျရသည့် ဒုက္ခတို့က ထပ်တိုးလို့လာသေးသည်။ ထိုသို့ လှေကားပေါ်မှ လိမ့်ကျသဖြင့် သူမမှာ ကျောရိုး၌ ဒဏ်ရာပြင်းထန်စွာ ရရှိကာ အိပ်ရာမှမထနိုင်ပဲ လဲနေခဲ့သည်။ ဤမျှဖြင့် သူမ၏ ဒုက္ခကားချုပ်သည် စာရှုသူများ၏ စိတ်ထဲတွင် ပေါ်နိုင်လောက်ပေပြီ။

ဤနေရာတွင်လည်း ရောမ၌ နှစ်ဘဝတိုင်တိုင် လူဖြစ်ခဲ့စဉ်က သူမ ပြုလုပ်ခဲ့သော ကံအကြောင်းတရားကို တွေ့ရပြန်သည်။

"ဤ သူသည် ထိုစဉ်က ပါလေတီယု(Palatiu)မိသားစု ၌င် လူဖြစ်ခဲ့ပြီး လူနှင့်လူ၊ လူနှင့်တိရိစ္ဆာန် လုံးထွေးသတ်ပုတ်ကြသည်ကို ကုလားထိုင်တွင် အမြိုင့်သား ထိုင်၍ကြည့်ကာ မျက်စိအရသာ ခံခဲ့၏။ ယခုဘဝ၌ သူ၏ ကိုယ်ခန္ဓာဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေရခြင်းသည် ထိုစဉ်က သတ်ပုတ်ခဲ့ကြသူတို့၏ အားနည်းချက်ကို ကြည့်၍ ပြောင်လှောင်ရယ်မောခဲ့မှုကြောင့် ဖြစ်သည်" ဟု ဟောစာတမ်းက ဆိုလေသည်။

တတိယဖြစ်ရပ်မှာ ရုပ်ရှင်ဓာတ်ကားထုတ်လုပ်သူ တစ်ယောက်၏ ဖြစ်ရပ်ပင်ဖြစ်ပါသည်။ သူသည် အသက်(၁



www.burmeseclassic.com

www.burmeseclassic.com



နှစ်သားတွင် အကြောသေရောဂါ ဖြစ်ခဲ့၏။ ယခုတိုင်လည်း တက်တက်ကြွကြွရှိသော ကစားခုန်စားမှုတို့၌ မြင်းစီး၍ ပါဝင်နိုင်စေကာမူ အတန်ငယ် ထော့နဲ့ထော့နဲ့ သွားရမှုကားရှိနေသေးသည်။ ထိုအကျိုး ဝိပါတ်၏ အကြောင်းအရင်း အကုသိုလ်ကံကိုလည်း ရောမခေတ်အစောပိုင်းတွင် ပြုမူခဲ့ကြောင်းတွေ့ရပြန်သည်။

"ဤသူသည် ထိုစဉ်က မင်းသားတစ်ယောက်ဖြစ်၍ ကြောက်တတ်သူ ပြန်လှန်ခုံခံဟန်မပြုပဲ အရှုံးပေးသူတို့ကို ပြောင်လှောင်ခဲ့၏။ ယခု ဤသူ၏ အတွေ့အကြုံကို ခံစားနေရခြင်းမှာ ထိုစဉ်က သူ၏တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းကြောင့် မဟုတ်ပေ။ သူတစ်ပါးကို ပြောင်လှောင်ခြင်းကြောင့်သာ ဖြစ်သည်။ ဤဘဝ၌ ခန္ဓာကိုယ် ချွတ်ယွင်းပျက်စီးရခြင်းမှာ သူ၏ အတွင်းစိတ်ကို နိူးဆွပေးရေးနှင့် နာမ်ဓာတ်ဆိုင်ရာ အင်အားတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အတွေ့အကြုံပင်ဖြစ်၏" ဟု ဟောစာတမ်းက ဆိုလေသည်။

သရော်လှောင်ပြောင်ခဲ့သော ကံကြောင့် ဖြစ်ပေါ်သော ရောဂါဝေဒနာတို့တွင် အကြောသေရောဂါအပြင် အခြားရောဂါများလည်း ရှိပါသေးသည်။ ထိုရောဂါများအနက် တစ်ခုမှာ တင်ပါးတွင် တီဘီရောဂါကြောင့် ခွေခြင်နေသော မိန်းကလေးတစ်ယောက်၏ ရောဂါပင်ဖြစ်၏။ ထိုရောဂါ၏ အကြောင်းအရင်းကံကို လွန်ခဲ့သောနှစ်ဘဝမြောက်က ရောမမြို့တွင် လူဖြစ်စဉ်က ပြုလုပ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဤသူသည် ထိုစဉ်က နီရိုးဘုရင်၏ နန်းတော်တွင် မှူးမတ်တစ်ဦးဖြစ်၍ တိရစ္ဆာန်စာကျွေးသည့် ကွင်းကြီးထဲ၌ လူကို အနိုင်စက် အညှင်းပန်းခံနေရသည်ကိုကြည့်ကာ ပျော်ရွှင်မှုကို ရယူခဲ့၏။အထူးအားဖြင့် သူသည် ခြသေ့ံလက်သည်းဖြင့်ကုတ်လိုက်၍ နံဘေးမှအသားများ အလွှားလွှား ကွာကျသွားသော မိန်းကလေးကိုကြည့်ကာ ရယ်မောခဲ့သည်" ဟု ဟောစာတမ်းတွင် ဖော်ပြထားလေသည်။

အခြားတစ်ခုမှာ (၁၈)နှစ်ရွယ် မိန်းကလေးတစ်ယောက်၏ ဖြစ်ရပ်ပင်တည်း။ သူမသည် အကယ်၍သာ ကိုယ်အလေးချိန်များ လွန်းမနေလျှင် နှစ်သက်ဖွယ်လန်းမက်မောဘွယ်ရာ မိန်းကလေး တစ်ဦး ဖြစ်နိုင်ပါသည်။

ဆရာဝန်များက သူမ၏ရောဂါကို ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချိန်ညီညီ ဖွံ့ဖြိုးတိုးတက်စေသော ဦးနှောက်အောက်ဘက် အကျိတ်များ (Pituitary Glands) လုပ်ငန်းဆောင်ရွက်မှု လွန်ကဲနေခြင်းဖြစ်ကြောင်း ပြောပြလေသည်။

ကေစီ၏ ကာယဟောစာတမ်းများကမူ အကျိတ်များဖြစ်ပေါ်ခြင်းဟု ဆိုထား၏။

သို့သော် ဟောစာတမ်း၏ အခြားတစ်နေရာ၌မူ ယင်းအကျိတ်များကိုယ်တိုင်သည်ပင်လျှင် ကံကပေးသော အခွင့်ကို ထုတ်ဖော်ရေးအတွက် ဇဟိုချက်များ ဖြစ်ကြကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ ထိုမိန်းကလေး၏ အကျိတ်များဖြစ်ပေါ်

www.burmeseclassic.com



ကြီးထွားနေသည့် အခြေအနေနှင့် ယင်းအခြေအနေကြောင့်ဖြစ်ပေါ်သော ကိုယ်အလေးချိန်များလွန်းနေခြင်းသည် ကံအကြောင်းခံလျက်ရှိသည်ဟု ကျွန်ုပ်တို့ မှတ်ယူပေသည်။ ယင်းယူဆချက်ကို အဝဟောစာတမ်းများက ထောက်ခံလျက်ရှိ၏။

သူမသည် လွန်ခဲ့သော နှစ်ဘဝအလွန်က ပြေးခုန်ပစ် အားကစားသမားတစ်ဦး ဖြစ်ခဲ့၏။ ရုပ်ရည်ရော အားကစားစွမ်းရည်ပါ အများထက်သာလွန်သူလည်း ဖြစ်ပါသည်။ သို့စေကာမူ ခန္ဓာကိုယ်လေးလံမှုကြောင့် သူမလောက်သွက်လက် ဖျတ်လပ်မှုမရှိသူများကို သူမသည် မကြာခဏ လှောင်ပြောင်ရယ်မောတတ်လေသည်။

ထို ကံအစုတွင်ပါဝင်သော တတိယဖြစ်ရပ်မှာ အသက်နှစ်ဆယ့်တစ်နှစ်ရှိ ဗရင်ဂျီဘာသာဝင် လူရွယ်တစ်ဦး၏ ဖြစ်ရပ်ပင်ဖြစ်၏။ လူရွယ်ကိုမူ သူ၏မိဘများက ဘုန်းကြီးဖြစ်စေချင်ကြ၏။ သို့ရာတွင် လူရွယ်မှာ ဘုန်းကြီးလုပ်ရန် စိတ်မပါသဖြင့် မိဘများ၏ ဆန္ဒကို မလိုက်လျောခဲ့ပေ။

သူ၏အခိုက ပြဿနာမှာ လိင်တူဆက်ဆံလိုသည့် ဆန္ဒပြင်းပြမှုပင် ဖြစ်၏။ ဟောစာတမ်းမက သူသည် ယခင်ဘဝဟောင်းက ပြင်သစ်နန်းတွင်းသား တစ်ယောက်ဖြစ်ပြီး သရော်လှောင်ပြောင်ခြင်းနှင့် အတင်းအဖျင်း ပြောဆိုခြင်း၌ ဝါသနာကြီးသူဖြစ်ကြောင်း၊ နန်းတွင်းမှ လိင်တူဆက်ဆံရေး သတင်းများကို သူ၏ ရုပ်ပြောင်ပညာဖြင့် ဖော်ထုတ်ရခြင်း၌ ထူးထူးကဲကဲ အရသာ တွေ့ရှိလေ့ရှိကြောင်း ဟောစာတမ်းက ဆိုထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ရဲ့ရှုတ်ချ မခံရအောင်၊ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချမှု မပြုလေနှင့်၊ သင်ပေးသောအတိုင်းအတာဖြင့်ပင် သင့်ကိုပြန်ပေးလိမ့်မည်။ သူတစ်ပါးကို သင်ရှုတ်ချသော အရာသည် သင့်မှာ ဖြစ်ပေါ်လာလိမ့်မည်" ဟု ဟောစာတမ်းက နိဂုံးချုပ်ထားပါသည်။

စတုတ္ထဖြစ်ရပ်မှာ ကားတိုက်မိရာမှ ကျောရိုးအာရုံကြောမ ပြတ်သွားသော ဆယ့်ခြောက်နှစ်အရွယ်ကလေးတစ်ယောက်၏ ဖြစ်ရပ်ပင်တည်း။ အထူးကုဆရာဝန်ကြီးများသည် ကလေး၏ အသက်ရှင်ရေးကို သံသယဖြစ်ကြ၏။ သို့တစေ ကလေးကား အသက်ရှင်လာသည် သူ၏ ပဥ္စမကျောရိုးဆစ်အောက်မှစ၍ အာရုံကြောများသေသွားကာ လှုပ်ရှား၍ မရတော့ပေ။ ထိုအချိန်မှစ၍ ကလေးမှာ ဘီးတပ်ကုလားထိုင်နှင့်သာ သွားလာနေထိုင်ရလေသည်။

ထိုသို့ဖြစ်ပြီးနောက် ခုနစ်နှစ်ကျော်ကြာသောအခါ ကလေး၏မိခင်သည် ကေစီထံမှ ဟောစာတမ်းကို ရယူလေသည်။ ဟောစာတမ်းက ကလေး၏အတိတ်ဘဝကို ဖော်ပြထားသည်။ တစ်ဘဝမှာ အမေရိကန်တော်လှန်ရေး ခေတ်ဖြစ်၍ ထိုစဉ်က သူသည် နိုင်မာသောဆုံးဖြတ်ချက်နှင့် ရဲစွမ်းသတ္တိရှိသော စစ်ဗိုလ် ကလေးတစ်ယောက် ဖြစ်ခဲ့၏။ သူသည် ထိုဘဝအတွေ့အကြုံမှ သေသပ်ခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ အဆိုးထဲမှအကောင်းကို ထုတ်ယူတတ်ခြင်းနှင့် လက်တွင်းရှိ အခွင့်အရေးကို အသုံးချ တတ်ခြင်းဟူသော အရည်အသွေးကို ရရှိလာခဲ့သည်။

ယခုဖော်ပြခဲ့သော ဘဝမတိုင်မီ၊ ယခင်တစ်ဘဝသည်ကား



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရောဂါဝေဒနာနှင့် ပတ်သက်၍ အလွန်အရေးကြီးသော အဝဖြစ်သည်။ သူသည် ရှေ့ဘဝက ရောမစစ်သား တစ်ယောက် ဖြစ်ခဲ့ပြီး။ ခရစ်ယာန် အခြေခံမှုများကို လိုက်နာ ကြသူတို့၏ ဆင်းရဲဒုက္ခကိုကြည့်ကာ ဝမ်းသာနေတတ်၏။သူသည် တိရစ္ဆာန်အစာကျွေးတွင်းကြီးထဲ၌ လူများနှင့်သတ်ပုတ်ပြီးနောက် ထိုလူများ တိရစ္ဆာန်နှင့် သတ်ပုတ်နေသည်ကို ကြည့်၍လည်း အရသာခံတတ်သူ ဖြစ်၏။

"ဤသူသည် ကြီးစွာသော ဆင်းရဲဒုက္ခကို ကြည့်၍ ဝမ်းသာနေတတ်သူ ဖြစ်သည်။ ထို့ကြောင့် ယခုဘဝတွင် သူ၏ ခန္ဓာကိုယ်၌ ဆင်းရဲဒုက္ခကို သူခံစားနေရကာ ထိုဆင်းရဲဒုက္ခကို ပြန်၍ ရွှင်လန်းဝမ်းသာနေရပြန်၏။ သို့သော် ရည်ရွယ်ချက်ကား ခတူပေ။ ထိုစဉ်က သူ လျောင်ပြောင်ခဲ့သော ရည်ရွယ်ချက်သည် ယင်းအချက်ကို ပြန်၍ထေ့မိစေရန် သူ၏ သန္တာန်၌ ပြန်လည် ပေါ်ပေါက်ရပေမည်" ဟု ဟောစာတမ်းက ထုတ်ဖော်ထားလေ သည်။

အထက်တွင် ဖော်ပြခဲ့သော အကြောသေရောဂါများ တွင်ပါးဆစ်တီဘီရောဂါ၊ ကိုယ်အလေးချိန်လွန်သည့်ရောဂါများ လိင်တူဆက်ဆံခြင်းရောဂါ၊ကျောရိုးနှင့် ကြွက်သားသေရောဂါတို့ အနက် မည်သည့်ရောဂါမျှ ရောဂါရှင် မွေးကတည်းကပါလာခြင်း မဟုတ်ပေ။ ယင်းအချက်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ဖြစ်ရပ် တိုင်းတွင်ပင် ရောဂါဝေဒနာများသည် သို့မဟုတ် ဆင်းရဲဒုက္ခ များသည် မွေးဖွားပြီးနောက် အသက်ခြောက်နှစ်မှ သုံးဆယ့်ငါး နှစ်အတွင်း ဖြစ်ပေါ်လာကြခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတစ်ခုမှာ မော်တော်ကားတိုက်မှုကြောင့် ဖြစ်ရ၏။ သို့ရာတွင် သိသာမြင်သာသော ထိုအကြောင်း၏နောက်ကွယ်တွင် ပို၍နက်ရှိုင်းသော အကြောင်းရှိဟန်တူပေသည်။ အချို့သော မတော်တဆ ထိခိုက်မှုများ၌ တစ်ယောက်သေ၍ တစ်ယောက်အသက်ရှင်ခြင်း တစ်ယောက်မှာ ခြစ်မိရုံမျှပင် မခြစ်မိပဲ၊ အခြားတစ်ယောက်မှာမူ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်ပင် ထိခိုက်မိခြင်းမျိုးများ ရှိတတ်၏။

ဤသို့သော ထူးဆန်းသည့်ကံကြမ္မာ၏ ဖန်တီးမှုမျိုးကို မတော်တဆ ဖြစ်ရခြင်းဟု လူသားတို့ ယူဆတတ်ကြသည်။ သို့ရာတွင် ကံတရားသည် အမှန်တကယ်ပင် အချိုးတစ်ကျအကျိုးပေးတော့မည်ဖြစ်လျှင် မတော်တဆ ထိခိုက်မှုမျိုး၌ ရုတ်ချည်းဖြစ်ပေါ်လာသော ရှုပ်ရှုပ်ထွေးထွေး အကြားကပင်အတွင်းစိတ်၏ မသိမမြင်နိုင်သော စွမ်းအားများသည် အလုပ်လုပ်လျှက်ရှိကြကြောင်းက ဖော်ပြခဲ့သော ဖြစ်ရပ်ဆန်းများက ညွှန်ပြနေဟန်ရှိပေသည်။

ရုတ်တရက်ကြည့်လျှင် ဖြစ်ဒဏ်ပေးမှုများ ဆိုးကျိုးပေးမှုများသည် လှောင်ပြောင်ရယ်မောမှုမျိုးကဲ့သို့သော အသေးအဖွဲ့သည်ကိစ္စမျိုးနှင့် အချိုးမညီမျှဟု အထင်ရောက်ဖွယ်ရာရှိစေကာမူ ပို၍နက်ရှိုင်းစွာ စဉ်းစားကြည့်သောအခါ တရားမျှတမှုသည် ပို၍ပေါ်လွင်ထင်ရှားလာတော့၏။ သူတစ်ပါး၏ ဆင်းရဲဒုက္ခရောက်ရေးကို ရယ်သောသူသည် အခြေအနေနှစ်ရပ်ကို ကဲ့ရဲ့ရှုတ်ချခြင်းပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ ကဲ့ရဲ့ရှုတ်ချနေခြင်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေနှစ်ရပ်အတွက် အဖွှတ္တာလိုအပ်ချက်ကို ထိုသူ သဘော မပေါက်သောကြောင့်သာ ဖြစ်၏။

ပထမအချက်အနေဖြင့် သူသည် အသိလိမ္မာမဲ့သည့် အနိမ့်ကျဆုံးသော အသွင်ဖြင့်ပင် အဆင့်ဆင့်ပြောင်းလဲတိုးတတ် ရန်ဖြစ်သည်။ လူ့အခွင့်အရေးကို အထင်သေးနေခြင်းဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် သတ္တဝါတိုင်း၌ ရှိသောတန်ဖိုး နှင့် ဂုဏ်သိက္ခာကို ကျဆင်းအောင်ပြုလုပ်နေခြင်းလည်း ဖြစ်ပါ သည်။

ထိုသူများကျရောက်နေသော အခြေအနေသည် မည်မျှ နိမ့်ကျနေသည်။ ရယ်ဖွယ်ရာဖြစ်နေသည်ဆိုခြင်းမှာ အကြောင်း မဟုတ်ပေ။ ပို၍ဆိုးသည်မှာ သူသည် အရယ်အမောခံရသူတို့၏ လူရည်လူသွေးထက် သူ၏လူရည်လူသွေးက သာလွန်မြင့်မြတ် ကြောင်း သူ့ကိုယ်ကိုပင် မြှောက်ကာအခိုင်အမာ ပြုနေခြင်းပင် ဖြစ်တော့၏။ သရော်လှောင်ပြောင်ခြင်းဆိုသည်မှာလည်း အယုတ်ညံ့ဆုံးသော အစီပွါယ်ဖြင့် မိမိကိုယ်ကိုမိမိပင့်မြှောက်ကာ အခိုင်အမာ ပြုနေခြင်းသာတည်း။

ထိုသို့စဉ်းစားဆင်ခြင်မှုများက ကျွန်ုပ်တို့ကို ပညာရှိတို့၏ ရှေးကျမ်းစာတစ်ခုမှ အဆိုအမိန့်အချို့ကို သတိရစေလေသည်။ သရော်လှောင်ပြောင်သူ၏ နေရာ၌ မထိုင်သောသူသည် အမှန်ပင် ကောင်းချီးမင်္ဂလာနှင့် ထိုက်တန်ကြောင်းကိုလည်း ဓမ္မစာများ ဆိုရာသည်....

www.burmeseclassic.com



"ငါသည် ငါ၏လျှာကြောင့် အပြစ်မဖြစ်စေရန် ငါ၏ နှုတ်ခမ်းများကို ပါးချုပ်တပ်၍ ထားမည်" ဟု ဆုံးဖြတ်သောအခါ သူ၏ ပင်ကိုယ်ထွက်ဉာဏ်သည် စင်စစ် ကေန်အမှန်သို့ရောက် ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ သိမြင်စပြုကြခဲ့ရ၏။

"သင်က ဆုံးဖြတ်သောတရားနှင့် သင့်ကိုဆုံးဖြတ်လိမ့် မည်ဖြစ်သောကြောင့် သင့်ကို တရားအဆုံးဖြတ် မခံရစေရန် သူတစ်ပါးကို တရားမဆုံးဖြတ်ပါနှင့်" ဟူသော ဗာဒိတ်ကျမ်းလာ ဝဍတ်တော်ကဲ့သို့သောစကားသည်လည်း ရုတ်တရက်ထင်ရှား လာတော့သည်။

ဝမ်းနည်းကြေကွဲဖွယ်ရာ ကံကြွေးပေးဆပ်ရသော လှောင်ပြောင်မှုဖြစ်ရပ်များကို တွေ့ရသဖြင့်...။

"သင် ဖျင်းအသူဟု ဆိုသော်သူသည် ငရဲသို့ကျလိမ့်မည်" ဟူသော ခရစ်တော်၏ အခြားစကားတစ်ရပ်သည်လည်း ရုတ်ချည်းပင် ပို၍နက်နဲသော စိတ္တဗေဒအဓိပ္ပါယ်ကို ဖော်ဆောင် သွားလေသည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ဝေဖန်စီစစ် သုံးသပ်ခြင်း

ကေစီမှတ်တမ်းများကို စေ့စပ်သေချာစွာ လေ့လာခြင်းဖြင့် ဆရာဝန်များ၊ စိတ်ကုပညာရှင်များ၊ စိတ်ပညာရှင်များနှင့် လူမှုရေးလုပ်သားတို့၏ လုပ်ငန်းခွင်မှတ်တမ်းအားလုံးကို စုပေါင်းထားသော ဖြစ်ရပ်များထက်ပင် ပိုမိုကျယ်ပြန့်၍ အမျိုးအစားလည်း ပိုမိုများပြားသော လူသား၏ ဒုက္ခဆင်းရဲ မြင်ကွင်းကျယ်ကြီးကို တွေ့နိုင်ပါ၏။

ဤသို့ဆိုခြင်းမှာ ချဲ့ကားလွန်းသည့် သဘောသက်ရောက်အောင်း၊ သက်ရောက်ပေလိမ့်မည်။ သို့သော် ချဲ့ကားခြင်းကား မဟုတ်ပေ။ ဤနေရာ၌ လူသား၏ဆင်းရဲဒုက္ခသည် ကုစားလည်း



www.burmeseclassic.com

www.burmeseclassic.com



ကုစားဟန်များနှင့် ဆက်စပ်ပတ်သက်ရုံမျှသာမဟုတ်မူပဲ၊အတိတ်ကာလ ရာစုနှစ်ပေါင်းများစွာပတ်လုံး ပြုလုပ်ခဲ့၍ မေ့ပျောက်နေခဲ့သည့် မကောင်းမှုများ၊ အမှားများ၊ မိုက်မဲမှုများ၊ ဆင်းရဲဒုက္ခများနှင့်လည်း ဆက်နွယ်ပတ်သက်နေပေသည်။

ကေစီမှတ်တမ်းများ၌ ကံတရား၏ အဆိုးသဘောများက ပို၍သိသာထင်ရှား၏။ အကြောင်းမှု ကေစီထံသို့ အကူအညီ ရရှိရေးအတွက် လာရောက်ကြသူတို့မှာ ပဓာနအားဖြင့် မကျန်းမာသူ၊ ဆင်းရဲဒုက္ခရောက်သူများသာ ဖြစ်သောကြောင့်ပင်။ ကျန်းမာနေသူ ဆရာဝန်ထံသွားရန် အကြောင်းမရှိပေ။ အဆင်ပြေနေသူသည် ဘဝ၏အဆုံးစွန် ရည်ရွယ်ချက်ကို စောကြောမေးမြန်းဖို့ရာအရေးကြီးသည်ဟု မယူဆပေ။

ထို့ကြောင့် ကေစီဟောစာတမ်းများအနက် အများစုကို ဆေးပညာရှင်များက ဖြစ်စေ၊ စိတ်ပညာရှင်များကဖြစ်စေ၊ ဘာသာရေးသမားများကဖြစ်စေ၊ ဖြေရှင်းမပေးနိုင်သော အလွန်တိကျ၍ တစ်ခါတစ်ရံတွင် အလွန်ကြောက်စရာကောင်းသော ပုဂ္ဂိုလ်က ပြဿနာများနှင့် ရင်ဆိုင်နေရသည့် လူများအတွက်သာ ဟောထားခြင်း ဖြစ်ပါသည်။

ကေစီဟောစာတမ်းများကို လေ့လာခြင်းသည် ဟောစာတမ်းပါဖြစ်ရပ်များတွင် လူ့ကျင့်ဝတ်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ တို့၌ ဒုက္ခ၏ အရေးပါအရာရောက်မှုကို ရှင်းလင်းစွာဖော်ပြပေး ပါက လွန်စွာမှပင် စိတ်ပျက်အားလျော့ဖွယ် ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကြောင့်ဆိုသော် ဟောစာတမ်းများ၌ပါရှိသော ဟောစာတမ်းများ၌ရှိသော စာတစ်ပိုဒ်တွင် ဒန္တီ (Alighiery Dante= ၁၃ရာစုနှစ်ကုန်ခါနီး၌ ပေါ်ထွန်းခဲ့သော အီတလီအမျိုးသား၊ တမ္ဘာကျော် ကဗျာစာဆိုကြီးဖြစ်သည်။) ၏ ငရဲကြီး၊ ငရဲလေးများ အကြောင်း လင်္ကာကြီးကို ဖတ်ရှုသောအခါ၌ ရရှိသော ကြီးကျယ်ခမ်းနားမှုမျိုးကို ပေးနိုင်သောကြောင့် ဖြစ်ပေသည်။

ကေစီဟောစာတမ်းများသည် လူကျင့်ဝတ်နှင့် စကြဝဠာ တမ္ဘာလောကကြီးဆိုင်ရာအညွှန်းများဖြင့် ဒုက္ခကိုအမြစ်မပြတ် တန်ဖိုး ဖြတ်ပေးလျက်ရှိ၏။ ထိုအချက်က ယင်းဟောစာတမ်းများကို လေ့လာရာ၌ စိတ်သက်သာမှုကိုရစေလေသည်။ စိတ်သက်သာမှု ရစေရုံမျှမက ထိုဟောစာတမ်းများသည် စိတ်ကိုစွဲငြိစေ၏။ စိတ်အားတက်စေ၏။ ကြွစေ၏။ ခိုင်မြဲစွာ ယုံကြည်စိတ်ချစေပါသည်။

သို့ရာတွင် ကေစီမှတ်တမ်းတွင်ပါဝင်သော ကံ၏အကျိုး ဖြစ်ရပ်များသည် အားလုံးစိတ်မချမ်းမြေ့စရာနှင့် ဖြစ်မြဲသဘောကို ကျော်လွန်သည့် ဖြစ်ရပ်များချည်း မဟုတ်ချေ။ နောက်တွင် အသက်မွေးဝမ်းကျောင်း လမ်းညွှန်ချက်နှင့် ပတ်သက်သောဖြစ်ရပ် များကို ဆွေးနွေးသည့်အခါ လူသား၏အရည်အသွေး၊ ထူးခြားသည့်စွမ်းရည်၊ထူးချွန်သည့် ဉာဏ်နှင့် အခြားသောထူးခြားချက် များသည် အတိတ်ကာလတစ်လျှောက်လုံး အဖန်ဖန်ဖြစ်ခဲ့ရသည့် ဘဝများတွင် ပြုလုပ်ခဲ့သော ကံများ၏ ဆုလာဘ်များဖြစ်ပုံကို–

ကျွန်ုပ်တို့ တွေ့ကြရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသော ပတ်ဝန်းကျင်နှင့် ကျန်းမာသော ကိုယ်ခန္ဓာတို့သည်လည်း ကုသိုလ်ကံ၏ အကျိုးတရားများဖြစ်ကြ၏။ သို့စေကာမူ ဟောစာတမ်းများက ယင်းတို့၏ အခြေခံအကြောင်းရင်းသည် ကံတရားဖြစ်ကြောင်း ဖော်ပြသည့်အကြိမ်နှာမများလှပေ။

ဟောပြောရန် ရရှိသော အချက်အလက်များ ရရှိမည့် အခြေခံသဘာဝများက သတင်းထောက်ကောင်း တစ်ယောက်ကဲ့သို့ပင် သတင်းကောင်းကိုတန်ဖိုးရှိသောသတင်းဟု အသိအမှတ်မပြုပဲ၊ သတင်းဦးကိုသာ တန်ဖိုးရှိသော သတင်းဟု အသိအမှတ်ပြုသောကြောင့် ဖြစ်နိုင်ဖွယ်ရှိနေပေသည်။

ကေစီထံမှ ဟောစာတမ်းတောင်းသောလူများသည် ကံကောင်းခြင်းအတွက် ရှင်းလင်းချက်ရယူရန်မလိုဟု လူသား၏ သဘာဝအရ ခံစားသိရှိကြပြီးဖြစ်၏။ လူသားသည် ဤအချက်မှာ မွေးရာပါအခွင့်အရေးဖြစ်သည်ဟု ပင်ကိုသန္ဓေပါအသိအရပင် ခံစားသိရှိထားသည်။ လူသည်ကံဆိုးမိုးမှောင်ကျသောအခါ၌သာ သူ့ဘာကြောင့် ထိုသို့ဖြစ်ရသည်ကို မေးမြန်းလေ့ရှိကြပါသည်။

ရုပ်ရည်ချောမောလှပခြင်းသည်လည်း၊ကောင်းသောကံ၏ အကျိုးတရားပင်ဖြစ်လေသည်။ ယခုဘဝ၌ ရုပ်ဆင်းအင်္ဂါ လှပပြေပြစ်ခြင်းသည် အတိတ်ဘဝများက ခန္ဓာကိုယ်ကို ကရုစိုက်ပြုပြင်မှုနှင့် ကိုးကွယ်ဆည်းကပ်မှုဆိုင်ရာ အဆောက်အအုံတို့ကို ကရုစိုက်ပြုပြင်မှုကြောင့် ဖြစ်သည်ဟု ယူဆနိုင်သည့်စကားလုံးများနှင့် ဟောစာတမ်းများက ရံဖန်ရံခါ ညွှန်ပြထားလေသည်။

www.burmeseclassic.com



လုပတင့်တယ်ခြင်းသည် အခြားသော ကံများကြောင့်လည်း ဖြစ်နိုင်ကြောင်း ယောစာတမ်းက စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ရပေသည်။

ထိုဖြစ်ရပ်မှာ နယူးယောက်မြို့မှ စံပြမယ်တစ်ယောက်၏ ဖြစ်ရပ်ပင်ဖြစ်၏။ ထိုစံပြမယ်သည် သူ၏ ထူးခြားလှပသော လက်ကြောင့် လက်သည်းညှပ် လုပ်ငန်းရှင်များ၊ လက်သည်းဆိုး လုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များက သူတို့၏လုပ်ငန်း ကြော်ငြာများတွင် သူမ၏လက်ပုံကို ထည့်သွင်းကြော်ငြာကြသဖြင့် အခကြေးငွေ အမြောက်အမြား ရရှိ၏။ သူမ ချောမောလှပရခြင်း၏ အကြောင်းအရင်းကံကို သူမ၏ လက်ရှိဘဝမတိုင်မီဘဝက အင်္ဂလိပ်သီလရှင် ကျောင်းတစ်ကျောင်း၌ ပြုလုပ်ခဲ့သည်ကို တွေ့ရ၏။ ထိုစဉ်က သူမသည် လက်ဖြင့်လုပ်ကိုင်ရသော မနှစ်မြို့ဖွယ်ရာ အလုပ်များကို ကိုယ်ကျိုးမငဲ့ပဲ၊ စိတ်စေတနာထက်သန်စွာဖြင့် ပြုလုပ်ခဲ့လေသည်။ ထို့ကြောင့်ပင် သူမ၏ ခန္ဓာကိုယ်နှင့် လက်တို့မှာ ထူးထူးခြားခြား စွဲမက်နှစ်သက်လိုဖွယ် လှပနေခြင်းဖြစ်ပါသည်။

ထိုဖြစ်ရပ်သည် အလှအပတောင့်တသူများအတွက် အားကျအတုယူစေသော ပုံစံပင်ဖြစ်၏။ ယင်းဖြစ်ရပ်က အားလုံးသောကံတရားများသည် စည်းမျဉ်းတင်းကျပ်၍ ဖိညှပ်သောသဘောရှိသည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကို သတိတရားရစေလေသည်။

ကံတရား၏ကောင်းကျိုးပါဝင်သော ဖြစ်ရပ်များထက်

www.burmeseclassic.com



ပြစ်ဒဏ်သဘောပါသော ဖြစ်ရပ်များက ကျွန်ုပ်တို့၏ စိတ်ထဲတွင် ပို၍စွဲနေတတ်ပါသည်။ ကျွန်ုပ်တို့ခေတ်တွင် အများအားဖြင့် ရှုပ်ထွေး၍ စာရိတ္တပျက်စီးစေသော အယူအဆရှိသူများအတွက် စိတ်ထဲတွင် စွဲထင်နေရုံမျှသာမဟုတ်ဘဲ၊ ထိုသို့ဖြစ်ရပ်အမှန်လည်း လိုအပ်နေလေသည်။

အသိဉာဏ်ရှိသော လူသား၌ ဘဝအတွက်အသိဉာဏ်ပါသော စာရိတ္တအခြေခံရှိရပေမည်။ ပိုင်းခြားဝေဖန်စိစစ်၍ စနစ်တကျ လေ့ကျင့်သင်ကြားထားသော သိပ္ပံနည်းကျ သဘာဝကို သာ၊လက်ခံတတ်သည့် လူတို့၏စိတ်များက သမားရိုးကျ တရားသေသဘောများကို လက်မခံတော့ပေ။ သို့ဖြင့် ရှေးအစဉ်အလာ အယူအဆများနှင့် အကောင်းဆုံးဟု မှတ်ယူခဲ့ကြသောအရာများသည် ကျိုးပျက်သွားကြလေပြီ။ သို့ရာတွင် ယင်းတို့နေရာ၌ အစားထိုးရန် သိပ္ပံနည်းကျ လက်ခံနိုင်လောက်သော အယူအဆသစ်များလည်း မရှိကြသေးပေ။

ကံတရားနှင့် တမလွန်နိယာမများကို လေ့လာသောအခါ လူသား၏ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေး၌ အကျင့်စာရိတ္တ၏ ပဓာနကျ၍ အရေးကြီးပုံသည် အံ့သြဖွယ်ရာ ထင်ရှားလာသည်။ ကေစီမှတ်တမ်းများအရ ကမ္မနိယာမ၏ စည်းမျဉ်းသဘောများကို ဤနေရာ၌ ကျွန်ုပ်တို့ ဖော်ပြနေခြင်းသည် တမလွန်အယူအဆ၏ စစ်မှန်သော သဘောကိုလက်ခံမည့် လူများအတွက် စိတ်ပျက်ဖွယ်ရာ မဖြစ်စေသင့်ပေ။ စိတ်ပျက်ဖွယ်ရာ မဖြစ်စေသင့်ရုံမျှက ဤသို့ဖော်ပြခြင်းသည် မျှော်လင့်ချက်နှင့် အကောင်မြင်ဝါဒ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့လည်းကောင်း၊ လူသား၏အလုံးစုံသော အမှုကိစ္စတို့၌ တည်ရှိနေသော တရားမျှတမှုနှင့် ပတ်သက်၍ အသိဉာဏ်ယှဉ်သည့် ယုံကြည်မှုအပေါ်၌ အခြေတည်ဆန်းစစ်သည့် ဘာသာရေး ယုံကြည်မှုသို့ လမ်းညွှန်စေသင့်ပါသည်။

ကမ္မနိယာမအရ ရက်စက်ကြမ်းကြုတ်ခြင်းသည် မျက်စိကွယ်ခြင်း၊သွေးအားနည်းခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါသေခြင်းတို့တွင် တစ်မျိုးမျိုးသော အကျိုးကိုပေးသည်။ ကာမကြူးခြင်းကြောင့် ဝက်ရူးပြန်ရောဂါစွဲကပ်ရ၏။ မိမိအကျိုးအတွက် သူတစ်ပါးအကျိုးကို ဖျက်ဆီးခြင်းသည် ကိုယ်လက်အင်္ဂါသေခြင်း အကျိုးကိုပေးသည်။ ကမ္မနိယာမ၏ သိသာလွယ်သော သိပ္ပံနည်းကျသော ဘက်မလိုက်သော၊ သင့်လျော်သော လုပ်ငန်းဆောင်ရွက်မှု ပုံစံများပင်ဖြစ်ပါသည်။ ဤကဲ့သို့သော ဖြစ်ရပ်မှန်များ၌ အခြားမည်သည့် အဓိပ္ပါယ်မျှမရှိဟု ယူဆဦးတော့။ ထိုဖြစ်ရပ်မှန်တို့သည် အနည်းဆုံး လူတို့ကိုကောင်းသော အမူအကျင့်များ ပြုလုပ်ကျင့်ကြံအောင် လှုံ့ဆော်ပေးနိုင်လေသည်။

အနောက်တိုင်းအနွယ်ဝင်တို့အတွက် တမလွန်အယူအဆကိုကြားလျှင် ကြားချင်းလက်ခံဖို့မှာ မလွယ်ကူပေ။ ယင်းအယူအဆသည် စောင့်ကြည့်သိရှိထားသော အတွေ့အကြုံ သို့မဟုတ် စောင့်ကြည့် သိနိုင်လောက်သော အတွေ့အကြုံနယ်ပယ် ပြင်ပမှ အရာဖြစ်နေသဖြင့် ယုံကြည်နိုင်စရာ မရှိသကဲ့သို့ ဖြစ်နေ၏။

သို့သော် ကျွန်ုပ်တို့ ဒုတိယအကြိမ် ထပ်မံစဉ်းစားမိ



www.burmeseclassic.com

www.burmeseclassic.com



သော ယုံနိုင်စရာမရှိသည့် အရာများမှာ လူ့လောကတွင် များပြား လှချေသည်။ ဥတစ်လုံးမှ ဖားလောင်းကောင်လေး ပေါက်လာ၏။ ယင်း ဖားလောင်းကောင်လေးသည် ပထမတွင် ငါးဖြစ်လာပြီး နောက် ဖားဖြစ်လာသည်။ ဘောက်ဖတ်သည် သူ့ကိုယ်သူ ပိုးမျှင်ခြုံထည်နှင့် လွှမ်းခြုံပြီးနောက် အလွန်လှပသော လိပ်ပြာ တစ်ကောင်အဖြစ်ဖြင့် ခြုံထည်အတွင်းမှ ထွက်ပေါ်လာသည်။ ဤသည်တို့မှာ တစ်ဘဝတည်း၌ပင် မူလရုပ်သဘောကို မပျောက် ပျက်စေပဲ ရုပ်သွင်သဏ္ဍာန်တစ်မျိုးသို့ ပြောင်းလဲနိုင်သည့်နည်း၏ အံ့ဩဖွယ်ရာ နမူနာများပင်ဖြစ်သည်။ သို့သော် ယင်းတို့ကိုကား ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရကောင်းမှန်း မသိကြချေ။ သေသေ ချာချာ စဉ်းစားကြည့်ပါက ယင်းတို့သည် လူ၏နာမ်ဝိညာဉ်က မူလသဘောမပျက်ပဲ ရုပ်သွင်တစ်မျိုးကို ယူခြင်းထက် ပို၍ ဆန်းကြယ်ကောင်းမှ ဆန်းကြယ်ပေလိမ့်မည်။

သတ္တဝါတစ်ဦး မွေးဖွားလာပုံ အဆင့်အဆင့်သည် အံ့ဖွယ် သရဲတစ်ခုပင် ဖြစ်ပါသည်။ သတ္တဝါမွေးဖွားပုံမှာ ဤသို့ဖြစ်သည် ဟု မုန်ဘီလူးများက ကျွန်ုပ်တို့ကို မပြလျှင် ထိုမွေးဖွားပုံ အဆင့်ဆင့်ကို ကျွန်ုပ်တို့ယုံကြည်ကြမည်မဟုတ်ပေ။ အလွန် သေးမွှားလှသော ထိုဆဲလ်ကလေးနှစ်ခုသည် အတူတကွပေါင်း စပ်ကြပြီးနောက် သန္ဓေသဘောဒ်ယာမအရ ဆဲလ်တို့ပေါင်းစပ်မှု အဆင့်ဆင့်ပွားများလာသည် နောက်ဆုံးတွင် မျက်စိ၊နှုတ်ခမ်း၊ လက်၊ခြေနှင့် ယင်းတို့ကိုလမ်းညွှန်ရန် ဦးနှောက်များပါသော လူဆိုသည့် သတ္တဝါကို မွေးထုတ်လိုက်၏။ အကယ်၍သာ ဤအချက်ကို သေချာစွာစဉ်းစားကြည့်လျှင် မယုံကြည်သူ

www.burmeseclassic.com



တုမ္ဘေပေါင်းများစွာတို့သည် ထိတ်လန့်ချောက်ချားသွားဖွယ်ရာရှိပေသေးသည်။

ထို့ကြောင့်ဘဝပေါင်းများစွာ ဆက်ကာဆက်ကာဖြစ်ခြင်းသည် တစ်ဘဝဖြစ်ခြင်းထက်ပို၍ ထိတ်လန့်တကြားဖြစ်စရာမရှိပေ။ ပို၍ အဆန်းတကြယ်ဖြစ်မှုလည်း မဟုတ်ပေ။

“နှစ်ကြိမ်မွေးဖွားခြင်းသည် တစ်ကြိမ်မွေးဖွားခြင်းထက်ပို၍ အံ့အားသင့်စရာမဟုတ်ပေ” ဟူသောစကားပင်။

ကေစီ၏ ဘဝဟောစာတမ်းများသည် လူ့စိတ်သဘာဝနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ၌ အကြောင်းယုတ္တိရှိလှသဖြင့် ကျွန်ုပ်တို့၏ ယုံကြည်မှုများကို လျော့ပါးသွားစေပါသည်။ ဤမျှထူးဆန်းစွာ တင်ဖြစ်ပေါ်လာပြီးနောက် ထိုအတူပင် ထူးဆန်းစွာ ဟောထားသော ဤအက်ဂါကေစီမှတ်တမ်းများကို အသိကျယ်ပြန့်မှု တစ်ခုမှ အခြားသောအသိကျယ်ပြန့်မှု တစ်ခုသို့ ကျွန်ုပ်တို့ကို မြှင့်တင်ပေးသော ယာဉ်တစ်ခုသို့ ကျွန်ုပ်တို့ကို မြှင့်တင်ပေးသော ယာဉ်တစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရာပေသည်။

ထိုဟောစာတမ်းများသည် ယင်းတို့၏ ထူးဆန်းမှုကြောင့် င် လေကဲ့သို့သောအရာများရှိသည်ဟုလည်းကောင်း၊ ကျွန်ုပ်တို့ နေထိုင်သော ပစ္စုပ္ပန်ကမ္ဘာလောကကလေးထက်ပိုမိုကြီးမား ကျယ်ပြန့်သော ဘဝဘောင်ကြီးရှိသည်ဟုလည်းကောင်း၊ဘဝ ကျွန်ုပ်တို့ ရော်ရည်မှန်းဆခဲ့သည်ထက် ပိုမိုကြီးမားကျယ်ပြန့်သော အဓိပ္ပါယ်ရှိသည်ဟုလည်းကောင်း ကျွန်ုပ်တို့ကို သင်ပြပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်တန်ရာပေသည်။

✦✦✦✦✦

## အခန်း(၇)

### ကံတရား၏ အကျိုးပေးဆိုင်းငံ့မှု

ကိုယ်ခန္ဓာဆိုင်ရာကံတရားနှင့် ပတ်သက်သလိုဖြစ်ရပ်များ၌ သိသာသော ထူးဆန်းသည့်အချက်တစ်ခုမှာ ကံ၏အကျိုး တရားသည် တစ်ခါတစ်ရံ၌ တစ်ဘဝဖြစ်စေ၊နှစ်ဘဝ သုံးဘဝ ဖြစ်စေခြားပြီးမှ ဖြစ်ပေါ်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။

ကံတရား၏ အကျိုးပေးဆိုင်းငံ့မှု ဘာကြောင့်လိုအ သနည်း။ နံရံကို ပစ်လိုက်သော ဘောလုံးပြန်၍ ခုန်ထွက်လာ သော လျှင်မြန်ခြင်းမျိုးဖြင့် ကံတရား၏အကျိုးပေးမှုသည် ဘာကြောင့် ချက်ချင်းမစ သင့်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းတွက်အဖြေပေါင်း မြောက်မြားစွာရှိဟန်တူပါသည်။ အဖြေတစ်ခုမှာ သတ္တဝါသည် သူပြုလုပ်ခဲ့သော ကံတရားအတွက် အကျိုးပေးရန် သင့်လျော်သောကာလနှင့် ဒေသကိုစောင့်ရမည်ဟူသော အဖြေပင်ဖြစ်သည်။ ထိုသို့ သင့်လျော်သောအခွင့်အခါ မဖော်မီ ရာစုနှစ်ပေါင်းများစွာ ကြာကောင်းကြာပေမည်။ ထိုကြားကာလ ရာစုနှစ်များသည် တစ်ခြားသောအကျင့်စာရိတ္တဆိုင်ရာ ပြဿနာများကို ဖြေရှင်းရေးအတွက် အသုံးပြုရန်ဖြစ်၏။ ထိုအမျိုးအစားဖြစ်သည့် အကျိုးပေးဆိုင်းငံ့နေသောကံတရား၏ ပြယုဂ်ကောင်းတစ်ခုကို ပျောက်ကွယ်သွားသောအတ္တလန္တိတ်တိုက်ကြီး၌ တစ်ခါကနေထိုင်သွားကြသည့် သတ္တဝါများနှင့် ပတ်သက်သော ကေစီ၏ ဟောစာတမ်းများ၌ တွေ့ရလေသည်။

သမိုင်း၊ဘူမိဗေဒနှင့် ယဉ်ကျေးမှုဆိုင်ရာ သက်သေအထောက်အထားများပေါ်၌ အခြေခံ၍ အတော်အသင့် ကောင်းမွန်သော၊ ရှာဖွေစုံစမ်းမှုတစ်ခုကို ပြုလုပ်စေကာမူ ကြီးမား၍ ရှေးကျသော အတ္တလန္တိတ်တိုက်ကြီး သမုဒ္ဒရာ ရေပြင်အောက်၌ တည်ရှိနေမှုကို သိပ္ပံပညာရှင်များက မည်သည့်အခါမျှ အတည်တည်းမပြု၊ ငြင်းလည်းမငြင်း ဆိုခဲ့ကြပါချေ။

မကြာခဏ အထောက်အထားပြုခဲ့ကြသည့် ဘူမိဗေဒဆိုင်ရာ သက်သေခံအချက်တစ်ခုမှာ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ချထားသော ကြေးနန်းကြိုးများပြတ်ကျပြီးလျှင် ရေအောက်သတစ်သောင်းအနက်၌ နစ်မြုပ်နေစဉ်အခါက ပြုလုပ်ခဲ့သော

www.burmeseclassic.com



ရှာဖွေတွေ့ရှိမှုပင်ဖြစ်ပါသည်။ ကြေးနန်းကြိုးများကို ရေမျက်နှာပြင်ပေါ်သို့ ဆွဲတင်လိုက်သောအခါ ကြေးနန်းကြိုးများနှင့်အတူ ချော်မြုပ်အစအနများ ပါလာသည်ကို တွေ့ကြရ၏။ ထိုချော်မြုပ်များကို မှန်ဘီလူးဖြင့် ကြည့်ရှုစစ်ဆေးသောအခါ ရေမျက်နှာပြင်အထက်၌ရှိသော ကုန်းမြေများပေါ်တွင် မာခဲခဲခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ယဉ်ကျေးမှုဆိုင်ရာ သက်သေအထောက်အထားများ အနက် *အရေးပါဆုံး*အချက်မှာ ရေလွှမ်းမိုးခြင်းအကြောင်း၏ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်နေမှုပင်ဖြစ်သည်။

နောက်တစ်ချက်မှာ အီဂျစ်နှင့် အမေရိကန်အလယ်ပိုင်းတို့ ကူးလူးဆက်သွယ်မှုရှိကြပြီဟု မသိရသေးမီကာလတွင် ယင်းဒေသနှစ်ခုတို့၏ ဘာသာစကားနှင့် ဗိသုကာပညာများ တစ်ထပ်တည်းနီးပါး တူညီနေခြင်းပင်ဖြစ်၏။

အားလုံးကိုခြုံ၍ စဉ်းစားမည်ဆိုလျှင် သက်သေအထောက်အထားအားလုံးသည် အပြီးသတ်ဆုံးဖြတ်ချက်ချနိုင်လောက်အောင် မပြည့်စုံစေကာမူ ယုံကြည်စေနိုင်လောက်သော သဘောကား ရှိနေပေတော့သည်။

မည်သို့ပင်ဆိုစေကာမူ အကယ်၍သာ ကေစီမှတ်တမ်းများကို လက်ခံခဲ့လျှင် အတ္တလန္တိတ်တိုက်တည်ရှိခြင်းမှာ သေချာလှ၏။ ကေစီမှတ်တမ်းများအရဆိုသော် မဟာပိရမစ်ကြီး (Great Pyramid= အီဂျစ်ပြည် ကိုင်ရိုမြို့၏ အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဘီကေမြို့ရှိ အကြီးဆုံး ပိရမစ်ဖြစ်၍ ဘီစီ ၂၉၀၀ခွဲ ဘုရင်ခူဖူးက ဆောက်လုပ်ခဲ့ပါသည်။) အတွင်းရှိအဖွင့်ရသေးသော အခန်းများက ဤမှတ်တမ်းများကို ဘီစီ ၉၅၀၀ လောက်တွင် နောက်ဆုံးတတိယအကြိမ်ပင် ရေလွှမ်းမိုးသည့် ဘေးကြီးဆိုက်ဆိုက်ချိန်က အီဂျစ်သို့ထွက်ပြေးလာသော အတ္တလန္တိတ်တိုက်သားများ ယူဆောင်လာကြကြောင်း ဟောစာတမ်းများဆိုထားသည်။

ကေစီသည် ဖလော်ရီဒါနယ် (Florida)မှာ မာမီ(Miami) ကမ်းခြေနှင့် မလှမ်းမကမ်းရှိ ဘီမီနီ (Bimini)ကျွန်းကို မြုပ်သွားသော အတ္တလန္တိတ်တိုက်ကြီး၏ တောင်ထိပ်တစ်ခုအဖြစ် ရည်ညွှန်းဖော်ပြထား၏။ ပင်လယ်ပြင်အောက် ဤနေရာ၌ အတ္တလန္တိတ်တိုက်သားတို့၏ အလွန်ကောင်းမွန်သော ဘုရားကျောင်း နမူနာတစ်ခုရှိ၍ ယင်းဘုရားကျောင်း၏ အမိုးခုန်းကို နေ၏စွမ်းအင်ကိုဖမ်းယူရန် အထူးပုံစံထုတ်၍ ပြုလုပ်ထားသော ကျောက်သလင်းများဖြင့် ဆောက်လုပ်ထားကြောင်း ကေစီဟောစာတမ်း၌ ဖော်ပြထားလေသည်။

ဟောစာတမ်းများအရဆိုသော် အတ္တလန္တိတ်တိုက်သားများသည် ကျွန်ုပ်တို့ ယခုရရှိပြီးသော သိပ္ပံပညာစွမ်းရည်ထက်များစွာ ပိုမိုမြင့်မားသော သိပ္ပံစွမ်းရည်ကို ရရှိခဲ့ကြ၏။ လျှပ်စစ်ရေဒီယို၊ရုပ်မြင်သံကြား၊ လေကြောင်းသွားလာမှု၊နေနှင့်အနုမြူတို့၏ စွမ်းအားကို အသုံးချမှုတို့မှာ အတ္တလန္တိတ်တိုက်သားတို့အကြားတွင် မြင့်မားစွာတိုးတက်ခဲ့သည်။ သူတို့တွင် ယခု

www.burmeseclassic.com



ကျွန်ုပ်တို့၌ရှိသော အပူပေးရေး၊ လျှပ်စစ်မီးပေးရေးနှင့် သယ်ယူပို့ဆောင်ရေး အတတ်ပညာများထက် ပိုမိုကျွမ်းကျင် ပြည့်စုံသော အတတ်ပညာများစွာ ရှိခဲ့ကြသည်။

အဆိုပါအချက်များကို အလေးအနက်သဘောထားသည် ဖြစ်စေ၊မထားသည်ဖြစ်စေ ယင်းအချက်အားလုံးသည် လွန်စွာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

အကယ်၍ အလေးအနက် သဘောထားလျှင် ဤနေရာ၌ သတိပြုစရာ အရေးပါလှသော အချက်တစ်ခုမှာ...။

အတ္တလန္တိတ်တိုက်သားတို့သည် သူတို့လေ့လာသိရှိထားသည့် အလွန်ကြီးမားသည့် အင်အားများကို မှားယွင်းစွာ အသုံးပြုခြင်းဖြင့် မကောင်းမှုကို ကျူးလွန်မိလာကြကြောင်း ဘဝဟောစာတမ်းများက အထပ်ထပ်ဖော်ပြကြလေသည်။သူတို့သည် လျှပ်စစ်ဓာတ်အား၊ စိတ်တန်ခိုးများနှင့် စပ်လျဉ်း၍ အကြီးမားဆုံးသော အကျင့်ပျက်မှုကြီးများကို ကျူးလွန်ခဲ့ကြလေသည်။ အထူးသဖြင့် အတင်းမမှု အလုပ်လုပ်ခိုင်းရေးအတွက်ဖြစ်စေ၊ ကာမဆန္ဒအာသာ၊အခြားသူများအပေါ်၌ စိတ်ညှို့ပညာမျိုးကိုအသုံးပြုခဲ့ကြပေသည်။

အကယ်၍ ယင်းအချက်ကိုကြောင်းရင်းမှန်အနေဖြင့် လက်ခံနိုင်ပါမူ ထိုရှေးဟောင်းတိုက်သားတို့၏ အကျင့်စာရိတ္တ ပျက်ပြားမှုများကို လျှပ်စစ်ပညာ၊သဘာဝလွန် သဘောတရားများ နှင့်ဆိုင်သောပညာ၊ စိတ္တဗေဒပညာတို့ မထွန်းကားသေးသော

www.burmeseclassic.com



ခေတ်များ၌ ကောင်းမွန်ပြည့်စုံစွာ ပြန်လည်ပြုပြင်ပေးနိုင်ဦးမည် မဟုတ်ကြောင်းကို သဘောပေါက်နိုင်ပေလိမ့်မည်။

လူတစ်ဦးတစ်ယောက် အစားကြူးခြင်းကို ပယ်ဖျောက်မှု အောင်မြင်သည်၊မအောင်မြင်သည်ကို နောက်ဆုံးစမ်းသပ်ခြင်းမှာ ထိုသူကို ကြိုက်တတ်သည့်အစားအသောက်များဖြင့် ဝန်းရံထားပြီးလျှင် မျှတရုံမျှစား၊မစားကြည့်ရှုနေခြင်းပင် ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်ကို စွဲမက်စရာကောင်းသည့် မိန်းမလှများအကြားတွင် ထားသောအခါ ထိုလူသည် သွေးဆောင်ဖျားယောင်းမှုကို စိန့်အန်ထော်နီ (St. Nathony) အေဒီ (၃၅၆)တွင် ခရစ်ယာန်ရဟန်းအဖွဲ့ကို စတင်တည်ထောင်သော ဘုန်းတော်ကြီးဖြစ်သည်) ၏ ခေါင်းမာလှသော ခွဲမျိုးဖြင့် မတွန်းလှန်နိုင်လျှင် ထိုသူ့ကို သူ၏ ကာမဆန္ဒကို အောင်နိုင်သူဟု မဆိုနိုင်ပါချေ။

အလားတူပင် အဆင့်မြင့်လှသည့် အတ္တလန္တိတ်ခေတ် သိပ္ပံပညာကြောင့် ရရှိထားသော ကြီးမားသည့်တန်ခိုးအာဏာကို အလွဲသုံးစား ပြုသူများသည် နောင်အခါတွင် အလားတူတန်ခိုးများကို ရရှိပြန်သည့်အခါ အပြုသဘောဖြင့် မှန်ကန်စွာအသုံးမပြုနိုင်လျှင် ထိုသူတို့ကို တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် အာဏာမက်မောခြင်းကို ပြောင်းလဲပစ်နိုင်မည့်သူများဟု မဆိုနိုင်ပါချေ။

သမိုင်း၏တစ်ပတ်လည်လာသောတိုးတက်မှုက နှစ်ဆယ်ရာစုနှစ်ကို အဆိုပါခေတ်မျိုးအဖြစ် ဖန်တီးပေးလိုက်၏။ထို့ကြောင့် အတ္တလန္တိတ်ခေတ်မှ လူသားအမြောက်အမြားပင် ဤခေတ်၌



www.burmeseclassic.com

www.burmeseclassic.com


လူဖြစ်လာကြကြောင်းကို ကေစီမှတ်တမ်းများအရ ကျွန်ုပ်တို့ သိရှိခဲ့ရသည်။ သို့ဖြစ်ရာ လက်ရှိခေတ်၏ အံ့ဩဖွယ်ရာ စက်မှု ပညာကို အသွင်နှစ်မျိုးဖြင့် နားလည်နိုင်ပေသည်။

ပထမအနေဖြင့် အတ္တလန္တိတ်ခေတ် အောင်မြင်မှုများကို သတိရမှတ်မိသူများ၏ ရဲရင့်၍ ထူးကဲစွာထိုးထွင်းသိမြင်တတ်သည့် ဉာဏ်စွမ်းကြောင့် ရရှိသည့်အကျိုးများအဖြစ် နားလည်နိုင်ပါသည်။ ဒုတိယအနေဖြင့် အဆိုပါ သတ္တဝါများသည် တစ်ကိုယ်ကောင်းဆန်မှုနှင့် ယဉ်ကျေးအောင်ပြုပြင်ထားသည့် ရိုင်းစိုင်းရက်စက်မှုဆီသို့ သွေးဆောင်ဖျားယောင်းခြင်းကို တောင့်ခံနိုင်သည့် အရည်အချင်းကို ကြားကာလ ရာစုနှစ်များအတွင်း ရရှိသည်၊ မရရှိသည်ကို ဆုံးဖြတ်ရေးအတွက် စမ်းသပ်ကွင်းအဖြစ်ဖြင့် နားလည်နိုင်ပါသည်။

သို့ဖြစ်လျှင် သင့်လျော်သော ယဉ်ကျေးမှုခေတ်ကို စောင့်ရှု လိုအပ်ချက်သည် ကံတရား၏ အကျိုးပေးဆိုင်းငံ့ရန် ဆုံးဖြတ်ခြင်း၌ ပဓာနအကြောင်းအချက် ဖြစ်ဟန်တူပေသည်။ ယင်းသို့ ကံတရားအကျိုးပေး ဆိုင်းငံ့ခြင်းမှာ သမိုင်း၏တစ်ပတ်လည်လာသော၊ တိုးတက်နှင့်လည်းကောင်း၊ သတ္တဝါတစ်ခုစီတစ်ခုစီ၏ ဤကမ္ဘာပေါ်၌ လူဖြစ်ရမည့်ခေတ်၊ မဖြစ်ရမည့်ခေတ်သို့ တစ်လှည့်စီ၊ မှန်မှန်ပြောင်းလဲနေမှုနှင့်လည်းကောင်း ဆက်စပ်နေဟန်လည်း တူပေသည်။

မြောက်မြားလှစွာသောလူများနှင့် လူမျိုးစုများသည် ဤကဲ့သို့ စကြဝဠာသဘာဝအရ လူပြန်ဖြစ်ခြင်း၏ နှစ်ကျော့ကွင်း


www.burmeseclassic.com

www.burmeseclassic.com


လိုက်နိုင်ကြသည် ဆိုခြင်းမှာ၊ ယုတ္တိတန်သည့် လက္ခဏာရှိပေသည်။

သို့ရာတွင် သတ္တဝါအစုကြီးအတွင်းရှိ သတ္တဝါအစုကလေးများဖြစ် ပြန်လည်ဖြစ်ပေါ်ခြင်းနှင့် သတ္တဝါအစုကလေးများအတွင်းရှိ သတ္တဝါတစ်ဦးစီ၏ ပြန်လည်ဖြစ်ပေါ်ခြင်းသည်ပင် စက်ယန္တရားဆန်ဆန် မှန်မှန်ဖြစ်ပေါ်နေသော ကြိုတင်ဆုံးဖြတ်သတ်မှတ်ပေးမှု ကိစ္စသက်သက်မဟုတ်တန်ရာပေ။ ယင်းအချက်ကို ကောစီမှတ်တမ်းပါ စာပိုဒ်အမျိုးမျိုးက ညွှန်ပြလျက်ရှိ၏။ သတ္တဝါများနှင့် သတ္တဝါအစုများသည် ဆုံလည်တံခါး၏ အလိုအလျောက် စနစ်ကျနမှန်ကန်ခြင်းမျိုးဖြင့် လူ့ဘဝသို့ ပြန်လည်ရောက်ရှိလာကြသည်မဟုတ်ပေ။ ထိုအရာ၌ အခြားအရာများ၌ကဲ့သို့ပင် အလိုဆန္ဒ လွတ်လပ်မှုရှိသဖြင့် သတ္တဝါတစ်ဦးစီ သို့မဟုတ် သတ္တဝါတစ်စုစုနှင့် ပတ်သက်၍ မိမိမှာအရည်အချင်းအချို့ ဖွံ့ဖြိုးတိုးတက်စေဖို့ လိုအပ်လျှင် ထိုသတ္တဝါသည် အခြားသတ္တဝါများ လူအဖြစ်ရယူရန် ရွေးချယ်ထားသောအချိန်နှင့် ကိုက်ညီအောင် သူ၏ လူ့အဖြစ်ရယူရေးကို နှောင့်နှေးဆိုင်းငံ့ထားရန် လိုအပ်ပေလိမ့်မည်။

ထိုကဲ့သို့ ဆိုင်းငံ့ထားခြင်းသည် အချိန်ကာလ လွန်စွာကြာမြင့်နေပါမူ သူသည် အခြားဘက်က ဖွံ့ဖြိုးတိုးတက်မှုရရှိရန် လုပ်ဆောင်ရေးအတွက် ထိုအချိန်အတွင်းမှာပင် လူ့အဖြစ်ကို ပြန်လည်ရယူရန် သင့်လျော်ကြောင်းတွေ့ရပေလိမ့်မည်။ ဤသို့အားဖြင့် အကျိုးပေးရန်ဆိုင်းငံ့နေသော ကံတရားအဖြစ် လူနိပ်တို့


www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ထားခဲ့သော ဆန်းကြယ်သည့်အခြေခံသဘာဝကို ဖြစ်ပေါ်စေပါတော့သည်။

စင်စစ်မူ ဤသို့ခြုံငုံ၍ ဆင်ခြင်ကြံဆချက်များကို သိပ္ပံနည်းကျ တိကျသေချာစွာ ပြုလုပ်နိုင်သည်ကား မဟုတ်ပေ။ ထိုအရာသည် ထိုသို့ဖြစ်သည်ဟူသော ကေစီ၏ဟောစာတမ်းများ၌ ပြန့်ကြဲ၍ အထပ်ထပ်တွေ့ရသော အရိပ်ပြစကားများ အပေါ်တွင် အခြေခံ၍တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအချက်များသည် ကံတရား၏အကျိုးပေး ဆိုင်းငံ့နေမှုကို ဆုံးဖြတ်သတ်မှတ်ပေးသော ဗဟိဒ္ဓအကြောင်းသက်သက်ကိုသာ ညွှန်ပြသည်။ သို့သော် ယင်းသို့ ဆုံးဖြတ်သက်မှတ်ပေးသော အဇ္ဈတ္တအကြောင်းများလည်း ရှိဟန်တူ၏။ ပို၍အရေးမကြီးစေကာမူ တန်းတူလောက်အရေးကြီးသော၊ အချက်တစ်ချက်မှာ ကံတရားကို ရင်ဆိုင်တွေ့ရှိဖို့ရာ အင်အားလိုအပ်သည်ဟူသော စိတ်ဓာတ်ရေးရာဆိုင်ရာ အချက်ပင် ဖြစ်ပါသည်။ တိုက်ခိုက်ရေးအတွက် အဆင်သင့်ဖြစ်စေသော လိုအပ်သည့် အရည်အချင်းများရရှိရန် သတ္တဝါအား အခွင့်အရေး ပေးရပေမည်။ သို့မဟုတ်ပါက ကံတရား၏တာဝန်သည် ကြီးပွားတိုးတက်ရေးထက် ဖျက်ဆီးရေးတွင်ပို၍ အကျိုးသက်ရောက်လောက်အောင်ပင် လွှမ်းမိုးလာပေလိမ့်မည်။

ဆင်းရဲဒုက္ခခံစားရသူ လူများစွာတို့သည် သူတို့ဆင်းရဲဒုက္ခခံစားရခြင်း၏ အကြောင်းအရင်း အခြေခံကို အတိတ်ဘဝပေါင်းများစွာအလွန်၌ တွေ့ရကြောင်းကို သူတို့၏ ကေစီဟောစာ

www.burmeseclassic.com



တမ်းများမှ လေ့လာသိရှိကြသဖြင့် ကံတရားအကျိုးပေး ဆိုင်ငံမှု နှင့် ပတ်သက်၍ သိလိုစိတ်ရှိခဲ့ကြပေသည်။

နောက်ပိုင်း ဟောစာတမ်းများတွင် ထိုအချက်ကို မေးမြန်း စုံစမ်းကြသော လူသားအားလုံးပင် ဖော်ပြခဲ့ပြီးသော ခြေမသန် သည့် မိန်းကလေးအားပေးသော အဖြေနှင့်ထပ်တူနီးပါးအဖြေကို သာ ရရှိခဲ့ကြ၏။ အဆိုပါ မိန်းကလေးက...

"ဤသူသည် ရောမခေတ်မှ ပြုမူခဲ့သောကံတရားကို ကောင်းမွန်အောင်ပြုလုပ်ပေးရန် အဘယ်ကြောင့် ယခုဘဝအထိ စောင့်နေရပါသနည်း..." ဟု မေး၏။

အဖြေမှာ.....

"သူမသည် ယခင်က ယင်းသို့ပြုလုပ်ရန်မစွမ်းဆောင် နိုင်သေးသောကြောင့်" ဟူ၍ ဖြစ်ပါသည်။

ဤမစွမ်းဆောင်နိုင်မှုမှာ ဗဟိဒ္ဓကန့်သတ်ချက်ထက် အဇ္ဈတ္တစွမ်းရည်၏ ကိစ္စဖြစ်ကြောင်း ရှေ့နောက်အစပ်စကားများက ထင်ရှားစေပါသည်။

ဤဖြစ်ရပ်နှင့် အခြားဖြစ်ရပ်များ၌ ကြားကာလဘဝများကို စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ထိုဘဝတို့သည် ခိုင်မာသော အရည်အချင်းကို ရရှိရေးအတွက် လိုအပ်သောအတွေ့အကြုံများ ဖြစ်ကြောင်း တွေ့ရပါမည်။

www.burmeseclassic.com



ဥပမာပြရလျှင် ကားချင်းတိုက်မိရာမှ ဒဏ်ရာရခဲ့သော ဆယ့်ခြောက်နှစ်အရွယ်ကလေး၏ ဖြစ်ရပ်ကို ကျွန်ုပ်တို့ပြန်လည် ဖော်ပြရပေလိမ့်မည်။ ယင်းဖြစ်ရပ်၌ ကံတရားတည်းဟူသော မျိုးစေ့ကို ရှေးဟောင်း ရောမတိုင်းပြည်၌ စိုက်ပျိုးပြုစုခဲ့ကြောင်း သတိပြုမိကြပေလိမ့်မည်။ သို့ရာတွင် အမေရိကန်တော်လှန်ရေး ခေတ်၌ အတွေ့အကြုံတစ်ခုကြောင့် သူသည် သတ္တိရှိခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ တွေ့သမျှ ကြုံသမျှကို အကောင်းဘက်မှ ကြည့်နိုင်စွမ်းရှိခြင်းဟူသော အရည်အချင်းအချို့ကို ဖွံ့ဖြိုးတိုးတက် စေသည့် အခွင့်အရေးကို ရရှိခဲ့သည်။ ဤသည်တို့မှာ ယခုဘဝ တွင် ထိုကံတရား၏ အကျိုးဖြစ်သည့် ဆင်းရဲဒုက္ခများကို ခံရရေး အတွက် လိုအပ်သောအရည်အချင်းများအဖြစ် ထောက်ကူခဲ့လေ သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တမလွန်အယူအဆ၏ အခြေခံမှုများကို အများလက်ခံလာကြပြီး ကမ္မဝါဒကို အရှေ့တိုင်း သားများ သဘောပေါက်သကဲ့သို့ အနောက်တိုင်းသားများလည်း အနည်းဆုံး အကြမ်းဖျင်းဖြစ်စေ သဘောပေါက်လာလျှင် အကျိုးပေး (ကောင်းကျိုး၊ဆိုးကျိုး) ဆိုင်းငံ့နေသော ကံတရား သည် လူပေါင်းများစွာတို့အတွက် စိုးရိမ်မှု၏ အခြေခံအရင်းအမြစ် ဖြစ်လာကောင်း ဖြစ်လာပေမည်။ အတိတ်ဘဝက ရက်စက်ကြမ်း ကြုတ်မှု တစ်ခုခုသည် ဤဘဝ၌ဖြစ်စေ နောက်လာမည့်ဘဝ တစ်ခုခု၌ဖြစ်စေ၊ မျက်စိကွယ်သည့် အသွင်ဖြင့် အနာဂတ်ကြွေး ဆပ်မှုကို တောင်းဆိုနိုင်သည် ဆိုသောအချက်ကို ဦးစား ဆင်ခြင်နိုင်သည်မှာ စိတ်မချမ်းမြေ့စရာ တစ်ခုဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွဲလန်းလွယ်သော စိတ်ကူးယဉ်မှု၌ ကျွန်ုပ်တို့ မသိနိုင်သောကံတရား အကြွေးသည် ဒမော်ကလိ၏ ဓားကဲ့သို့ (Damocles = သည် ဘီစီ (၄)ရာစုနှစ်၌ ဆိုက်ရာကျူ(စ်) (Syracuse) နိုင်ငံကိုအုပ်စိုးသော ဂရိဘုရင် ဒိုင်အိုနီးရှပ် (Dionysious)၏ နန်းတွင်း အမှုထမ်းတစ်ဦးဖြစ်သည်။ သူသည် ဘုရင်၏ စည်းစိမ်ချမ်းသာကို မြှောက်ပင့်ချီးကျူးလွန်းသောကြောင့် ဘုရင်က၊မင်းစည်းစိမ်သည် အချိန်မရွေးပျက်စီးတတ်သောသဘောကို၊ ဒမော်ကလိ သိမြင်လာစေရန် သူ့ကို အလွန်ကောင်းမွန်မြိုင်ဆိုင်လှသော ညစာစားပွဲ၌ထိုင်စေ၍ သူ၏ ခေါင်းပေါ်တွင်မှ ဆံချည်တစ်မျှင်တည်းဖြင့် ချည်နှောင်ထားသော ဓားတစ်ချောင်းကို ချိတ်ဆွဲထားစေသည်။ ။စကားချပ်) ခေါင်းပေါ်တွင်တွဲလဲဆွဲလျက် ပေါ်လာကောင်းပေါ်လာပေမည်။

သို့မဟုတ် လမ်းကွေ့အလွန်တွင် အသားစားတိရစ္ဆာန်တစ်ကောင်ဝပ်လျက် စောင့်နေဘိသကဲ့သို့ စောင့်နေကောင်းစောင့်နေပေမည်။ တမလွန်ဘဝမရှိဟု ယူဆသောခေတ်၌ နတ်ဆိုးနှင့် ငရဲမီးတို့သည် စိတ်ကူးနှင့်ကြောက်နေရသည့် အရာများဖြစ်သကဲ့သို့ ထို့အတူပင် တမလွန်ဝါဒခေတ်၌လည်း အကျိုးပေးဆိုင်းငံ့နေသောကံတရား (ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး) သည် စိတ်ကူးနှင့် ကြောက်လန့်နေရသည့်အရာ ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

အပြစ်နှင့်ကံတရားတို့ကို ငြင်းပယ်ခြင်းနှင့် ပတ်သက်၍လည်းအလားတူပင် ဖြစ်သည်။ တမလွန်အယူရှိသူများလိုအရ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် ယခုလက်ငင်းအကျိုးပေးသော ဒိဋ္ဌဓမ္မ ဝေဒနီယကံကို ဖြစ်စေ၊ အကျိုးပေးဆိုင်းငံ့နေသော ဥပပဇ္ဇဝေဒနီယနှင့် အပရာ ပရိယ ဝေဒနီယကံတရားကိုဖြစ်စေ၊ ငြင်းပယ်ခြင်းသည် ပေးစရာ ကြွေးရှိသည်ကို ငြင်းပယ်ခြင်းနှင့်လည်းကောင်း၊ သင်ယူစရာ သင်ခန်းစာရှိသည်ကို ငြင်းပယ်ခြင်းနှင့်လည်းကောင်း တူညီ၍ သဘောအစစ်အမှန်အားဖြင့် မရိုးဖြောင့်သော စိတ်ထားပင်ဖြစ် ပါသည်။

လူတစ်ဦးတစ်ယောက်သည် မိမိအတွက်ကျရောက်လာ သောတာဝန်များ ရုပ်သေဘာရှိသည်ဖြစ်စေ၊ နာမ်သဘောရှိသည် ဖြစ်စေ၊ ထိုတာဝန်နှင့် ပတ်သက်၍ လိမ်ညာလှည့်ဖြားတတ်သည် ဆိုလျှင် ထိုသူသည် လေးစားမှုနှင့် မထိုက်တန်ပေ။

ထိုလိမ်ညာလှည့်ဖျားရန် ကြိုးစားမှု၌ စိတ်ဓာတ် တပြောင်းကပြန် ဖောက်ပြန်မှုများပါဝင်နေပေသည်။ ထို့ကြောင့် ကံတရားကို ငြင်းပယ်ခြင်းသည် ထမ်းဆောင်ရမည့်တာဝန်ကို ပရိယာယ်ဖြင့် ရှောင်လွှဲဖို့ရာ ကြိုးစားအားထုတ်သော သဘော သက်ရောက်သည် ဆိုသောအချက်ကို ထိုငြင်းပယ်မှုက ပြောင်းလဲ မပြစ်နိုင်ခဲ့ပေ။

သို့စေကာမူ ဤသို့ဆိုရခြင်းမှာ အိပ်မွေ့တျ ညွှန်ကြား ချက်ကို အသုံးမပြုသင့်ဟု ဆိုခြင်းမဟုတ်ပေ။ ထိုသို့မဆိုသ ရုံမျှမက စိတ်စွဲကြီးမှုများနှင့် အပြစ်သည် စက်ယန္တရားသော ရှိသည်ဟူသော ယူဆချက်များကို ဖြေရှင်းရာ၌ဖြစ်စေ စိတ် သဘောထားအမှန်ကို ရှင်းလင်းဖော်ထုတ်ရာ၌ဖြစ်စေ၊ ယင်းအိပ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ကျ ညွှန်ကြားချက်များမှာ လွန်စွာအထောက်အပံ့ရလေသည်။

ထိုအချက်နှင့်ပတ်သက်၍ မှတ်သားလောက်သော အဖြစ်အပျက်တစ်ခုကို ကျွန်ုပ်တို့ တွေ့ခဲ့ရ၏။ ထိုဖြစ်ရပ်မှာ အခြားမဟုတ်ပေ။အိပ်ရာထဲတွင် ဆီးသွားသောကလေးကို ကုသပျောက်ကင်းစေသည့် ဖြစ်ရပ်ပင်ဖြစ်ပါသည်။ ထိုကိစ္စ၌ အပြစ်ကိုသိနေသော မသိစိတ်ဆီသို့ အိပ်မွေ့ညွှန်ကြားချက်ကို ပို့ပေးခဲ့၏။ အမှတ်လက္ခဏာ သဘောပါသော ပြစ်ဒဏ်ပေးမှုကို သူ့အားခံရစေသောအရာမှာ မိမိကိုယ်ကို အသုံးမကျသူဟု ခံယူထားသောသူ၏ ခံစားချက်ကို ချေဖျက်ပစ်ခြင်းအားဖြင့်လည်းကောင်း ယင်းသို့ ချေဖျက်ပစ်လိုက်ခြင်းကြောင့် သူ၏ လူသားအပေါင်းအဖော်များအား ကူညီတတ်သည့်သဘောကို ဖော်ပြရန် သူ့ကိုလွှတ်လပ်ခွင့်ပေးလိုက်ခြင်းအားဖြင့်လည်းကောင်း၊ သူ၏ ရုပ်ကိုယ်ခန္ဓာ အခြေအနေကိုရော၊ ပုဂ္ဂိုလ်အရည်အသွေးကိုပါ ပြောင်းလဲပစ်လိုက်နိုင်ပေသည်။

နာခေါင်းရောဂါဖြစ်ရပ်တွင်လည်း အိပ်မွေ့ချခြင်းနှင့် နက်နဲသိမ်မွေ့သောညွှန်ကြားချက်ကို ပြုလုပ်ရန် အင်္ဂါကေစီ၏ ဟောစာတမ်းက ထောက်ပံ့ခဲ့လေသည်။

သို့သော်ဖြစ်ရပ်မှန် နှစ်ခုအနက် မည်သည့်ဖြစ်ရပ်တွင်မှ ကုသရန် ညွှန်ကြားချက်များကို ငြင်းပယ်ရန် သဘောမရှိကြပါချေ။ ငြင်းပယ်ရန်သဘော အလျဉ်းမရှိရုံမျှမက လူနာ၏ ကောင်းဂုဏ်ကို အခိုင်အမာပြုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်သည့်သဘောကိုသိသော မသိစိတ်များပေါင်းစပ်ပါဝင် ဖို့ဝင် ညွှန်ကြားထားပေသေးသည်။

အကယ်၍ စိတ်ကုဆရာများသည် ကံတရား၏အခြေ အနေ အကျိုးပေးမည့်တစ်ကဲကဲဖြစ်နေသော ကံတရားကို သိနေသည့် မသိစိတ်၏ ဖိနှိပ်ညှင်းပန်းမှုကို ကုသလိုလျှင်၊ အတိတ်ကကတာဝန်မကျေပွန်ခဲ့ခြင်းများကို ဝန်ခံခြင်း၊ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လိုသည့်ဆန္ဒကို ရိုးသားစွာဖော်ပြခြင်း နောက်ဆုံးတွင် ကံတရားစတင်အကျိုးပေးနိုင်စေရန် မရှိမဖြစ်သော အင်အားကို အခိုင်အမာပြုပြင်ပေးခြင်းများကို ပြုလုပ်ပေးသည့် သဘောရှိပေသည်။

အကယ်၍ တမလွန်ဝါဒကို လက်ခံမည်ဆိုပါလျှင် လူသားမျိုးစတတ်သည် နာမ်သဘောအားဖြင့် မရင့်ကျက်သေးသော ကြောင့် လူသားတို့သည် အနာဂတ်ဘဝများတွင် မနှစ်မြို့ဖွယ်ရာ သောကံတရားတို့၏ အကျိုးပေးမှုကို မျှော်လင့်ရမည်ဆိုသည့် အချက်ကို ရင်ဆိုင်ဖို့ရာ လိုအပ်ပေလိမ့်မည်။ သို့သော် ယင်းအချက် သည် ကြောက်ရွံ့မှုနှင့် စိုးရိမ်ထိတ်လန့်မှု၏ အခြေခံအကြောင်း ရင်းမဖြစ်သင့်ပေ။

ဤသို့ဆိုလိုရခြင်းမှာ အကြောင်းနှစ်ချက်ရှိပါသည်။

ပထမအကြောင်းရင်းမှာ....

"မနေ့၌ ရှိနေသော မကောင်းမသင့်သောအရာသည်



www.burmeseclassic.com

www.burmeseclassic.com



ယခုနေ့အဖို့ လုံလောက်ပေ၏။" ဟူသော ရှင်မသဲခရစ် ဝင်(၆း၃၄) ၌ လာသောစကားသည် နေ့စဉ်နေ့တိုင်း စိုးရိမ်ကြောင်းကြမရှိပဲ၊ အေးချမ်းစွာနေခြင်းကိုသာ ဆိုလိုသည်မဟုတ်ပေ။ ဘဝ၏ဆင်းရဲဒုက္ခများသည် မည်မျှပင် ကြီးမားနေစေကာမူ ထိုဒုက္ခအသီးသီးသည် ပုဂ္ဂိုလ်သအသီး၏ ခွန်အားနှင့် လိုက်လျောညီထွေရှိရုံမျှသာ ဖြစ်ပေသည်ဟု ယုံကြည်စိတ်ချကာ တစ်ဘဝလုံးတည်ငြိမ်အေးဆေးစွာနေထိုင်ခြင်းကိုလည်း ဆိုလိုပေသည်။

ကျွန်ုပ်တို့မခံနိုင်အောင်ကြီးမားသည့် ကံတရားနှင့် ကျွန်ုပ်တို့ မည်သည့်အခါမျှ ဆက်စပ်ပတ်သက်ခြင်း မရှိနိုင်ပေ။

ဒုတိယအကြောင်းအရင်းမှာ ကျွန်ုပ်တို့သည် ကံတရားကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ အနာဂတ်၏ စိတ်မချရသော သဘောမှာကား ကျွန်ုပ်တို့နှင့်အမြဲတစေ အတူရှိနေပေမည်။ အကယ်၍သာ အနာဂတ်ကာလတွင် ကျွန်ုပ်တို့အပေါ်သို့ ကျရောက်နိုင်ကောင်း ကျရောက်မည့် ဘေးဆိုး၊ ကပ်ဆိုးကြီးများသည် အကြောင်းမဲ့သက်သက် မတော်တဆဖြစ်ခြင်း မဟုတ်ပဲ ကံတရားကြောင့်သာဖြစ်ပါမူ၊ ယင်းကံတရားသည်လည်း တရားမျှတမှုကို အစဉ်အမြဲ အာမခံနိုင်လောက်အောင် အစီအစဉ်တကျပြုလုပ်ထားသည့် သဘာဝနိယာမတစ်ခု၏ ဆောင်ရွက်ချက်ကို ကိုယ်စားပြုပါမူ ကျွန်ုပ်တို့၏ ကြောက်ရွံ့စိုးရိမ်မှုများသည် ကြီးမားပြင်းထန်လာရမည့်အစား၊ လျော့ပါး၍ပင် သွားပေလိမ့်မည်။

လူသည်အနာဂတ်ဆင်းရဲဒုက္ခများကို ကြောက်ရွံ့တတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ နားလည်နိုင်သော သဘောဖြစ်၏။ သို့သော် တရားမျှတစွာ ဖြင့် သူ့ဆီသို့ရောက်ရှိလာမည့် ဆင်းရဲဒုက္ခများကို ကြောက်ရွံ့ တတ်ခြင်းမှာမူ မသင့်လျော်ပေ။ အဘယ်ကြောင့်ဆိုသော် အသိ ကျယ်ပြန့်ရေးနှင့် ပညာပေးသဘောအနေဖြင့် ရောက်ရှိလာခြင်း ဖြစ်သောကြောင့်ပင်။

ကြွေးတင်နေသော ရိုးသားဖြောင့်မတ်သူတစ်ယောက်သည် ထိုကြွေးကို ပြန်လည်ပေးဆပ်ရေးကိုသာ စိတ်စောနေ၏။သူသည် လဆန်းရက်တွင် ကြွေးစာရင်းရောက်လာသောအခါ ပေးဆပ်နိုင် သည့်အခြေအနေ ရှိစေရန်၊ နေ့စဉ်ငွေရေးကြေးရေး ကိစ္စများကို တာဝန်သိသိ ကရုစိုက်လျက်ရှိ၏။

လွှဲဖယ်မရအောင် အကြွေးစာရင်း ရရှိလာမည့်နေ့ရက်ကို တစ်လလုံးကြောက်ရွံ့စွာ စောင့်မျှော်မနေရပေ။ ထိုသို့ကြောက်ရွံ့နေ မည့်အစား၊ သူသည် သူ၏ကြွေးဆပ်ရန် တာဝန်များကို ကျေပွန် စွာ ဆောင်ရွက်နိုင်သည့်အထိ သူ၏ကိုယ်အင်အား၊ဉာဏ်အင်အား များကိုအသုံးပြုပေသည်။

ကျွန်ုပ်တို့မသိသော အတိတ်ဘဝများ၌ ကျွန်ုပ်တို့ ချေးယူ ကောင်း ချေးယူခဲ့မည့် စာရိတ္တဆိုင်ရာကြွေးမြီများ၏ တိကျသော သဘာဝကို ကျွန်ုပ်တို့၏ နယ်ကျဉ်းစွာသတ်မှတ်ထားသောမသိစိတ် ဖြင့် ကျွန်ုပ်တို့မသိနိုင်ကြချေ။ ကျွန်ုပ်တို့မှာ ရိုးသားဖြောင့်မတ်ခြင်း နှင့် ရိုးဖြောင့်သောလူတို့၏ အမှတ်အသားဖြစ်သော လိုက်လျော သဘောတူခြင်းရှိသင့်ပါသည်။ ထိုအချက်က ပြန်လည်ပေးဆပ် ရန်လိုသော ဆန္ဒသက်သက်ဖြင့် အတိတ်ကကြွေးများကို ပေးဆပ်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကျွန်ုပ်တို့ကို ကြိုးစားစေနိုင်ပါသည်။

ကံတရား၏တည်ရှိခြင်းကို ငြင်းပယ်ခြင်းသည် လိုက်လျောသဘောတူခြင်းထက် ဆန့်ကျင်ပုန်ကန်သော သဘောပို၍ သက်ရောက်၏။ အဘယ်ကြောင့်ဆိုသော် ဤသို့ငြင်းပယ်ခြင်းသည် သံသရာတစ်လျှောက်လုံးအတွက် အသိပညာရရေးထက် လက်ရှိဘဝ သာယာရေးကိုလိုလားသည့် သဘောကိုဖော်ပြနေသောကြောင့်ပင်။

ကောစီဟောစာတမ်းများက ကံတရားနှင့်ပတ်သက်၍ ယောနိသော မနသိကာရ စိတ်ထားမွေးမြူရန် အကြိမ်ကြိမ်အဖန်ဖန် အကြံပေးထား၏။ အထူးညွှန်ပြသော အကြံပေးချက်မှာ–

အကယ်၍ မိမိ၏ ဘဝအတွေ့အကြုံကို မိမိ၏ ကာမဂုဏ်လိုက်စားရေး၊ ကြီးကျယ်ခမ်းနားရေးနှင့် မိမိကိုယ်ကိုဖြစ်မြောက်ရေးအတွက် အသုံးပြုလျှင် ထိုသတ္တဝါသည် သူ၏ပျက်ဆီးရာပျက်ဆီးကြောင်းကို ပြုလုပ်ခြင်းပင်ဖြစ်သည်။ သူတွေ့ကြုံရမည့်ကံတရားကို သူ့ဘာသာသူဖန်တီးခြင်းဖြစ်သည်။ အမှားတိုင်းစမ်းသပ်မှုတိုင်းနှင့် သွေးဆောင်မှုတိုင်းကို တွေ့ကြုံရာတွင် ယင်းတို့သည် နာမ်သဘောရှိသည်ဖြစ်စေ၊ ရုပ်သဘောရှိသည်ဖြစ်စေ၊ ယင်းတို့ကို ချဉ်းကပ်ရာ၌ မိမိအလိုမဟုတ်၊ ဘုရားသခင်အလိုတော် ဖြစ်သည်ဟူသော စိတ်ထားဖြင့် ချဉ်းကပ်သင့်ပေသည်။

ဘုရားသခင်၏ အလိုတော်ဟူသော စကားကို ကြေဝဠာ၏ သဘာဝနိယာမမှ တစ်ဆင့် ဖော်ပြသော အလိုတော်အဖြစ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ဆုတောင်းရာတွင် ကျွန်ုပ်တို့ခေါ်ဝေါ်သော ဖခင်တည်းဟူသော ဝိညာဉ်တော်၏ အလိုတော်အဖြစ်ဖြင့်ဖြစ်စေ အစိပ္ပါယ်ကောက်ယူနိုင်ပါသည်။ ထိုစကားကို မည်သို့ပင် အဓိပ္ပါယ်ကောက်ယူသည်ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ ရောက်လာသောမည်သည့်ကံတရားကိုမဆို လိုက်လျောသဘောတူခြင်းနှင့် ယုံမှတ်ကိုးစားခြင်းသဘောရှိသင့်ပေသည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

### ကေစီ၏ ကျန်းမာရေးဟောစာတမ်း
### ကံတရားပြဿနာနှင့်

ကံတရားကိုယုံကြည်မှုနှင့် ကံတရားကိုကရုမပြုလျစ်လျူ
…တို့အကြားတွင် စိတ်သဘောအရ လိုအပ်သော ဆက်စပ်မှု
…သေ။

တစ်စုံတစ်ယောက်သောသူသည် ကမ္မဝါဒကိုလက်ခံလျှင်
…သူသည် ကြေဝဠာ၏ မည်သည့်သဘာဝနိယာမအပေါ်၌မဆို
…ဘာထားသကဲ့သို့ပင် ကမ္မဝါဒအပေါ်၌လည်း လိုက်လျော
…ဘာတူသောသဘောနှင့် ယုံမှတ်ကိုးစားသော သဘောများ



www.burmeseclassic.com

www.burmeseclassic.com



ထားရှိရပေမည်။ သို့ရာတွင် သူသည်မည်မျှလောက်လိုက်လျော သဘောတူရမည်ကိုလည်းကောင်း၊ သူ့အပေါ်သို့ ကျလာမည့် ဖိညှပ်မှုကို မည်မျှလောက် လက်ခံရမည်ကိုလည်းကောင်း သိလို စိတ်ဖြစ်ရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်ပေ။ ထိုပြဿနာသည် ကိုယ်ခန္ဓာဆိုင်ရာ ကံတရားကြောင့်ဖြစ်သော ဆင်းရဲနှင့်ပတ်သက် သည့် အခြေအနေတွင် အထူးသဖြင့်သိလာသည်။

ကိုယ်ခန္ဓာဆိုင်ရာ ကံတရားတွင်လည်း အခြားနေရာများ မှာကိုပင် ကေစီဟောစာတမ်းများသည် စိတ်ဝင်စားဖွယ်ရာဖြစ် ပေသည်။ အဘယ်ကြောင့်ဆိုသော် လူ့ကျင့်ဝတ်နှင့် လက်တွေ့ သဘောအရ တမလွန်ဝါဒ၏ အဓိပ္ပါယ်သက်ရောက်မှုနှင့် ပတ်သက်၍ တွေးဆချက်မေးခွန်းများကို တိကျထိမိသော အဖြေများ ပေးထားသောကြောင့်ပင်ဖြစ်၏။ ထိုမေးခွန်းများနှင့် အဖြေများကို ကြည့်ပါဦး၊ ကံတရားကြောင့် ဖြစ်သောကာယ ဒုက္ခကို ခံစားနေရသော လူများအတွက် မည်ကဲ့သို့သော ကုထုံး များကို ညွှန်ကြားပါသနည်း။ ယင်းတို့၏ ရောဂါပျောက်ကင်းရေး အတွက် မည်ကဲ့သို့သော မျှော်လင့်ချက်များ ပေးထားပါသနည်း။

အက်ဂါ ကေစီ၏မှတ်တမ်းများ၌ပါရှိသော ဟောစာတမ်း တိုင်းက ကံတရားကိုယုံကြည်လျှင် ဘာမျှမလုပ်ပဲ ခေါင်းငုံ့ခံ ရမည်ဆိုသောအမြင်ကို ပြောင်းပြန်လှန်ပစ်လိုက်သည်။ ဟောစာ တမ်းများအားလုံး၌ မပြောင်းလဲပဲ တစ်ညီတစ်ညွတ်တည်း ပါဝင် သောအချက်အလက်မှာ–

"ဒါဟာ သင့်ကံတရားပဲ၊ အခု ဒီကံတရားနဲ့ပတ်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



သင်လုပ်ကိုင်တာက ဟော့ဒီမှာ” ဟူ၍ပင် ဖြစ်သည်။

မူရင်းမှတ်တမ်းများ၌ ပါဝင်သော စိတ်ဝင်စားဖွယ် အကောင်းဆုံးအချက်များအနက် တစ်ချက်မှာ ကုထုံးညွှန်ကြားချက်များတွင် ကံအကြောင်း ဖော်ပြချက်များက တသမတ်တည်း ပါဝင်နေခြင်းပင် ဖြစ်၏။ ကိုယ်ခန္ဓာဆိုင်ရာ ကံနှင့်ပတ်သက်၍ ဖြစ်ရပ်ပေါင်းများစွာ၌ ဟောစာတမ်းများသည်ပင် ရောဂါပျောက်ကင်းရေးအတွက် တိကျသောမျှော်လင့်ချက်ကို ပေးထားသည်။ ပေးဆပ်ရမည့် ကံကြွေးပို၍ များပြားအားကောင်းသောဖြစ်ရပ်များ၌ ဟောစာတမ်းများက အပြည့်အဝပျောက်ကင်းဖို့၊ မမျှော်လင့်နိုင်ကြောင်း၊ သို့သော်လည်း ကြိုးစားလျှင် တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ပွင့်လင်းစွာဖော်ပြထားသည်။ နောက်မှ ကုထုံးကို ဆက်လက်ဖော်ပြလေသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ဖြစ်စဉ်တစ်ခုမှာ လျှပ်စစ် အင်ဂျင်နီယာတစ်ယောက်၏ ဖြစ်ရပ်ပင်ဖြစ်၏။ သူ၏ရောဂါကို ဆရာဝန်များက မျှော်လင့်ချက်ကင်းသော လေဖျင်းရောဂါ (Scherosis)ဖြစ်ကြောင်း ပြောပြသည်။ သူသည် သုံးနှစ်ပတ်လုံး အလုပ် မလုပ်နိုင်ပေ။ လမ်းလျှောက်ဖို့ ကြိုးစားသောအခါတွင်လည်း၊ မကြာခဏ လဲကျတတ်သည်။ ဆေးရုံပေါင်းများစွာက သူ့ကို အခမဲ့လူနာအဖြစ် လက်ခံကုသပေးကြရသည်။ ထိုအတော အတွင်း သူ၏ဇနီးသည်သည် သူမနှင့် သူမ၏ငါးနှစ်သားအရွယ် သားလေး၏ စားဝတ်နေရေးအတွက် စတိုးဆိုင်ကြီးတစ်ဆိုင်တွင် စာရေးမ အလုပ်ကိုလုပ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဘဝဟောစာတမ်းကို မမေးသော်လည်း သူမ၏ ကာယဟောစာတမ်း၌ သူမ၏ ရောဂါမှာ ကံအကြောင်း ခံကြောင်း၊ သို့သော်လည်း မျှော်လင့်ချက်မပျက်စေလိုကြောင်း ဟောစာတမ်းက ဆိုသည်။

"ဟုတ်ကဲ့… ကျွန်ုပ်တို့ ဒီမှာ ဒီခန္ဓာကိုယ်ရှိနေပါတယ်" ဟောစာတမ်းက ထုံးစံအတိုင်း ထူးခြားသောစကားဝါကျရိုးရိုး ကလေးဖြင့် ဟောရန် အစချီထားသည်။

"ကျွန်ုပ်တို့ တွေ့ရတဲ့အတိုင်းဆိုလျှင် ဒီခန္ဓာကိုယ်ရဲ့ အခြေအနေဟာ အလွန်အရေးကြီးပါတယ်၊ သို့သော်လည်း မျှော်လင့်ချက်တော့ မပျက်ပါစေနှင့်၊ ဘာကြောင့်လည်းဆိုတော့ သင်ကသာ လက်ခံမယ်ဆိုရင် အကူအညီဟာ အနီးမှာတင်ရှိနေလို့ပါပဲ"

ထို့နောက် ထူးထူးခြားခြား လှပ၍ အားအပြည့်ပါသော စကားလုံးများဖြင့် ဟောထားသော ဟောစာတမ်းသုံးမျက်နှာခန့်ကို တွေ့ရလေသည်။ ဟောစာတမ်းတွင် ပထမဆုံး ဆေးပညာသုံး စကားလုံးများဖြင့် ရောဂါ၏အခြေအနေကို ဖော်ပြထားသည်။ ထို့နောက် ခန္ဓာကိုယ်တွင်းရှိ ရောဂါပျောက်ကင်းစေနိုင်သော အင်အားများကို ဖော်ပြသည်။ ထိုမှဆက်၍ ဤပုဂ္ဂိုလ်၏ ဤအခြေအနေသည် ကံကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း၊ သူ၏စိတ် နေစိတ်ထားကို ပြုပြင်၍ သူ၏စိတ်သံဗျာန်မှ မလိုမုန်းထား များနှင့် ရန်ငြိုးသိုမှုများကို ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း ဆိုးမ ထားလေသည်။ အဆုံးတွင် ဈေးစပ်သေချာသောကုထုံး အညွှန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဟောစာတမ်းကို နိဂုံးချုပ်ထားပါသည်။

တစ်နှစ်ခန့်ကြာသောအခါ ထိုသူသည် နောက်ထပ် ဟောစာတမ်းတစ်ခု ဟောပေးရန် စာရေးပြန်ပါသည်။ သူ၏စာ၌ သူသည် ဘာသာတရားကို ယုံကြည်အားကိုးလျက် ကုထုံးအညွှန်း အတိုင်း လိုက်နာကုသ၍ ရောဂါသက်သာလာသည်ကို ချက်ချင်း သတိပြုမိကြောင်း ဖော်ပြထားသည်။ သူ၏ရောဂါသည် လေးလ ခန့်မျှ ဆက်လက်၍ တိုးတက်သက်သာလာပြီးလျှင် ခန္ဓာကိုယ် အင်အားဆုတ်ယုတ်လာကြောင်းလည်း ဖော်ပြထားလေသည်။

သူသည် ကုထုံးအညွှန်း၏ ရုပ်ပိုင်းဆိုင်ရာ ကုထုံးကိုသာ လိုက်နာကုသ၍ နာမ်ပိုင်းဆိုင်ရာကုထုံးကို ကရုတစိုက်ပုံမဖော်ပေ။ ထို့ကြောင့်ပင် ဒုတိယအကြိမ်ဟောစာတမ်းက သူ့ကိုဖိဖိစီးစီး လိုက်နာရန် တိကျသောစကားလုံးများဖြင့် ပြစ်တင်ညွှန်ကြား ထားခြင်း ဖြစ်သည်။

"ဟုတ်ကဲ့၊ ကျွန်ုပ်တို့ ဒီမှာ ဒီခန္ဓာကိုယ်ရှိနေပါတယ်၊ ဒီခန္ဓာကိုယ်ဟာ ရှေးကလည်း ကျွန်ုပ်တို့ထံ ရောက်ခဲ့ဘူးပါပြီ၊ ကျွန်ုပ်တို့တွေ့ရတဲ့အတိုင်းဆိုလျှင် ဒီခန္ဓာကိုယ်မှာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု ရှိခဲ့ပါတယ်၊ သို့သော်လည်းများစွာမှ လိုအပ်နေပါ သေးတယ်၊ ညွှန်ပြခဲ့ပြီး ဖြစ်တဲ့အတိုင်းပဲ၊ ဒါဟာ ကံကြောင့် ဖြစ်တဲ့အခြေအနေဖြစ်ပါတယ်၊ ဒါကြောင့် ဒီသတ္တဝါဟာ အခု ဝတ္ထုများ အခြေအနေများနှင့် ဘဝတူလူသားများအပေါ်မှာထားတဲ့ သူ့စိတ်နေ စိတ်ထားကို ပြုပြင်ပြောင်းလဲ ပေးရပါမည်၊ ရုပ်ပိုင်း ဆိုင်ရာ ပြုပြင်မှုအတွက် ရုပ်ဝတ္ထုတွေကို အသုံးပြုနေသ၍



www.burmeseclassic.com

www.burmeseclassic.com



သက်သာမှုတော့ ရခဲ့တာပါပဲ”

“သို့သော်လည်း ဒီသတ္တဝါဟာ နာမ်ဓာတ်ဆိုင်ရာ အရာဝတ္ထုတွေကို ငြင်းပယ်သည်အထိဖြစ်လောက်အောင် ကိုယ့်ကို ကိုယ် ကျေနပ်နေခြင်း၊ ကိုယ့်ကိုကိုယ်သာအရေးထားခြင်းများ ဖြစ်လာပြီး၊ သူ့ရဲ့ စိတ်နေစိတ်ထား မပြောင်းလည်းတဲ့အခါမှာ မလိုမုန်းထားခြင်း၊ ရန်ငြိုးထားခြင်း၊တရားမမျှတခြင်းနှင့် မနာလို ခြင်းများ ရှိနေသမျှကာလပတ်လုံး၊ သည်းခံခြင်း၊ ကာလရှည်ကြာ အဆင်းရဲခံခြင်း၊ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း တရားများနှင့်ဆန့်ကျင်ဘက်တရား တစ်ခုတစ်ရာ သူ့ သန္တာန်တွင်ရှိနေသမျှကာလပတ်လုံး သူ့ခန္ဓာကိုယ်ရဲ့ ယိုယွင်း နေတဲ့ အခြေအနေ ပျောက်ကင်းဖို့ မဖြစ်နိုင်ပါဘူး”

“ဒီသတ္တဝါ ဘာအတွက်ရောဂါပျောက်လိုပါသလဲ၊ သူ့ ခန္ဓာကိုယ်ရဲ့ ဆာလောင်တောင်းတမှုအာသာကို ပြေပျောက်ရ အောင်လို့လား၊ သူ့ရဲ့တစ်ကိုယ်ကောင်းဆန်မှု ကြီးထွားလာအောင် လို့လား၊ အဲ့ဒါတွေအတွက်ဆိုရင်တော့ သူဟာ ဒီအတိုင်းနေတာက ပိုကောင်းပါတယ်”

“သူဟာ...သူ့စိတ်ထားနဲ့ သူ့ရည်ရွယ်ချက်ကို ပြုပြင် ပြောင်းလဲရင်၊ ဒီလိုပြောင်းလဲမှုကို နှုတ်နှင့်ရော ကိုယ်နှင့်ပါ ဖော်ပြရင် ညွှန်ကြားထားတဲ့ ရုပ်ပိုင်းဆိုင်ရာ အရာများကိုအသုံး ပြုရင် အခြေအနေက ပိုပြီးကောင်းလာတာကို သူတွေ့ရလိမ့်မယ်”

“သို့သော်လည်း ပထမဆုံး စိတ်ထား၊ နှလုံးသား၊အကြံ



www.burmeseclassic.com

www.burmeseclassic.com



အစည်၊ ရည်ရွယ်ချက်များကို ပြုပြင်ပြောင်းလဲပစ်ရမယ်၊ သင့်ရည်ရွယ်ချက်နှင့် ဝိညာဉ်ကို မြင့်မြတ်သော ဝိညာဉ်တော်နှင့် မထုံမွှမ်းလျှင် သင်စုဆောင်းရသမျှသော စဉ်းစားဆင်ခြင်မှုမပါတဲ့ စက်ဆန်ဆန်၊ ပြုလုပ်မှုမှန်သမျှဟာ လုံးဝပျောက်ကင်းမှုကို ဖြစ်စေနိုင်မယ် မဟုတ်ဘူး၊ သင်လက်ခံမည်လား ငြင်းပယ်မယ်လား၊ ဒါကတော့ သင့်အပေါ်မှာ တည်တယ်၊ သင် မပြုပြင်ရင်လို့က ဒါအပြီးပဲ၊ အပြီးသတ်ဟောစာတမ်းပဲ…"

အထက်ပါဟောစာတမ်း၏ သတိပြုရမည့်အချက်မှာ ထိုသူသည် သူ၏စိတ်နေစိတ်ထားနှင့် ဘဝရည်ရွယ်ချက်များကို ပြုပြင်ပြောင်းလဲလျှင် ရောဂါပျောက်ကင်းရေးအတွက် မျှော်လင့်ချက် ရှိသည်ဆိုသောအချက်ပင်တည်း။ ဟောစာတမ်းက ပွင့်ပွင့်လင်းလင်း ရှုးရှုးစမ်းစမ်း မေးထားသည်မှာ….။

"သင်သည် ဘာအတွက်ရောဂါပျောက်လိုပါသလဲ၊သင်၏ခန္ဓာကိုယ် ဆာလောင်မွတ်သိပ်မှုအာသာကို ပြေပျောက်ရအောင်လို့လား၊ သင့်၏တစ်ကိုယ်ကောင်းဆန်မှု ကြီးထွားလာအောင်လို့လား၊ အဲ့ဒါတွေအတွက်သာဆိုလျှင်တော့ သင်ဒီအတိုင်းနေတာက ပိုကောင်းပါတယ်" ဟု ဖြစ်ပါသည်။

ပွင့်လင်းလှသော ဤဟောစာတမ်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခိုက်အတန့်မျှ အကျိုးဖြစ်ထွန်းမှု သက်သက်အတွက်ထက်ပို၍ မြင့်သော်သမားတစ်ကြီးတစ်ဦး၏ စိတ်ဆိုးစိတ်ယုတ်ဖယ်ရှားရေး စာရိတ္တအမြင်ကို ကိုယ်စားပြုထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဝေဒနာစွဲကပ်နေသောပုဂ္ဂိုလ်သည် မည်မျှလောက် အကျင့်စာရိတ္တ ပျက်စီး၍ မည်မျှလောက်ပင် ယုတ်မာသော အပြစ်ရှိစေကာမူ ကေစီသည် သူ၏ ဟောစာတမ်းပေါင်း ၂၅၀၀၀ ကျော်အနက် မည်သည့်ဟောစာတမ်းတွင်မျှ ရောဂါပျောက်ကင်းစေရန် ညွှန်ကြားချက်မပေးပဲ ငြင်းပယ်ခဲ့သည်ဟူ၍ မရှိချေ။

သူသည်အလွန်သနားကြင်နာတတ်သူ ဖြစ်စေကာမူ ရောဂါဝေဒနာသည် အကျင့်စာရိတ္တအနေဖြင့် ပြုပြင်ပေးသော သဘောရှိကြောင်း၊ ရောဂါ၏အမြစ်အရင်းဖြစ်သော အကျင့်စာရိတ္တချွတ်ယွင်းမှုကို ပြုပြင်သင့်ကြောင်းကို ယခုကိစ္စမှာလိုပင် အကြိမ်ပေါင်းမြောက်မြားစွာ မလွှဲသာမရှောင်သာ ထောက်ပြခဲ့ရပေသည်။ ရောဂါဝေဒနာခံစားရသူများသည် သူတို့စွမ်းနိုင်သမျှသောနည်းမျိုးစုံဖြင့် အကျင့်စာရိတ္တကို ပြုပြင်ရန် အစွမ်းကုန်ကြိုးစားသင့်ပေသည်။တစ်ချိန်တည်းမှာပင် ဘဝသည် သူ၏ အစွန်းတွဲအားနည်းချက်ကို ပြုပြင်ရန် တင်ပြနေခြင်းဖြစ်သည်ဟူသော အရိပ်အမြွတ်သဘောကိုလည်း နားလည်သင့်ပေသည်။

ခေတ်ပေါ်သိပ္ပံပညာဖြင့် ပြုလုပ်ထားသော အံ့သြလောက်သည့် ဆေးဝါးများသည် အခိုက်အတန့်အားဖြင့် သက်သာမှုကို ရကောင်းရစေမည်။ သို့သော် ကံတရား၏အကျင့်စာရိတ္တဆိုင်ရာ လမ်းကြောင်းပေါ်၌ကား၊ ယင်းဆေးဝါးများသည် အာနိသင်ကင်းမဲ့ရမည်သာ ဖြစ်ပေသည်။

အောက်ပါမျက်စိကွယ်သောဖြစ်ရပ်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နောက်ညီညွတ်သော ဤအတွေးအမြင်ကို ထောက်ခံသည့် ရာပေါင်းများစွာသော ဖြစ်ရပ်များထဲမှ အခြားပုံစံတစ်ခုဖြစ်၏။

"ဟုတ်ကဲ့...ဒီမှာ အခြေအနေတွေကတော့ များသောအားဖြင့် ကံနှင့်သက်ဆိုင်နေပါတယ်၊ အခြားသူများနှင့်ပတ်သက်ဆက်ဆံရာမှာ အကောင်းဆုံးစိတ်နေစိတ်ထားများကို ပျိုးထားခြင်းဖြင့် ဤသူ၏ ဘဝအတွေ့အကြုံမှာ ခြားနားချက်တွေများစွာဖြစ်ပေါ်လာပါလိမ့်မယ်"

"လက်ဦးမှာ သူ့ရဲ့အမြင်များများစွာ မပြောင်းလဲသေးသော်လည်း၊ စိတ်နေစိတ်ထား ပြုပြင်ပေးနိုင်သည်နှင့်အမျှ ရုပ်ခန္ဓာဆိုင်ရာ တိုးတက်မှုတွေဖြစ်လာမှာကို တွေ့ရပါတယ်"

"ကျောရိုးအဖွဲ့အစည်း အခြေအနေများ၊ ပါးစပ်နှင့်သွားဖုံးအခြေအနေများဟာ မျက်စိအခြေအနေနှင့် များစွာဆက်စပ်နေပါတယ်"

"ကျွန်ုပ်တို့ တွေ့ရသမျှဆိုလျှင် စိတ်ဓာတ်၏အကျိုးကျေးဇူးများကို ဖော်ထုတ်ပေးဖို့နှင့် နေ့စဉ်ဘဝမှာ ခရစ်တော်စိတ်ဓာတ်ရှင်သွင်းပေးဖို့ ပထမဆုံး ကြိုးစားသင့်ပါတယ်၊ အဲဒီနောက်တော့ ခန္ဓာကိုယ်အစိတ်ကိုသဖွယ် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သည်းခံခြင်း၊ ကာလရှည်ကြာ အဆင်းရဲခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းများကို လေ့ကျင့်ပွားများရပါမယ်"

"ပြီးတော့ အရိုးဆုပ်နယ် ကုသမှုပြုပေးပါ၊ အများအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထ၊တတိယ၊ဒုတိယ၊ပထမ ကျောရိုးဆစ်များနှင့် တတိယ၊ ပထမ၊ဒုတိယ၊စတုတ္ထ လည်ကုပ်ရိုးဆစ်များကို ဆုပ်နယ်ကုသပါ၊ ညွှန်ကြားထားသည့် အစဉ်အတိုင်းဆုပ်နယ်ရပါမည်။ ပြီးတော့ သွားဆီကို သွားသည့် အာရုံကြောများကို ပြုပြင်ပေးပါ။ နား၏ နောက်ဘက်နှင့် ဆက်စပ်နေတဲ့ အာရုံကြောများကို အထူးအာရုံ စိုက်ပြီး ပြုပြင်ပေးပါ”

အထက်ပါဖြစ်ရပ်နှစ်ခုလုံးကိုကြည့်လျှင် ရုပ်ပိုင်းဆိုင်ရာ ကံတရား၏အခြေအနေများကို ပြုပြင်ပြောင်းလဲရေးတွင် စိတ်ဓာတ် နှင့် အကျင့်စရိုက် ပြုပြင်ပြောင်းလဲရေးသည် မုချလိုအပ်သော အရာဖြစ်ကြောင်း ဟောစာတမ်းက အလေးပေးဖော်ပြထားသည်ကို ကျွန်ုပ်တို့ တွေ့ရပေလိမ့်မည်။ ကံတရား၏ ရည်ရွယ်ချက်မှာ စာရိတ္တပညာပေးရေး ရည်ရွယ်ချက်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ သတိရ သောအခါ၊ ကံတရားဆိုင်ရာ ကုသမှုသည် မည်သို့သဘာဝကျ၍ ရှောင်လွှဲမရသော နည်းလမ်းဖြစ်ကြောင်း သိမြင်လာပေလိမ့်မည်။

စင်စစ်မှာမူ ကံကပြုပြင်ပေးသော ‘အပြစ်သည်’ သမိုင်း မတင်မီခေတ် အယူသည်းသောလူသားတို့၏ နတ်ဘုရားများကို ပြစ်မှားသော အပြစ်မျိုးမဟုတ်ပေ။ ဘာသာရေး တစ်ယူသန် သမားတို့ ယူဆသောအပြစ်မျိုးလည်း မဟုတ်ပေ။ ဝိတိုရိယခေတ် လူများနှင့် ပျူရီတန်များယူဆသော အပြစ်မျိုးလည်း မဟုတ်ပေ။ အဟုတ်သော်ကား စိတ်ဓာတ်ရေးဆိုင်ရာ ‘အပြစ်’ သာလျှင် ဖြစ်ပေသည်။ တစ်လောကလုံးအနေနှင့် အဓိပ္ပါယ်ဖော်ဆောင်နိုင် သော စကြဝဠာ၏ သဘာဝနိယာမနှင့် ဆီလျော်သော ‘အပြစ်’



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် ဖြစ်ပေသည်။

ဖော်ပြပါအတိုင်း အစိပ္ပါယ်ကောက်ယူအပ်သော အပြစ်သည် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် မိမိကိုယ်ကို လူအများနှင့်မတူ တစ်မူထူးခြားသာလွန်နေသူဟု ထင်မြင်ခြင်း၌ အခြေခံအားဖြင့်တည်ရှိပေသည်။ ကိုယ့်ကိုကိုယ် အထင်ကြီးပုံမှာ အမျိုးအစား များစွာရှိပေသည်။ ယင်းအပြစ်သည် သူတစ်ပါး၏ခန္ဓာကိုယ်နှင့် အလိုဆန္ဒကိုဆန့်ကျင်၍ မခန့်မညားပြုခြင်းပင်ဖြစ်နိုင်ပေသည်။ မိမိကိုယ်ကို ချုပ်ထိန်းခြင်းနှင့် ကရုစိုက်ခြင်းတို့ကြောင့် မိမိခန္ဓာကိုယ်ကို ဆန့်ကျင်၍။ အကြမ်းပတမ်းပြုမူခြင်းကလည်း ဖြစ်နိုင်ပေသည်။ မာနတရားနှင့် မိမိကိုယ်ကိုသူတစ်ပါးနှင့်မတူမတန်သူဟု အထင်ကြီးခြင်းလည်း ဖြစ်နိုင်သည်။ ထိုအမှား အမျိုးမျိုးတို့သည် ပဓာနအမှားတစ်ခုကြောင့်သော်လည်းကောင်း၊ အရင်းခံကျသော အသိအမြင်မှားမှု၊ အထင်အမြင်မှားမှု တစ်ခုကြောင့်သော်လည်းကောင်း၊ မေ့လျော့ပေါ့တန်မှုတစ်ခုကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။

အကြောင်းသော်ကား လူဆိုသည်မှာ စိတ်ပင်ဖြစ်၏။ ရုပ်ခန္ဓာကိုယ် မဟုတ်ပေ။ လူသည် ရုပ်ခန္ဓာကိုယ်ကို လူဟုထင်မှတ်သောအခါ စိတ်သည် လူဖြစ်ကြောင်း မေ့လျော့သွားရာမှအပြစ်ဖြစ်ပေါ်လာသည်။ လူသည် ဤအမြင်မှောက်မှားသွားမှုကိုတိုက်ဖျက်ရပေမည်။ ယင်းကို တိုက်ဖျက်အောင်မြင်ရန် အသေချာဆုံးနည်းမှာ စိတ်ကို လူနှင့်ထပ်တူ မှတ်ယူခြင်းတည်းဟူသောအပြုလုပ်ငန်းစဉ်ဖြင့်သာ ဖြစ်နိုင်ပေသည်။ ယင်းကို ငြင်းပယ်ခြင်း

www.burmeseclassic.com



ဟူသော အဖျက်လုပ်ငန်းစဉ်ဖြင့် မဖြစ်နိုင်ပေ။

ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် မိမိကိုယ်ကို စိတ်နှင့် ထပ်တူ မှတ်ယူနိုင်သောအခါ သူသည် ကေစီဟောစာတမ်းက ခရစ်တော် စိတ်ဓာတ်ဟု ဖော်ပြသော လွတ်မြောက်စိတ်ကို ရရှိပေပြီ။

သို့သော် ခရစ်တော်စိတ်ဓာတ်ဆိုသည်မှာ ခရစ်ယာန်တို့နှင့်သာ သက်ဆိုင်သော ဂုဏ်အရည်အသွေးကို ဆိုလိုခြင်းမဟုတ်ပေ။ ခရစ်ဆိုသည်မှာ ယေရှုဆိုသော လူသား၏နာမည် မဟုတ်ပေ။ ခရစ်ဆိုသော စကားလုံး၏ အနက်ရင်းမှာ "အဘိသိတ်သွန်းထားသူ" ဟု ဆိုလိုပေသည်။ ယင်းစကားလုံး၏ တိမ်မြုပ်နေသော စိတ်သဘာဝဆိုင်ရာ အဓိပ္ပါယ်မှာ "လွတ်မြောက်သောစိတ်" ဟူသော အဓိပ္ပါယ်ပင် ဖြစ်၏။ ဗုဒ္ဓသည် ထိုလွတ်မြောက်သော စိတ်ကို ပိုင်ဆိုင်သူ ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပေသည်။

ကမ္ဘာအရပ်ရပ်ရှိ လူတို့သည် ဤလွတ်မြောက်သောစိတ်ကို ရရှိရေးအတွက် မပြတ်မသား ဝိုးတဝါးဖြင့် ကြိုးစားနေကြလေသည်။ သူတို့၏ဆရာသည် မည်သူမည်ဝါဖြစ်သည် ဆိုခြင်းမှာ အရေး ကြီးပေ။ ဤစိတ်ဓာတ်ကို မည်သည့်စကားလုံးဖြင့် နာမည်တပ်၍ ခေါ်ဝေါ်သည်ဆိုခြင်းမှာလည်း အရေးမကြီးပေ။ ဤလွတ်မြောက်သော စိတ်ကိုရရှိရန်သာ အရေးကြီးပေသည်။

လွတ်မြောက်သောစိတ်ကို ရရှိခြင်းသည် ကံတရား၏ အကျိုးပေးခြင်းကို ချေဖျက်ပစ်လိုက်သော ကျေးဇူးတော်နိယာမ



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်၏။ ဘာသာရေးစိတ်ဓာတ်သည် ကံတရား၏ အခြေခံ အရင်းအမြစ်ဖြစ်သော ချွတ်ချော်မှားယွင်းမှုကို ဖျက်ဆီးသော အနက်အဓိပ္ပါယ်ဖြင့် ကျေးဇူးတော် နိယာမကို ပြည့်စုံစေလေသည်။

သို့သော် ဤလွတ်မြောက်သော စိတ်ကို အပြည့်အစုံရရှိရန်မှာ လွယ်ကူသည်မဟုတ်ပေ။ ယောဂတမ်းက ဆိုသည်မှာ–

"မှတ်ထားပါ၊ ဘုရားသခင်ရဲ့ အားပါဝင်တဲ့စိတ်ဓာတ်ကို ရရှိဖို့ ဖြတ်လမ်းမရှိပါဘူး၊ အဲဒီစိတ်ဟာ သင့်စိတ်ရဲ့ အစိတ်အပိုင်း တစ်ခုသာ ဖြစ်ပါတယ်၊ သို့သော် ရလိုတဲ့ဆန္ဒသက်သက်နဲ့ အဲဒီစိတ်ကို မရနိုင်ဘူး၊ နာမ်တရားရဲ့ လုပ်ငန်းအဆင့်ဆင့်ကို မထူထောင်ထားပြီး နာမ်ဓာတ်ဆိုင်ရာ အမှန်တရားကို အသုံးမပြုပါပဲ၊ အဲဒီစိတ်ကိုရချင်လို့ မျှော်လင့်တဲ့အလိုဆန္ဒဟာ မကြာခဏ ဖြစ်ပေါ်တတ်တယ်၊ ဒီအချက်ဟာ ပန်းတိုင်ကိုရောက်ဖို့ တစ်ခုတည်းသော နည်းလမ်းပဲ၊ အမြင်ပေါက်တဲ့ ပုဂ္ဂိုလ်တွေ၊ဂဏန်းတွေကို အဓိပ္ပါယ် ဖော်တဲ့ ပုဂ္ဂိုလ်တွေနဲ့၊ နက္ခတ်တွေကိုဖတ်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုပဲပြောပြော ပရမတ္ထသဘာဝကို လေ့လာရာမှာတော့ ဖြတ်လမ်းမရှိဘူး၊ သူတို့ဟာ တိုက်တွန်းလှုံ့ဆော်မှုတွေကိုတော့ တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ ဒါပေမယ့် အဲဒါတွေက အလိုဆန္ဒကို မစိုးမိုးနိုင်ပါဘူး၊ မိမိအဇ္ဈတ္တသန္တာန်မှာ ဘဝကိုလေ့လာရပါတယ်၊ သင်ဟာဘဝကိုဖြောင့်ချက်ပေးဖို့မဟုတ်ဘူး၊ လေ့လာဖို့ပဲ"

တရားအားထုတ်ခြင်း၊ဆုတောင်းခြင်း၊တရားကျမ်းစာလေ့လာခြင်း၊ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းနှင့် လူသားတို့အကျိုးကို ဆောင်ရွက်ခြင်းများသည် စိတ်ဓာတ်ပြောင်းလဲစေရန် ယောဂတမ်း



www.burmeseclassic.com

www.burmeseclassic.com



များက မကြာခဏ ထောက်ခံထားသော နည်းလမ်းများဖြစ်ကြ၏။ သို့သော် စစ်မှန်သောတိုးတက်မှုကို ရုပ်ဆန်ဆန်ပြုလုပ်ခြင်းအားဖြင့် မရနိုင်ပေ။ စိတ်နှလုံးအပြည့်အစုံ မနူးညံ့မသိမ်မွေ့လျှင် ပေါလ်၏ စကားဖြင့်ဆိုရသော်....ဤအကျင့်များသည် အသံသာသော ကြေးခေါင်းလောင်းကဲ့သို့သာ ဖြစ်လိမ့်မည်။ မှန်ကန်သော မေတ္တာစိတ်ထားမရှိလျှင် ထိုလုပ်ငန်းများသည် အနှစ်သာရအားဖြင့် တန်ဖိုးမရှိချေ။ စည်းကမ်းအနေဖြင့် ယင်းတို့သည် တန်ဖိုးရှိပေလိမ့်မည်။ စိတ်ကိုအရိပ်အမြွက်ပြသော အင်အားများအနေဖြင့် ယင်းတို့သည် အကျိုးသက်ရောက်မှု ရှိပေလိမ့်မည်၊အသိပညာပေးအတွေ့အကြုံများအနေဖြင့် ယင်းတို့သည် သတ္တဝါကို သင့်လျော်သောလမ်းပေါ်၌ စတင်လျှောက်စေနိုင်ပါလိမ့်မည်။ သို့သော် ယင်းတို့သည် သူငယ်တန်းအဆင့်ရှိသောသူ လူပေါင်းများစွာကို ကောလိပ်သို့ ချက်ချင်းပို့မပေးနိုင်ချေ။ အားလုံးသော လူများသည် မှန်ကန်သောလွတ်မြောက်စိတ်၏ အနှစ်သာရဖြစ်သော သတ္တဝါအားလုံးအပေါ်၌ ထားအပ်သော ထိုမေတ္တာတရားကို တစ်ဘဝတည်း၌ ရနိုင်လောက်အောင် နာမ်တရားအနေဖြင့် ပြည့်စုံစွာ မတိုးတက်ကြသေးချေ။ ထို့ကြောင့် ကံတရား၏ ကြွေးမြီမှလွတ်မြောက်မှုကိုလည်း မရနိုင်ကြသေးချေ။

အဆစ်ရောင်ရောဂါရှင် လူနာတစ်ယောက်၏ ဖြစ်ရပ်၌ အချက်အလက်ရရာဖြစ်သော မသိစိတ်သည် ယင်းလူငယ်အတွက် ဤအချက်မဖြစ်နိုင်ပုံကို သိရှိဟန်တူပေသည်။ ထို့ကြောင့် သက်ရှိ သဘာဝ၏ အဖြစ်နိုင်ဆုံးသော သဘောကိုသိနားလည်ခြင်းဖြင့် ဝေဒနာရှင်ကို မှားယွင်းသောမျှော်လင့်ချက်ပေး၍ လမ်းမှားသို့



www.burmeseclassic.com

www.burmeseclassic.com



ပို့ရန် အလိုမရှိသောဆရာဝန်၏ ရိုးသားဖြောင့်မတ်ခြင်းမျိုးဖြင့် ကေစီက....။

"ဤဝေဒနာရှင်သည် သက်သာရာရကောင်းရနိုင်ပါလိမ့်မည်။ သို့သော်လည်း လုံးဝပျောက်ကင်းနိုင်မည် မဟုတ်ပေ" ဟု ရှင်းပြလေသည်။

သို့စေကာမူ သူသည် ထိုရောဂါဝေဒနာ လက်မလွှတ်လိုက်ပေ။ ဤဖြစ်ရပ်နှင့် အခြားအလားတူဖြစ်ရပ်တို့၌ ကေစီသည် ကုသပျောက်ကင်းမှုဖြစ်နိုင်ဖွယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဝေဒနာရှင်အား သူ၏ ဒုက္ခကိုအောင်နိုင်ရေးအတွက် တက်တက်ကြွကြွ ကြိုးစားရန်၊ လမ်းညွှန်နိုင်လောက်အောင် ရပ်သဘောရှိသောကုထုံးများကို ဆက်လက်ညွှန်ကြားပေးလေသည်။

စိတ်ရှည်ခြင်း၊ မဖြစ်မနေစိတ်ရှိခြင်း၊ ခံနိုင်ရည်ရှိခြင်းနှင့် နှိမ့်ချသောစိတ်ထား သို့မဟုတ် စိတ်ကောင်းစိတ်မြတ်၏ မည်သည့်အရည်အသွေးကမဆို ကံတရား၏ ကြွေးဖြစ်သော စာရိတ္တပြည့်စုံရေးအတွက် အနည်းဆုံးသွယ်ဝိုက်သောနည်းဖြင့်ပင် ဖြစ်စေ၊ အထောက်အကူပြုသည်သာ ဖြစ်လေသည်။

ကုသမှု၏ အရေးကြီးသော အခြားအချက်တစ်ချက်မှာ ဤသို့ဖြစ်၏။ ဟောစာတမ်းများသည် ဝေဒနာရှင်တို့၏ ရောဂါဝေဒနာအတိုးအဆုတ် အခြေအနေအလိုက် သူတို့ကို အကြံဉာဏ်ပေးရန်လိုအပ်ကြောင်း အမြဲတစေသိရှိ၏။ ဟောစာတမ်းများသည် ဤကဲ့သို့သော စိတ်ဓာတ်ဆိုင်ရာ ကုသနည်းများကို သဘော



www.burmeseclassic.com

www.burmeseclassic.com



မပေါက်သောဝေဒနာရှင်များအားဖြစ်စေ၊ စိတ်ဓာတ်ဆိုင်ရာကုသနည်းများကို မညွှန်ကြားပေ။

ကေစီ၏ ကာယဟောစာတမ်းများစွာကို နှိုင်းယှဉ်လေ့လာသောအခါ အချက်အလက်ရရာဖြစ်သော မသိစိတ်သည် ဟောစာတမ်းလာရောက် တောင်းခံသောပုဂ္ဂိုလ်အသီးသီး၏ ယုံကြည်မှု အကန့်အသတ်ရှိပုံကို သွယ်ဝိုက်သောအားဖြင့် ဝန်ခံထားကြောင်းတွေ့ရပေသည်။

များစွာသောဖြစ်ရပ်များ၌ အချို့သောဝေဒနာရှင်များ၏ ရောဂါများသည် စိတ်ဓာတ်ရေးရာ ကုသမှုညွှန်ကြားချက်သက်သက်ဖြင့် ပျောက်ကင်းနိုင်ကြောင်း ဟောစာတမ်းများက ယုံကြည်ဟန်တူပေသည်။ ဤသည်မှာ ညွှန်ကြားချက်၏ အံ့သြလောက်သော စွမ်းပကားနှင့် မသိစိတ်၏ လိုက်နာမှုဖြစ်ပေသည်။ ရောဂါဝေဒနာတူသော အခြားဖြစ်ရပ်များ၌မူ ဝေဒနာရှင်ကို ဤနည်းဖြင့် ပျောက်ကင်းစေနိုင်ဟန် မတူပေ။ အဘယ်ကြောင့်ဆိုသော် ဝေဒနာရှင်၏ အသိဉာဏ်နည်းမှုကြောင့်သော်လည်းကောင်း မယုံကြည်မှုကြောင့်သော်လည်းကောင်း၊ ရုပ်ဝါဒအစွဲသန်မှုကြောင့်သော်လည်းကောင်းဖြစ်ဟန် လက္ခဏာရှိ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအတွက် တိကျသော ရုပ်ပိုင်းဆိုင်ရာကုသမှုများကို ထောက်ခံပေးခြင်းသည်သာလျှင် ပို၍အဆင်ပြေကြောင်း ဟောစာတမ်းက ဖော်ပြထားလေသည်။

ဤနေရာ၌ ဟိန္ဒူယောဂီကြီးတစ်ဦးတွင် စိတ်အားထက်သန်လှသော တပည့်ယောဂီယ်တစ်ဦးအကြောင်းကို မှတ်သား



www.burmeseclassic.com

www.burmeseclassic.com



ထားသင့်ပေသည်။

ထိုတပည့်ယောဂီလေးသည် တန်ခိုးဣဒ္ဓိပါဒ်များ ရစေနိုင်သည့် အခြေခံကျင့်စဉ်များကို ဆရာထံမှသင်ယူပြီးနောက် ဆိတ်ငြိမ်ရာတစ်နေရာသို့သွား၍ အားထုတ်လေသည်။ဆယ်နှစ်ကြာမျှအားထုတ်ပြီး၍ ဆရာ့ထံသို့ပြန်လာသောအခါ ဆရာယောဂီကြီးက....။

"ဆယ်နှစ်ပတ်လုံး သင်ဘာတွေလုပ်ခဲ့သနည်း" ဟု မေးလေ၏။ တပည့်က....

"ရေပေါ်၌ လမ်းလျှောက်နိုင်ရန် ကျွန်ုပ်၏စိတ်ကိုမည်သို့ ထိန်းချုပ်ရမည်ကို လေ့လာနေခဲ့ပါသည်" ဟုဖြေကြားသည်ကို ကြားရသောအခါ ဆရာယောဂီကြီးက...

"ငါ့တပည့်နယ် မင့်အချိန်တွေပြုန်းသွားတာ ဆရာနမြော ကိုက်လေကွယ်၊ ငွေစကလေးနှစ်ပဲ ပေးရုံနဲ့ ကူးတို့သမားက မင်းကို ဟိုဘက်ကမ်းရောက်အောင် အသာကလေးပို့ပေးနိုင်တယ် ဆိုတာများ မင်းမသိလေရော့သလား" ဟု စိတ်ပျက်ဝမ်းနည်းစွာ ပြောလိုက်လေသည်။

စိတ်တန်ခိုးစွမ်းအားများရရှိရေးအတွက် နှစ်ပေါင်းများစွာ လာအားထုတ်နေသော လူမျိုးတစ်မျိုးက ပြောပြသော အဆိုပါ ပုံပြင်၌ ရောဂါကုသရေးတွင် ရုပ်ပိုင်းဆိုင်ရာကုထုံး ကုနည်း လုံးကို လက်မခံသောလူများ ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစား

www.burmeseclassic.com



ဆင်ခြင်သင့်သော နေ့စဉ်လုပ်ငန်းကိစ္စများ၌ ပိုင်းခြားဝေဖန်သိမြင်တတ်သည့် အသိဉာဏ်အား ပါဝင်ပေသည်။

ပို၍သေချာအောင်ပြောရလျှင် စိတ်ပိုင်းဆိုင်ရာ ကုသမှုသက်သက်မျှဖြင့် ရောဂါပျောက်ကင်းစေရန် ကြိုးစားအားထုတ်မှုမှာ ချီးမွမ်းဖွယ်ဖြစ်သည်သာမက ခွန်အားကိုလည်းဖြစ်ပေါ်စေပါသည်။ စိတ်သည်များစွာသော ရောဂါဝေဒနာတို့၏ အခြေခံအကြောင်းအရင်းဖြစ်သည့်နည်းတူ ရောဂါဝေဒနာတို့ပျောက်ကင်းရေးအတွက် အခြေခံအကြောင်းအရင်းလည်းဖြစ်သည်ဟု လူအများနားလည်သဘောပေါက်စေရေး၌ လွန်စွာအထောက်အကူဖြစ်လှပေသည်။

သို့ရာတွင်အခြေအနေတစ်ရပ်သည် နာမ်တရား၌ အခြေခံသည့်အချိန်အခါရှိသကဲ့သို့ မည်သည့်အပေါ်၌ အခြေခံသည်ဖြစ်စေ၊ စိတ်ကိုကုခြင်းထက် ရုပ်ကိုကုသခြင်းသာလျှင် အကျိုးပြီးစီးနိုင်သော အချိန်အခါများလည်း ရှိပါသည်။

ဤအချက်ကို ကိုယ်စိတ်နှစ်ပါးကုံ ဆေးပညာက အသိအမှတ်ပြုသကဲ့သို့ ပရမတ္ထသဘာဝလေ့လာရေးပညာကလည်း အသိအမှတ်ပြုရန်မှာ အရေးကြီးပေသည်။

ကေစီကုသနည်း အတွေးအမြင်၏ အဓိပ္ပါယ်ရှိသော အခြားအချက်မှာ ဤကဲ့သို့ဖြစ်၏။ ဟောစာတမ်းများက ကုထုံးတစ်ခုသည် အခြားကုထုံးတစ်ခုထက်ပို၍ ဘာသာရေးဆန်သည်ဟု မယူဆပေ။ ကုထုံးအားလုံး၌ ရောဂါပျောက်ကင်းစေနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အခြေခံအင်အားရှိကြသည်ချည်းဖြစ်ကြောင်း မှတ်ယူလေသည်။

မခံသာအောင် ကျောအအောင့်ဝေဒနာကို ခံစားနေရသော အမျိုးသမီးကြီးတစ်ယောက်သည် ရုပ်ခန္ဓာဆိုင်ရာပြုပြင်မှုကို လုပ်သင့်သလား သို့မဟုတ် ညီညွတ်ရေးဂိုဏ်း (Unity) ၏ စိတ်ဓာတ်ဆိုင်ရာကုသမှုကို အားကိုးသင့်သလားဟု ကေစီအား စုံစမ်းမေးမြန်းသည်။ ယောစာတမ်းက သူ့၏အမေးကို အောက်ပါအတိုင်း ဖြေလိုက်၏။

“ဤရောဂါသည် စိတ်ပိုင်းဆိုင်ရာကုသမှုဖြင့် လုံးဝပျောက်လုနီးပါး ပျောက်ကင်းနိုင်၏။ သို့သော် အခြေအနေကို အရှိအတိုင်း ရင်ဆိုင်ရပါမည်။ ပို၍ နာလာလျှင် ရုပ်ခန္ဓာလိုအင်နှင့် ကိုက်ညီသောကုသမှု (သို့မဟုတ်) ပြုပြင်မှုကိုပြုလုပ်ပါ။အမှန်တကယ်ခြားနားမှုကား မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကုသမှုနှစ်မျိုးစလုံး၏ ကောင်းခြင်းဂုဏ်သည် တစ်ခုတည်းသော အခြေခံအမြစ်အရင်းမှလာသောကြောင့်ဖြစ်သည်။ ကုသမှုနှစ်မျိုးလုံးတို့သည် အချို့ယုံကြည်ယူမှတ်သကဲ့သို့ အချင်းချင်း မဆန့်ကျင်ပါ”

“ဘုရားသခင်သည် လူအားလုံးကို အတူတူကုသခဲ့သလား တစ်ချို့ကို စက်ယန္တရားဆန်ဆန် ကုသခဲ့သလား။အခြားသူများကို ထပ်ဆင့်စကား ကမ်းလှမ်းဖို့ရာ ပြောကြားခဲ့သလား။ အခြားသူများအတွက် ကိုယ်တိုင်ပြောစကားကို အသုံးပြုခဲ့သလား။ သင်၏ ဘုရားသခင်သည် တစ်ဦးတည်းသာဖြစ်သည်ဟူသော ဤအခြေခံမှုကို မှတ်ထားပါ”

www.burmeseclassic.com

www.burmeseclassic.com



"စိတ်လောက၊ရုပ်လောက၊ဝိညာဉ်လောကတိုင်း၌ ထိုတစ်ဦးတည်း၌ ထပ်တူဖြစ်အောင်ညှိပေးရသည်။တစ်ခုစီ တစ်ခုစီ၌ ယင်း၏ဂုဏ်အရည်အသွေးနှင့်ကန့်သတ်ချက်အသီးသီးရှိကြ၏။ တစ်ဦးတည်းသော သူ၌သာလျှင် ပြည့်စုံသော တစ်ထပ်တည်းတူညီမှု ရှိပေသည်"

ပစ်စဗတ်မြို့ (Pittsburgh) မှ ဆယ်နှစ်လုံးလုံး အဆစ်ရောင်ရောဂါ စွဲကပ်နေခဲ့သော သတင်းစာဆရာတစ်ယောက်သည် ရုပ်ကိုကုသရေးထက် စိတ်ကိုကုသရေးဘက်သို့ တိမ်းညွတ်နေခဲ့၏။ ထိုသူကို သွေးလှည့်ပတ်မှု သွက်လက်လာစေရန် ရေကုထုံး (Hydrotherapy Treat ments)နှင့် ခရမ်းလွန်ရောင်ခြည်ကုထုံး (Ultraviolet Ray Treatment )တို့ကို စမ်းသပ်ကြည့်ရန် ညွှန်ကြားလိုက်လေသည်။

"အားလုံးသောပျောက်ကင်းမှုများကို သင်၏ကိုယ်တွင်းသန္တာန်၌ပင် ပြီးမြောက်စေနိုင်၏။ ပျောက်ကင်းမှုအားလုံးသည် တန်ခိုးရှင်ထံမှ လာခြင်းဖြစ်၏။ သင်၏ရောဂါကို ဘယ်သူကုသသလဲ၊ စကြဝဠာတစ်ခုလုံး၏ အရင်းအမြစ်က ကုသသည်။

"အားလုံးသောကုထုံးများရှိရာ အရင်းအမြစ်အမျိုးမျိုးသည် တစ်ခုတည်းသော အရင်းအမြစ်မှလာခြင်းဖြစ်သည်။ ကုထုံးကို အသုံးပြုခြင်းသည် ခန္ဓာကိုယ်ရှိ ပရာမာဏုမြူကလေးများကို နှိုးဆွပေးရန်သာ ဖြစ်၏။ ဆဲလ်တိုင်းသည် ခန္ဓာကိုယ်တွင်းရှိ စကြဝဠာကလေးတစ်ခုဖြစ်၏"

www.burmeseclassic.com

www.burmeseclassic.com



"ခန္ဓာကိုယ်၌ အကျိုးသက်ရောက်သောအရှိန်အဝါသည် ဆေးဝါးမှလာသည်ဖြစ်စေ၊ ရုပ်ကုထုံးကိုအသုံးပြုမှုမှ လာသည်ဖြစ်စေ၊ ရေကုထုံးမှ လာသည်ဖြစ်စေ၊ အခြားမည်သည့်အရာမှပင်လာလာ ထိုအရှိန်အဝါတို့သည် အသက်ဓာတ်တည်းဟူသော တစ်ခုတည်းသော အရင်းအမြစ်မှ လာခြင်းဖြစ်ပေသည်"

ကေစီ၏ရောဂါပျောက်ကင်းရေး အတွေးအခေါ်ပညာနှင့် ပတ်သက်၍ အခြားအချက်တစ်ခုကိုလည်း ဤနေရာမှ ဖော်ပြရပေဦးမည်။ အကျိုးကိုဖြစ်ပေါ်စေသော အားလုံးသောအကြောင်းအရင်းများသည် အဆုံးစွန်ပြည့်စုံသော အနက်အဓိပ္ပါယ်အနေဖြင့် စိတ်တွင်း၌ ရှိကြ၏။ သို့သော်လည်း ကျွန်ုပ်တို့ အသက်ရှင်တည်နေကြသော လောကမှာ ရုပ်သဘာဝတွင် ဤမျှနစ်မြုပ်နေသော လောကများစွာသော သတ္တဝါတို့နှင့် ဤမျှဆက်စပ်ပတ်သက်နေသော လောက၊ ကျွန်ုပ်တို့ပြုမူဆောင်ရွက်နိုင်ကြ၍ အမျိုးမျိုးသောအကြောင်းတရားတို့၏ အကျိုးသက်ရောက်မှုကို ခံကြရသော လုပ်ငန်းဆောင်တာအမျိုးမျိုးနှင့် ဆက်စပ်ပတ်သက်နေသော လောကကြီးဖြစ်ပေသည်။

အကယ်၍သာ ကျွန်ုပ်တို့၏ ဘဝ၌အသေးစိတ်အဖြစ်အပျက်ကလေးများအထိ ကျွန်ုပ်တို့၌ ဖြစ်သမျှကို စိတ်အကြောင်းခံသည်ဟု အတင်းအကျပ်ယူဆကြပါမူ ကျွန်ုပ်တို့သည် ဖော်ပြပါကဲ့သို့သော ကောက်ချက်ကိုမလွဲမရှောင်သာ ချရပေလိမ့်မည်။ သေချာစွာဆိုရပါမူ ဤရှင်းပြချက်သည် မည်မျှပင်အတွေးခေါင်သည့် လက္ခဏာရှိစေကာမူ အမှန်ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေစီဟောစာတမ်းများ၏ သက်သေခံချက်အရ ဤလောကကြီး၌ မမြင်ရသောအားများနှင့် ဆွဲဆောင်မှုလမ်းကြောင်းများမှ များစွာသော အကြောင်းတရားတို့ဖြစ်ပွား ပေါ်ပေါက်လာတတ်သည်ဖြစ်ရာ ယင်းသို့ကမ္ဘာလောကကြီး၌ ဤကဲ့သို့သော ဖြစ်နိုင်သည့်သဘောကို ငြင်းပယ်သင့်သည်ဟု ကျွန်ုပ်တို့ မထင်မှတ်နိုင်ပေ။

ထို့ကြောင့်ကေစီသည် ရုပ်သက်သက်အခြေအနေအတွက် ရုပ်သက်သက်ကုထုံးများကိုလည်းကောင်း၊ အဆိပ်အတွက် အဆိပ်ဖြေဆေးကိုလည်းကောင်း၊ သွေးစုခဲသောရောဂါအတွက် အပူပေးခြင်းကိုလည်းကောင်း ရာသီဥတုအပြောင်းအလဲ လိုအပ်သူအား နေရာဒေသ ပြောင်းရွှေ့နေထိုင်ရန်ကိုလည်းကောင်း မကြာခဏ ညွှန်ကြားခဲ့ပေသည်။

ကေစီဟောစာတမ်းပါ ရုပ်ပိုင်းဆိုင်ရာကုထုံးများသည် အကြောင်းအရင်းကို မစဉ်းစားနှင့်ဦးတော့ လွန်စွာစိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ ကံတရားအကြောင်းခံသော ရောဂါများအတွက် ကုထုံးများနှင့် ကံတရားအကြောင်းခံသည်ဟု ဖော်ပြထားသော ရောဂါများအတွက် ကုထုံးများကို သီးခြားလေ့လာရပေမည်။

သမားတော်တစ်ယောက်အနေဖြင့် အချက်အလက်ကို အခြေခံအရင်းအမြစ်သည် ကုထုံးရွေးချယ်ရာ၌ အကောင်းဆုံးဆရာဖြစ်ပေသည်။ ဟောစာတမ်းများ၌ ထောက်ထားသော ကုထုံးများတွင် ဓာတ်စာ၊လေ့ကျင့်ခန်း၊ဆေးဝါး၊ရိုက်တာမင်၊ခွဲစိတ်

www.burmeseclassic.com


ခြင်း၊သစ်ပင်သစ်ရွက်၊နှိပ်ခြင်း၊အရိုးဆုပ်နယ်ကုသခြင်း၊ရေဖြင့် ကုသခြင်း၊လျှပ်စစ်ဓာတ်ဖြင့် ကုသခြင်းများအပြင် ရေဒီယိုအက်တစ် ကုသနည်း (Radio Active) နှင့် ဝက်(တ်)ဆဲလ် (Wet-cell) ကုသနည်းများ ပါဝင်လေသည်။

ဤနောက်ဆုံးကုထုံး နှစ်ခုသည် ဟောစာတမ်းများက ထွင်လိုက်သော ကုထုံးများဖြစ်ပါသည်။ ယင်းကုထုံးများအတွက် အညွှန်းများ မတောင်းပါပဲလျက် ဟောစာတမ်းများက ဖော်ပြထားခြင်းဖြစ်၍ နောင်အခါတွင် တစ်ရာမကသော ရောဂါဝေဒနာများအတွက် ထိုရေကုထုံးနည်းများကို အသုံးပြုရန် ထောက်ခံထားပေးသည်။

BURMESE CLASSIC

အရိုးဆုပ်နယ်ကုသမှု၏ ကာကွယ်ရေး၊ကုသရေး နှစ်မျိုးလုံးအတွက် တန်ဖိုးရှိပုံကို အဆက်မပြတ်အလေးပေးဖော်ပြထားလေသည်။ ထိုကုသနည်းဖြင့် ကလေးသူငယ်နာမျက်ဆန်မဲ ရောဂါမှစ၍ ကလေးမီးဖွားရာတွင် သက်သက်သာသာ ဖွားနိုင်ပုံအထိ လွန်စွာအံ့ဩလောက်သော အကျိုးများရရှိပုံကို သတင်းပို့ကြလေသည်။

ထိုကုထုံးများနှင့် အခြေခံကျသည့် များစွာသော အခြားကုထုံးများသည် ကေစီဟောစာတမ်းများမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ဆေးသိပ္ပံက လက်လွှတ်ထားရသော ရောဂါများအတွက် ထိုကုထုံးများ၏ အကျိုးသက်ရောက်ပုံနှင့် သက်သေသာဓကများကို စစ်ဆေး၍ ထုတ်ဖော်တင်ပြရေးလုပ်ငန်းနှင့် ရောဂါဝေဒနာ အမျိုးမျိုးအတွက် ပဓာနကုထုံးအချက်အလက်


www.burmeseclassic.com

www.burmeseclassic.com

များ၊ ထုတ်နုတ်ရေးလုပ်ငန်းများက ဆေးပညာဘက်၌ ကျွမ်းကျင်၍ အရည်အသွေးပြည့်သော စုံစမ်းစစ်ဆေးရေး ပညာရှင်တစ်ဦး၏ လုံ့လဝီရိယကို စောင့်မျှော်လျက်ရှိပေသည်။

သို့တစေ ယခုအထိစုံစမ်းလေ့လာခဲ့သမျှသော အချက်အလက်များသည် လူသား၏ပေါင်းစည်းရေး သိပ္ပံပညာသည်ကြီးဖြစ်သော ကုသရေးအတွေးအခေါ်သစ်ကြီးတစ်ရပ်၏ ပုံသဏ္ဍာန်ကို အကြမ်းဖျင်း ဖော်ပြရုံမျှသာရှိသည်။ လူသည် ခန္ဓာကိုယ် စိတ်နှင့် ဝိညာဉ်တည်းဟူသော အခြေခံသဘောသုံးရပ်ကို ပေါင်းစည်းထားသောအရာ တစ်ခုဖြစ်၏။

လူသား၏ ဤသုံးပွင့်ဆိုင် သဘောတရားသည် ဘုရားသခင်ထံမှ ရရှိလာခြင်းဖြစ်၍ ရာစုနှစ်ပေါင်းများစွာ ကာလပတ်လုံး ပြောင်းလဲတိုးတက်လာသော လူသား၏ ဆေးပညာ၊စိတ်ပညာနှင့် ဘာသာတရားတည်းဟူသော ပညာဘဏ်တိုက်ကြီးသုံးခု၌ ပြန်၍ ထင်ဟပ်လာကြ၏။

ထိုပညာဂိုဏ်းခွဲ သုံးခုသည် သီးခြားစီဖြစ်၍ မကြာခဏ ပဋိပက္ခဖြစ်ရသော လမ်းသုံးသွယ်သို့လိုက်ကြ၏။ သို့ရာတွင် တစ်သီးတစ်ခြားစီဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ရခြင်းမှာ လူသား၏ သူ့အကြောင်းမှန်ကိုယ်သိသော မောဟတရားကြောင့်ဖြစ်ပါသည်။ အစစ်အမှန်အားဖြင့် ဆရာဝန်၊စိတ်ပညာရှင်နှင့် ဘုန်းတော်ကြီးများသည် တစ်ခုတည်းသော စာတ်ခွဲခန်းစားပွဲကြီး၌ ထိုင်နေကြသော လုပ်သားသုံးယောက်ဖြစ်သလို ပျော့ပျောင်းသော တစ်ခုတည်း


www.burmeseclassic.com

www.burmeseclassic.com



သော ရွှံ့တုံးကို ပုံသွင်းနေကြသော ပုဂ္ဂိုလ်များလည်း ဖြစ်ဝါသတည်း။

✡✡✡✡✡✡

(အောင်ခင်မြိုး)



www.burmeseclassic.com